# ဗျာဒိတ်ကျမ်း

သင်ခန်းစာ သုံး

ရှင်ဘုရင်နှင့် သူ၏နိုင်ငံတော်

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီ၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ..... 1

ရှင်ဘုရင်ဖြစ်ခြင်း ..... 2

**ဘုရားသခင်၏ရှင်ဘုရင်ဖြစ်ခြင်း ..... 2**

**ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်း ..... 10**

ကရုဏာတော် ..... 13

**ဓမ္မဟောင်းကျမ်း ..... 16**

**ဓမ္မသစ် ..... 20**

ခရစ်တော်၏အောင်မြင်မှု ..... 20

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး ..... 21

**ဗျာဒိတ်ကျမ်း ..... 24**

သစ္စာစောင့်သိခြင်း ..... 28

**ခွဲလုံ့လရှိခြင်း ..... 29**

**ဝတ်ပြုကိုးကွယ်ခြင်း ..... 35**

အတိတ်၌ရွေးနှုတ်ခြင်း ..... 37

ပစ္စုပ္ပန်ဂုဏ်အသရေ ..... 38

အနာဂတ်ကောင်းချီးမင်္ဂလာများ ..... 42

အကျိုးဆက်များ ..... 45

**နောက်ဆုံးကျိန်ခြင်းများ ..... 46**

**နောက်ဆုံးကောင်းချီးမင်္ဂလာများ ..... 49**

အသစ်ပြန်လည်ပြုပြင်မွမ်းမံခြင်း ..... 50

ကမ္ဘာလုံးဆိုင်ရာဗိမာန်တော် ..... 54

အဆုံးမရှိသော အုပ်စိုးမှု ..... 56

နိဂုံး ..... 57

# နိဒါန်း

ယေရှုသည် ဖမ်းဆီးခံရပြီးနောက်၊ သူ့အားပုန္တိပိလတ်မင်းထံဆောင်ခဲ့၍၊ ပိလတ်မင်းသည် ကိုယ်တော်အား ယုဒရှင်ဘုရင်မှန်သလောဟု မေးမြန်းခဲ့သည်။ ယေရှုသည် ထိုမေးခွန်းကို တိုက်ရိုက်မဖြေပါ။ ယင်းအစား "ငါ၏နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။...ငါ၏နိုင်ငံသည် ဤဒေသအရပ်နှင့်မစပ်ဆိုင်"ဟုမိန့်တော်မူသည်။ ပိလတ်မင်းသည် ကဲသာဘုရင်ကိုသိပြီး သူ၏နန်းတော်ကို မြင်ခဲ့ဖူးသည်။ ဘုရင်တစ်ပါးသည် မည်သို့မည်ပုံဖြစ်သင့်သည်ဟူသော တိကျသေချာသော အယူအဆတစ်ခုသူ၌ရှိသည်။ ရှေ့၌ရပ်နေသော ဤသူသည် ရှင်ဘုရင်နှင့်တူညီမှုမရှိပါ။ ယေရှု၏စကားများသည် သူ့အတွက် မယုံနိုင်စရာမည်မျှဖြစ်မည်ကို မြင်ယောင်ကြည့်ပါ။

ယနေ့ယုံကြည်သူများပင် ယေရှုသည် အမှန်တကယ် ရှင်ဘုရင်ဟုတ်မဟုတ် မေးခွန်းထုတ်ရန်သွေးဆောင်ခံရနိုင်ပါသည်။ နောက်ဆုံး ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကိုကြည့်လျှင်၊ ဤကမ္ဘာတစ်ဝှမ်းလုံးတွင် ဘုရားသခင်၏အုပ်စိုးခြင်းအား ဆန့်ကျင်မှုကို လွယ်ကူစွာမြင်တွေ့နိုင်သည်။ သို့သော် ပိလတ်မင်း၏မေးခွန်းအတွက် ယေရှု၏အဖြေသည် အမှန်တကယ်အားဖြင့် ဗျာဒိတ်ကျမ်း၏အထင်ရှားဆုံး အကြောင်းအရာတစ်ခုဖြစ်သည်။ ယေရှုသည် ရှင်ဘုရင်အဖြစ် စိုးစံသော်လည်း၊ ကိုယ်တော်၏နိုင်ငံတော်သည် ဤလောကတွင် မဟုတ်ပါ။ ဗျာဒိတ်ကျမ်းက ကျွန်ုပ်တို့အား ကိုယ်တော်၏နိုင်ငံတော်သည် ရောက်လာမည်ဟူသော မျှော်လင့်ချက်ကိုပေးပါသည်။ ကျွန်ုပ်တို့သည် ၎င်းကိုယခု တစ်စိတ်တစ်ပိုင်းအားဖြင့် တွေ့ကြုံခံစားနိုင်သော်လည်း၊ ခရစ်တော်ကြွလာသောအခါတွင် ၎င်းကို အပြည့်အဝ ခံစားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလောက၌နောက်ဆုံးအောင်မြင်မှုသည် ခရစ်တော်နှင့်သက်ဆိုင်သောကြောင့်၊ ယောဟန်သည် ကျွန်ုပ်တို့အား ကိုယ်တော်ကိုချစ်ရန်နှင့် ကိုယ်တော်ပြန်လာသည့်တိုင်အောင်သစ္စာရှိရန်ပြောသည်။

ဤသည်မှာ ဗျာဒိတ်ကျမ်း၏အခန်းဆက်သင်ခန်းစာတွင် တတိယသင်ခန်းစာဖြစ်ပြီး၊ ၎င်းကို "ရှင်ဘုရင်နှင့် သူ၏နိုင်ငံတော်" ဟုခေါင်းစဉ်တပ်ထားပါသည်။ ဤသင်ခန်းစာသည် ဗျာဒိတ်ကျမ်းတစ်ခုလုံးတွင် ဘုရားသခင့်နိုင်ငံတော်၏အဓိကအကြောင်းအရာသည် မည်သို့လုပ်ဆောင်ကြောင်းနှင့် ၎င်း၏အမျိုးမျိုးသောသွန်သင်ချက်အားလုံးကို စုစည်းဖော်ပြပါမည်။

အစောပိုင်းသင်ခန်းစာတစ်ခုတွင်၊ အထူးသဖြင့် ဧကရာဇ်မင်းများ သို့မဟုတ် အုပ်စိုးသူများနှင့် ၎င်းတို့ကို လက်အောက်ခံသည့်တိုင်းပြည်များကြား ရှေးခေတ်အပြည်ပြည်ဆိုင်ရာစာချုပ်များချုပ်ဆိုပုံနှင့်ဆင်တူသည့်နည်းလမ်းများဖြင့် ဘုရားသခင်သည် သူ၏နိုင်ငံတော်အား အုပ်ချုပ်သည်ဟု ကျွန်ုပ်တို့ပြောခဲ့သည်။ ကိုယ်တော်၏လူမျိုးတော်နှင့် ဘုရားသခင်၏ဆက်ဆံရေးတွင် ဤတူညီသောစာချုပ်များ သို့မဟုတ် ပဋိညာဉ်များ၏အင်္ဂါရပ်သုံးရပ်ဖြစ်သည့်_လက်အောက်ခံအပေါ် အုပ်စိုးသူ၏ကရုဏာတော်သည် မိမိ၏လူများအပေါ် ဘုရားသခင်၏ကရုဏာတော်နှင့်တူညီသည်။ လက်အောက်ခံအပေါ် အုပ်စိုးသူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၏သစ္စာစောင့်သိမှု သို့မဟုတ် နာခံမှုကိုတောင်းဆိုခြင်းသည် မိမိ၏လူများအပေါ် ဘုရားသခင်၏သစ္စာစောင့်သိရန် တောင်းဆိုချက်နှင့်တူညီသည်။ လက်အောက်ခံ၏သစ္စာစောင့်သိခြင်း သို့မဟုတ် သစ္စာမဲ့ခြင်းမှ ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် ဘုရားသခင်သည် မိမိအပေါ် သစ္စာရှိသောသူတို့အား ကောင်းချီးမင်္ဂလာများပေးခြင်း၊ သစ္စာမဲ့သူများကိုကျိန်ခြင်းနှင့် တူညီကြောင်းကို မီးမောင်းထိုးပြသည်။ ဤပဋိညာဉ်အင်္ဂါရပ်သုံးခုစလုံးအား ဗျာဒိတ်ကျမ်းတစ်လျှောက် ထင်ရှားစွာတွေ့ရသည်။

"ရှင်ဘုရင်နှင့်သူ၏နိုင်ငံတော်"ဆိုင်ရာဤသင်ခန်းစာကို ရှေးပဋိညာဉ်များ၏အခြေခံပုံစံများနှင့် အကြမ်းအားဖြင့်လေးပိုင်းခွဲထားသည်။ ရှေးဦးစွာ၊ ဘုရားသခင်၏ရှင်ဘုရင်ဖြစ်ခြင်းအကြောင်းကို အုပ်စိုးသူ သို့မဟုတ် ဧကရာဇ်မင်းအဖြစ်လည်းကောင်း၊ ယေရှု၏ရှင်ဘုရင်ဖြစ်ခြင်းအကြောင်းကို ဘုရားသခင်၏လက်အောက်ခံဘုရင်အဖြစ်လည်းကောင်း သုံးသပ်ပါမည်။ ဒုတိယ၊ ဗျာဒိတ်ကျမ်းသည် မိမိ၏ပဋိညာဉ်လူတို့အပေါ် ဘုရားသခင်၏ကရုဏာတော်အားဖော်ပြပုံကို ကျွန်ုပ်တို့ ရှာဖွေပါမည်။ တတိယ၊ ဘုရားသခင်သည် မိမိလူတို့ထံမှ သစ္စာစောင့်သိရန်တောင်းဆိုမှုကို ကြည့်ပါမည်။ စတုတ္ထ၊ ဘုရားသခင်အပေါ် သစ္စာစောင့်သိမှုနှင့် သစ္စာမဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ကျွန်ုပ်တို့ ကြည့်ပါမည်။ ဘုရားသခင်၏ရှင်ဘုရင်ဖြစ်ခြင်းနှင့်ပတ်သက်၍ အုပ်စိုးရှင်အဖြစ်လည်းကောင်း၊ ယေရှုကို ကိုယ်တော်၏လက်အောက်ခံအဖြစ်လည်းကောင်းဖော်ပြသည်ကို စတင်လေ့လာကြပါမည်။

# ရှင်ဘုရင်ဖြစ်ခြင်း

---

ဘုရားသခင်နှင့်ယေရှု၏ ရှင်ဘုရင်ဖြစ်ခြင်းဆိုင်ရာ ကျွန်ုပ်တို့၏ဆွေးနွေးမှုသည် ကိစ္စရပ်နှစ်ခုကို အာရုံစိုက်ပါမည်။ ဦးစွာ၊ ဘုရားသခင်၏ရှင်ဘုရင်ဖြစ်ခြင်းကို ဖန်ဆင်းခြင်းအားလုံးအပေါ် အုပ်စိုးသူအဖြစ်သုံးသပ်ပါမည်။ ဒုတိယ၊ ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းကို ဘုရားသခင်၏လက်အောက်ခံ သို့မဟုတ် အစေခံဘုရင်အဖြစ် ဖော်ပြပါမည်။ ဘုရားသခင်၏ရှင်ဘုရင်ဖြစ်ခြင်းကို ကြည့်ခြင်းအားဖြင့် စတင်ကြပါစို့။

## ဘုရားသခင်၏ရှင်ဘုရင်ဖြစ်ခြင်း

ဆာလံ ၁၀၃:၁၉ ကဲ့သို့သော သမ္မာကျမ်းစာ၏အစိတ်အပိုင်းများစွာတွင်၊ ဘုရားသခင်အား အလုံးစုံတတ်နိုင်သောရှင်ဘုရင်နှင့် ဖန်ဆင်းခြင်းအားလုံးကိုအုပ်စိုးသူအဖြစ် ဖော်ပြထားသည်။ သူဖန်ဆင်းထားသည့်အရာအားလုံးကို အုပ်စိုးနိုင်သည့် တန်ခိုးနှင့်အခွင့်အာဏာ သူ၌အပြည့်ရှိသည်။ စကြဝဠာနှင့် ၎င်း၏ဖန်ဆင်းခံများအားလုံးကို အုပ်ချုပ်ခြင်းဖြင့် ထိုတန်ခိုးနှင့် အခွင့်အာဏာကို ကျင့်သုံးသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သောကြောင့် ဖန်ဆင်းခြင်းအားလုံးကို အုပ်စိုးပိုင်ခွင့်ရှိသည်။ ၎င်းကို သူဖန်ဆင်းထားသည်။ ၎င်းသည် သူနှင့်သက်ဆိုင်သည်၊ သူ့ထံ၌အုပ်စိုးပိုင်ခွင့်ရှိသည်။ ဆာလံကျမ်း ၂၄:၁-၂ တွင် ဤအရာသည် အမှန်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်_ "ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကိုင်၎်း၊ လောကဓာတ်နှင့်လောကသားတို့ကိုင်၎်း၊ ပိုင်တော်မူ၏။ အကြောင်းမူကား၊ ထိုနေရာကို သမုဒ္ဒရာပေါ် မှာတည်၍၊ ရေများပေါ်မှာ မြဲမြံစေတော်မူပြီ။" ထို့ကြောင့် သူပိုင်သည်။ သူဖန်ဆင်းထားသောကြောင့် သူအုပ်စိုးသည်။ ၎င်းသည် သူနှင့်သက်ဆိုင်သည်။

**Dr. Robert B. Chisholm, Jr.**

ဘုရားသခင်သည် သူ၏အခွင့်အာဏာကို ပြင်ပမှ ရယူခြင်းမဟုတ်ပါ။ သူကိုယ်တိုင်သည် အခွင့်အာဏာဖြစ်သည်။ သူ၏ဂုဏ်ရည်တော်များ အားလုံးသည် အခွင့်အာဏာရှိသည်။ သို့သော်၊ ၎င်းသည် ကျွန်ုပ်တို့ လူသားများအသုံးပြုလေ့ရှိသည့် ဖိနှိပ်ချုပ်ချယ်သော၊ ဖောက်ပြန်တတ်သော၊ နိုင်ထက်စီးနင်းပြုသော အခွင့်အာဏာမျိုးမဟုတ်ပါ။ ဘုရားသခင်သည် ကောင်းမြတ်သောကြောင့် ၎င်းသည်ကောင်းသောအခွင့်အာဏာဖြစ်သည်။ သို့သော် ကိုယ်တော်ထံ၌ အံ့သြဖွယ်မှတ်တမ်းတစ်ခုရှိသောကြောင့် သူ၏အခွင့်အာဏာကို ကျွန်ုပ်တို့ယုံကြည်နိုင်ပါသည်။ သူ၏အခွင့်အာဏာ၏ အကြီးမားဆုံးသက်သေမှာ၊ သူ၏သားတော်ကို ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံရန်နှင့် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအတွက် ထမြောက်စေရန် စေလွှတ်ခြင်းဖြစ်သည်။ ဤကဲ့သို့သောအဖြေမျိုးကို အခြားမည်သည့် အတွေးအခေါ်ပညာ၊ မည်သည့်နတ်ဘုရားမှ မပေးနိုင်ပါ။ ထို့ကြောင့် ဘုရားသခင်၏ အခွင့်အာဏာသည် သူကိုယ်တိုင်ဖြစ်ပြီး၊ ၎င်းကို ယေရှုခရစ်၌ အကြိမ်ကြိမ် သက်သေပြနေပါသည်။

**Dr. William Edgar**

ဗျာဒိတ်ကျမ်းတွင် ဘုရားသခင်အား ဖန်ဆင်းခြင်းအားလုံးအပေါ် ကြီးမြတ်သောဘုရင်အဖြစ် မကြာခဏပြောလေ့ရှိပြီး၊ စကြဝဠာကြီးအပေါ် ကိုယ်တော်၏တက်ကြွ၍ အစွမ်းထက်သောအုပ်စိုးမှုကို အလေးပေးဖော်ပြသည်။ ၎င်းကို ဗျာဒိတ် ၁:၄-၆ တွင် သူ၏စာဖတ်သူများကို ယောဟန်၏နှုတ်ခွန်းဆက်စကားတွင် မြင်ရသည်။ ၎င်းကို ဗျာဒိတ် ၄–၅ တစ်လျှောက် ကောင်းကင်ပလ္လင်ဆိုင်ရာဖော်ပြချက်တွင် မြင်တွေ့ရသည်။ ဗျာဒိတ် ၇:၉-၁၀ တွင် လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ လူအပေါင်းတို့သည်

ဘုရားသခင်၏ကောင်းကင်ပလ္လင်တော်ရှေ့တွင် စုရုံးကြပြီး၊ ကိုယ်တော်ကို ချီးမွမ်းကြသည်ကိုလည်း မြင်တွေ့ရသည်။ ၎င်းကို အခန်းငယ် ၁၁ နှင့် ၁၂ တွင် ကောင်းကင်တမန်များလည်း အလားတူလုပ်ဆောင်မှုတွင် မြင်တွေ့ရသည်။ ထို့ပြင် ၎င်းကို ကျမ်းတစ်လျှောက်လုံး၌ ပလ္လင်တော်ပေါ် ရှိဘုရားသခင်ကို အဆက်မပြတ်ကိုးကားခြင်းတွင် မြင်တွေ့ရသည်။

ဥပမာတစ်ခုအနေနှင့်၊ ဗျာဒိတ် ၁:၄-၆ တွင် အာရှမိုင်းနားရှိအသင်းတော်များကို ယောဟန်၏ နှုတ်ဆက်ပုံကို နားထောင်ပါ_

> ငါယောဟန်သည် အာရှိပြည်၌ရှိသော အသင်းတော်ခုနှစ်ပါးကို ကြားလိုက်ပါ၏။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ် ရှိတော်မူသော ဘုရားသခင်အထံတော်ကငင်း၊ ပလ္လင်တော်ရှေ့၌ရှိသော ဝိညာဉ် ခုနှစ်ပါးအထံကငင်း၊ သစ္စာစောင့်သော သက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင်သားဦး ဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏ အထွဋ်ဖြစ်တော်မူသော ယေရှုခရစ် အထံတော်ကငင်း၊ ကျေးဇူးတော်နှင့် ငြိမ် သက်ခြင်းသည်သင်တို့၌ရှိပါစေသော။ ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍၊ မိမိခမည်းတော်ဘုရားသခင့်ရှေ့၌ ငါတို့ကို ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ် အရာ၌၎င်း ခန့် ထားတော်မူသောသူသည်၊ ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူစေသတည်း။ အာမင် (ဗျာဒိတ် ၁:၄-၆)။

ဤအနည်းငယ်သောအခန်းငယ်တွင် ဘုရားသခင့်နိုင်ငံတော်အကြောင်း ကိုးကားချက်မည်မျှ ရှိသည်ကို သတိပြုပါ။ ဘုရားသခင်သည် သူ၏ပလ္လင်ပေါ်တွင်ရှိတော်မူသည်။ ယေရှုသည် မြေကြီး ရှင်ဘုရင်တို့ကို အုပ်စိုးတော်မူသည်။ အသင်းတော်သည် ဘုရားသခင်ကို အစေခံသောနိုင်ငံတော် ဖြစ်သည်။

> ဘုရားသခင့်နိုင်ငံတော်၏အကြောင်းအရာသည် သမ္မာကျမ်းစာပါ ကြီးမားသော အကြောင်းအရာဖြစ်ပြီး၊ ၎င်းသည် ယေရှု၏သွန်သင်ချက်၏အဓိက သတင်းစကားဖြစ်သည်ကို လူတိုင်းသဘောတူကြသည်။ သို့ဆိုလျှင် ဘုရားသခင်၏နိုင်ငံတော်သည် မည်သည့်အရာကို ဆိုလိုသနည်း။ အဆုံးစွန်အားဖြင့်၊ ၎င်းမှာ ဘုရားသခင်သည် ရှင်ဘုရင်ဖြစ်သည်၊ ဘုရားသခင်သည် အချုပ်အခြာအာဏာပိုင်ဖြစ်သည်၊ ဘုရားသခင်သည် သခင်ဖြစ်သည်၊ သူသည် စကြဝဠာ၏ အချုပ်အခြာအာဏာပိုင်သော အရှင်ဖြစ်တော်မူသည်ဟု ဆိုလိုသည်။ ကျမ်းစာတွင်တွေ့ရသော ၎င်း၏ ဖော်ပြချက် သို့မဟုတ် ကိုးကားချက်များအရ၊ သမ္မာကျမ်းစာတွင် အမှန်တကယ် အာရုံစူးစိုက်မှုနှစ်ခုရှိသည်။ တစ်ခုမှာ ဘုရားသခင်သည် အစမှအဆုံး အရာအားလုံး၏အချုပ်အခြာအာဏာပိုင်သော အရှင်ဖြစ်တော်မူသည်—

သမိုင်းတစ်လျှောက်၊ အချိန်ကာလတိုင်း၊ နေရာတိုင်း၌၊ ဘုရားသခင်သည် ရှင်ဘုရင်ဖြစ်သည်။ နောက်တစ်ခုမှာ လူ့သမိုင်းနှင့်လူသားများအပေါ် သူ၏အုပ်စိုးမှုဆိုင်ရာ ရှင်ဘုရင်ဖြစ်မှုထင်ရှားခြင်းပင် ဖြစ်သည်။

**Dr. Mark L. Strauss**

ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားသခင်၏တရားမျှတသောတောင်းဆိုချက်ကို မိမိတို့၏အသက်တာတွင် မှန်ကန်စွာအသိအမှတ်ပြုသောသူများနှင့် ဘုရားသခင်၏အချုပ်အခြာအာဏာကို မေတ္တာဖြင့် ယုံကြည်စွာ၊ အပြည့်အဝနှင့် တလိုတလား အနစ်နာခံသူများ၌ တရားမျှတစစ်မှန်သောအုပ်ချုပ်မှုဖြစ်သည်။ ယခု၊ ဆိုလိုသည်မှာ အသင်းတော်သည် ဘုရားသခင့်နိုင်ငံတော်၏ ထင်ရှားပေါ်လွင်မှုကို တစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။ အသင်းတော်သည် ဖန်ဆင်းခြင်းတွင်၊ သမိုင်းတွင်၊ ယခုလက်ရှိတွင် ဘုရားသခင်၏နိုင်ငံတော်ကို မြင်တွေ့စေနိုင်သည့်နည်းလမ်းဖြစ်သည်။ သို့သော် ယခုကျွန်ုပ်တို့ကြုံတွေ့နေရသော အရှုံးပေးမှုသည် ရှေ့ပြေးနိမိတ်တစ်ခုသာဖြစ်သည်။ နောက်ဆုံးတွင်၊ ဘုရားသခင်သည် အရာခပ်သိမ်းကို အသစ်ပြုပြင်မည်ဖြစ်သည်။ ဘုရားသခင်သည် ရန်သူတိုင်းကို ဖျက်ဆီးလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏လုံးဝသိကျွမ်းခြင်းနှင့် လုံးဝနာခံခြင်းကိုနှောက်ယှက်သော အတားအဆီးအားလုံးကို ဖယ်ရှားပေးမည်ဖြစ်သည်။ သူသည် ထိုအတားအဆီးများကို ဖယ်ရှားပေးမည်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏အဆုံးစွန်သော ကတိတော်ဖြစ်သည်။ ယခုမူကား၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်တာအပေါ် ဘုရားသခင်၏ကယ်တင်ခြင်းနှင့် အရှင်သခင်ဖြစ်ခြင်းကို ယေရှုခရစ်၌အသိအမှတ်ပြုခြင်းဖြင့်၊ တလိုတလား၊ မေတ္တာဖြင့် လွတ်လပ်စွာကြိုတင်မျှော်လင့်ထားသည့်နည်းလမ်းဖြင့် ပါဝင်ဆောင်ရွက်နေပါသည်။ ၎င်းမှတဆင့်၊ အသင်းတော်သည် *နောက်ဆုံးသောကာလဆိုင်ရာ* တွင်ကတိပြုထားသော နိုင်ငံတော်၏အဆုံးစွန်သောဆုကျေးဇူးကို သက်သေခံသည်။

**Dr. Steve Blakemore**

ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ ကေရာဇ်များကဲ့သို့ပင်၊ ဘုရားသခင်သည် မိမိ၏အမိန့်တော်များကိုထမ်းဆောင်ရန် အစေခံများကို ခန့်အပ်ထားသည်—သူ၏ကိုယ်စား နိုင်ငံကိုစီမံအုပ်ချုပ်သည့် သူ၏လက်အောက်ခံများဖြစ်ကြသည်။ ယေဘူယျအားဖြင့်၊ ဘုရားသခင်သည် ပဋိညာဉ်အုပ်ချုပ်သူများ၏ အုပ်ထိန်းမှုအောက်တွင် ဤအခန်းကဏ္ဍကိုလူသားမျိုးနွယ်အား ပေးအပ်ခဲ့သည်။

ယခင်သင်ခန်းစာတွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း၊ ဘုရားသခင်သည် မိမိလူမျိုးနှင့်ပြုလုပ်ခဲ့သောပဋိညာဉ်များဖြစ်သည့်_အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်နှင့် ခရစ်တော်တို့နှင့် ပြုသောအဓိကပဋိညာဉ်ခြောက်ပါးတွင် ပဋိညာဉ်စီမံအုပ်ချုပ်မှုများကို ဖော်ထုတ်ခဲ့သည်။ အာဒံ၊ နောဧတို့နှင့်ပြုခဲ့သော ပထမပဋိညာဉ်နှစ်ခုသည် ဘုရားသခင်အား ကမ္ဘာတစ်ဝှမ်းလုံးတွင် အုပ်စိုးသောရှင်ဘုရင်အဖြစ်လည်းကောင်း၊ လူသားမျိုးနွယ်အား မြေကြီးပေါ်၌ ကိုယ်တော်၏အလိုတော်ဆောင်သောလက်အောက်ခံလူမျိုးအဖြစ်လည်းကောင်း သတ်မှတ်ဖော်ပြခဲ့သည်။
ဤပဋိညာဉ်များ၏ဖော်ပြချက်များအရ၊ ဘုရားသခင်၏ အချုပ်အခြာအာဏာသည် မြေကြီးပေါ် ရှိလူမျိုးအားလုံးတွင် ဆက်လက်တည်ရှိနေသေးသည်။ လူတိုင်းသည် သူနှင့်သက်ဆိုင်သည်။

အာဒံ၊ နောဧတို့နှင့် ပဋိညာဉ်ဖွဲ့ပြီးနောက်၊ ဘုရားသခင်သည် အာဗြဟံ၊ မောရှေနှင့် ဒါဝိဒ်တို့နှင့် ပဋိညာဉ်ပြုခဲ့ကာ၊ ဣသရေလလူမျိုးအပေါ် အထူးနည်းလမ်းဖြင့် သူ၏ရှင်ဘုရင်ဖြစ်ခြင်းကို တိုးချဲ့ခဲ့သည်။

သာဓကတစ်ခုအနေနှင့်၊ ထွက်မြောက်ရာ ၁၉:၄-၆ တွင် ဣသရေလလူမျိုးအား ဘုရားသခင်ပြောခဲ့သောစကားကို နားထောင်ပါ_

> ငါသည် အဲဂုတ္တုလူတို့၌ ပြုသောအကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့်ထမ်း၍ ကိုယ်ဘို့သိမ်းယူသောအကြောင်းကို သင်တို့သည်သိမြင်ရကြပြီ။ ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကိုနားထောင်၍ငါ့ပဋိညာဉ်ကို စောင့်ရှောက်ကြလျှင် အခြားသောလူမျိုးတကာတို့ထက်သင်တို့သည် ငါပိုင်ထိုက်သောဘဏ္ဍာတော် ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် (ထွက်မြောက်ရာ ၁၉:၄-၆)။

ဤကျမ်းပိုဒ်တွင်၊ ဘုရားသခင်သည် ဣသရေလလူတို့အား အီဂျစ်ပြည်၌ကျွန်ခံခြင်းမှ ရွေးနှုတ်တော်မူသောအခါပြသခဲ့သော ကရုဏာတော်ကို အမှတ်ရစေသည်။ သူနှင့်ဖွဲ့ထားသောပဋိညာဉ်ကိုနာခံခြင်းအားဖြင့် သူတို့၏သစ္စာစောင့်သိမှုကိုပြသရန် ဣသရေလလူမျိုး၏တာဝန်ကို သူဖော်ပြခဲ့သည်။ ပဋိညာဉ်ကိုနာခံပါက သူတို့ရရှိမည့်ကောင်းချီးမင်္ဂလာများ၏အကျိုးဆက်များကို ကိုယ်တော်ညွှန်ပြခဲ့သည်။

အထူးသဖြင့် ဒါဝိဒ်နှင့်ပြုသောပဋိညာဉ်တွင်၊ ဘုရားသခင်သည် ဒါဝိဒ်မင်းဆက်ကို သူ၏လူများအတွက် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများနှင့် တရားစီရင်ခြင်း၏ လမ်းကြောင်းအဖြစ် တည်ထောင်ခဲ့သည်။ ဤပဋိညာဉ်ကို ၂ ဓမ္မရာဇဝင် ၇:၁-၁၇၊ ဆာလံ ၈၉၊ ၁၃၂ ကျမ်းပိုဒ်များတွင် ဖော်ပြထားသည်။ ၎င်းတွင် ဒါဝိဒ်၏သားများသည် ဘုရားသခင်၏ လက်အောက်ခံဘုရင်များဖြစ်ကြောင်း ဖော်ပြသည်။ သူတို့သည် ဘုရားသခင်ရှေ့တော်တွင် ဣသရေလလူမျိုးတစ်ခုလုံးကို ကိုယ်စားပြုသည်။ အခြားပဋိညာဉ်များအားလုံးတွင်၊ ဘုရားသခင်သည် ကရုဏာတော်ကိုပြသခဲ့ပြီး၊ သစ္စာစောင့်သိမှုကို မျှော်လင့်ကာ သူ၏ကောင်းချီးမင်္ဂလာများနှင့် ကျိန်ခြင်းများ၏အကျိုးဆက်များကို ဒါဝိဒ်မင်းမျိုးအား သတိပေးခဲ့သည်။

သို့သော် နောက်ပိုင်းဣသရေလသမိုင်းတွင်၊ ဒါဝိဒ်၏သားစဉ်မြေးဆက်များသည် ဆိုးရွားစွာကျရှုံးခဲ့ပြီး၊ ဣသရေလလူမျိုးတစ်ခုလုံးသည် ဘုရားသခင်၏ကျိန်ခြင်းအောက်တွင် ကျွန်ခံခဲ့ရသည်။ သို့သော် ကျွန်ခံရသည့်တိုင်၊ နောက်ဆုံးသောကာလတွင် ဘုရားသခင်သည် ဖြောင့်မတ်သောဒါဝိဒ်၏သားတော်အားဖြင့် သူ၏ပဋိညာဉ်ကို အသစ်ဖြစ်စေမည်ဟု ဣသရေလပရောဖက်များက ကြိုတင်ဟောပြောခဲ့သည်။ ပရောဖက်ယေရမိသည် ယေရမိ ၃၁:၃၁ တွင်၊ ပဋိညာဉ်အသစ်အဖြစ် ဤအသစ်ဖြစ်စေခြင်းကို ရည်ညွှန်းခဲ့သည်။ ဤပဋိညာဉ်အသစ်သည် ဘုရားသခင်၏ကရုဏာတော်ကို အဆုံးစွန်ပြသခြင်းဖြစ်လိမ့်မည်။ ကိုယ်တော်သည် မိမိလူတို့၏နှလုံးသားကို ပြောင်းလဲစေသောကြောင့်၊ သူတို့သည် ကိုယ်တော်အပေါ် သစ္စာစောင့်သိမည်ဖြစ်သည်။ သူတို့သည် ကိုယ်တော်၏ အဆုံးမဲ့ပဋိညာဉ်ကောင်းချီးမင်္ဂလာများကို ခံစားကြမည်ဖြစ်ပြီး၊ ကျိန်ခြင်းကို နောက်တဖန်ခံရကြမည်မဟုတ်ပါ။ တစ်ချိန်တည်းမှာပင်၊ ဘုရားသခင်သည် သူ့အားဆန့်ကျင်သူအားလုံး၊ သူ၏လက်အောက်ခံဘုရင်နှင့် သူ၏နိုင်ငံတော်မှလူများအားလုံးကို ထာဝရတရားစီရင်မည်ဖြစ်သည်။

ဒါဝိဒ်၊ ရှေးဣသရေလတို့နှင့်ပြုသော ဘုရားသခင်၏ပဋိညာဉ်များသည် သူတို့၏ကောင်းချီးမင်္ဂလာများကို ဒါဝိဒ်နှင့် ဣသရေလတို့ကိုသာမကဘဲ ပိုမို၍ပေးရန် အမြဲရည်ရွယ်ပါသည်။ ဒါဝိဒ်၏အိမ်တော်ကိုအုပ်စိုးသော ဘုရားသခင့်အုပ်စိုးမှုသည် ဣသရေလလူမျိုးတစ်ခုလုံးကို အကျိုးပြုရန် ရည်မှန်းထားပြီး၊ ဣသရေလ၏ကောင်းချီးမင်္ဂလာများသည် တစ်ကမ္ဘာလုံးအတွက် အကျိုးရှိစေရန်ဖြစ်သည်။ ၎င်းကို ဆာလံ ၂၊ ၆၇၊ ဟေရှာယ ၂:၂-၄ နှင့် အာမုတ် ၉:၁၁-၁၅ တွင်တွေ့ရသည်။ ဘုရားသခင်သည် ဒါဝိဒ်၏အိမ်တော်မှတဆင့် ရွေးနုတ်သူကို စေလွှတ်မည်ဖြစ်ပြီး၊ ထိုရွေးနုတ်သူသည် ဣသရေလကို ကယ်တင်မည်ဖြစ်သည်။ ဣသရေလအားဖြင့်၊ သူသည် ဖန်ဆင်းခြင်းတစ်ခုလုံးကို ကယ်တင်တော်မူမည်ဖြစ်သည်။

ယခုအချိန်တွင်၊ ဘုရားသခင်သည် ခရစ်တော်အားဖြင့် အသင်းတော်ကို ရွေးနုတ်ပြီး၊ သူ၏သန့်ရှင်းသော ပဋိညာဉ်လူများထဲတွင် ကျွန်ုပ်တို့ကိုထည့်သွင်းပေးသည်။ ရလဒ်အနေဖြင့်၊ အသင်းတော်သည် ယခုအခါ ဓမ္မဟောင်းဣသရေလလူမျိုးနှင့် တစ်ညီတစ်ညွတ်တည်းဖြစ်သည်။

ဗျာဒိတ် ၁:၅-၆ တွင် ဤပဋိညာဉ်ဆက်ဆံရေးကို မည်သို့ဖော်ပြသည်ကို နားထောင်ပါ_

> ယေရှုခရစ်...ငါတို့ကိုချစ်၍ မိမိအသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၍၊ မိမိခမည်းတော်ဘုရားသခင့်ရှေ့၌ ငါတို့ကို ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း ခန့် ထားတော်မူသောသူ (ဗျာဒိတ် ၁း၅-၆)။

ကျွန်ုပ်တို့အပြစ်များမှလွတ်မြောက်ရန် သခင်ယေရှုသည် အသေခံတော်မူသောကြောင့်၊ ယခု ကျွန်ုပ်တို့သည် ဘုရားသခင်၏အထူးပိုင်ဆိုင်သည့်လူမျိုးဖြစ်ကြောင်း ဤအခန်းငယ်များကဖော်ပြသည်။ ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် ဣသရေလလူမျိုးအား ဘုရားသခင်ပေးခဲ့သော "ရှင်ဘုရင်အရာနှင့် ယဇ်ပုရောဟိတ်အရာ"ဟူသည့် တူညီသောအမည်နာမကို ရရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည်ဤအမည်နာမကို ရှေးခေတ်ဣသရေလလူမျိုးအား ထွက်မြောက်ရာ ၁၉:၆ တွင်ပေးတော်မူပြီး၊ ယင်းတွင် ပဋိညာဉ်ကောင်းချီးမင်္ဂလာများထဲမှတစ်ခုမှာ ဣသရေလသည် "မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး"ဖြစ်မည့်အကြောင်းဖြစ်သည်။

> ရာစုနှစ်များတစ်လျှောက် လူများစွာသည် ဘုရားသခင့်နိုင်ငံတော်၏ သဘောသဘာဝနှင့်ပတ်သက်၍ ငြင်းခုံခဲ့ကြသည်။ ၎င်းသည် သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့တွေ့ရှိရသော ရှင်းလင်းပြတ်သားသောဖော်ပြချက်တစ်ခု ဖြစ်သော်လည်း၊ ယင်း၏အဓိပ္ပာယ်အတိအကျသည် အငြင်းပွားဖွယ်ရာများ၏ရင်းမြစ်တစ်ခုဖြစ်သည်။ သို့သော်၊ ၎င်း၏အနှစ်သာရအားဖြင့် ဘုရားသခင်၏နိုင်ငံတော်သည် လောက၌၊ အသင်းတော်နှင့် လူတစ်ဦးချင်းစီ၏နှလုံးသားတွင် ဘုရားသခင်၏အုပ်ချုပ်မှုကို ဖော်ပြသည်၊ ထို့ကြောင့် သင်နှင့်ကျွန်ုပ်သည် သမ္မာကျမ်းစာအတိုင်း ဘုရားသခင်၏အသက်တာနှင့်အညီ အသက်ရှင်နေမည်ဆိုပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်တွင် ပါဝင်နေသည်ဟု ဆိုနိုင်ပါသည်။
>
> **Dr John Oswalt**

> ဘုရားသခင်၏နိုင်ငံတော်ကား အဘယ်နည်း။ နည်းလမ်းများစွာဖြင့် ကျွန်ုပ်တို့ဖော်ပြနိုင်သော်လည်း၊ အလွန်အထောက်အကူဖြစ်စေသော နည်းလမ်းမှာ ၎င်းသည် ဘုရားသခင်၏နိုင်ငံတော်တည်ထောင်သည့်နေရာကို ပြောခြင်းဖြစ်သည်ဟု ကျွန်ုပ်ထင်ပါသည်—၎င်းသည် ဘုရားသခင်ကို ချီးမွမ်းခြင်း၊ ဘုရားသခင်၏ဘုန်းတော်သို့ပို့ဆောင်ကာ မြေကြီးပေါ် ရှိ သက်ရှိများအတွက် နည်းလမ်းပေါင်းစုံဖြင့် အကျိုးသက်ရောက်မှုများရှိသည့် သူ၏ဘုရင်အားဖြင့် ဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင်ထားသည့် နယ်ပယ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏နိုင်ငံတော်သည် ယေရှု၏သွန်သင်ချက်တွင် အလွန်ထင်ရှားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဓမ္မသစ်ကျမ်းတွင် ကျွန်ုပ်တို့တွေ့ရှိရသောအရာမှာ သခင်ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို ကျွန်ုပ်တို့ကမ္ဘာသို့ တန်ခိုးကြီးစွာ ယူဆောင်လာပေးသော ဘုရင်ဖြစ်သည်။ နည်းပညာဆိုင်ရာအသုံးအနှုန်းမှာ ပေါ်ထွက်လာခြင်းဖြစ်သည်။ သတင်းထူးတစ်ခုရှိပါသည်၊ ဘုရားသခင်သည် သူ၏ မေရှိယဘုရင်မှ တစ်ဆင့် ကျွန်ုပ်တို့၏ကမ္ဘာထဲသို့ဆင်းသက်သည့် အလွန်တန်ခိုးကြီးသော ဝင်ပေါက်ရှိသည်။ နိုင်ငံတော်အကြောင်း ကောင်းမွန်သောနည်းလမ်းတစ်ခုကို ဂါဟာဒပ်စ်ဖော့စ်ဖော်ပြသည်၊ သူက နိုင်ငံတော်သည် ဧဝံဂေလိတရားပြန့်ပွားရာ၊ စိတ်နှလုံးများပြောင်းလဲရာ၊ အပြစ်နှင့်အမှားကိုကျော်လွှားရာ၊ ဖြောင့်မတ်ခြင်း

> တရားကိုပြုစုပျိုးထောင်ပြီး ဘုရားသခင်နှင့်အသက်ရှင်သောဆက်ဆံမှု တည်ထောင်ရာအရပ်ဖြစ်သည်ဟု ဆိုသည်။

**Dr Brandon Crowe**

ဘုရားသခင်သည် သူ၏ကောင်းကင်နိုင်ငံတော်ကို ကမ္ဘာမြေကြီးပေါ် တိုးချဲ့ရန်နှင့် သစ္စာရှိသူများနှင့်ကမ္ဘာမြေကြီးကို ပြည့်စေရန် အမြဲရည်မှန်းခဲ့သည်။ ကောင်းကင်နိုင်ငံတော်တွင်၊ ဘုရားသခင်၏အလိုတော်သည် ပြီးပြည့်စုံနေပြီဖြစ်သည်။ သို့သော် မြေကြီးပေါ်တွင် ကိုယ်တော်၏ဖန်ဆင်းခံများသည် သူ၏အလိုဆန္ဒကိုလိုက်နာရန် မကြာခဏ ငြင်းဆိုကြသည်။ သူတို့သည် ဘုရားသခင်ကို ရှင်ဘုရင်အဖြစ်အသိအမှတ်ပြုရန် ငြင်းဆိုကြပြီး၊ ကမ္ဘာပေါ် ရှိတိုင်းနိုင်ငံများသည် ဘုရားသခင်၏အုပ်စိုးမှုကို ဆန့်ကျင်ကြသည်။ ထို့ကြောင့်၊ သခင်ယေရှုသည် ဆုတောင်းသောအခါ၊ တစ်နေ့တွင် ဤဆန့်ကျင်ဘက်တိုင်းနိုင်ငံများအားလုံး ရှုံးနိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏နိုင်ငံတော်သာကျန်ရှိမည်ဟူ၍ ဖြစ်သည်။

ထိုအနာဂတ်နေ့အကြောင်း ဗျာဒိတ် ၁၁:၁၅ သည်မည်သို့ပြောသည်ကို နားထောင်ပါ_

> လောကီနိုင်ငံသည် ငါတို့အရှင်၏ နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်ဟု ပြောဆိုကြ၏ (ဗျာဒိတ် ၁၁:၁၅)။

ဘုရားသခင်၏အထူးနိုင်ငံတော်သည် ၎င်းကိုအောင်နိုင်ကာ ကမ္ဘာတစ်ခုလုံး ပြည့်သည်အထိ တည်မြဲနေမည်ဖြစ်သည်။ ဤသည်မှာ သမ္မာကျမ်းစာပရောဖက်ပြုချက်၏ နောက်ဆုံးပန်းတိုင်ဖြစ်သည်။ သခင်ယေရှုသည် ဘုန်းအသရေနှင့်ကြွလာသောအခါ၊ ဘုရားသခင်၏အထူးအုပ်ချုပ်မှုသည် ကမ္ဘာပေါ် ရှိနိုင်ငံတိုင်းကို လွှမ်းခြုံမည်ဖြစ်သည်။ ဤတူညီသောမျှော်လင့်ချက်ကို ယေရမိ ၃၁:၃၁-၃၄၊ ဇာခရိ ၁၄:၉ နှင့် သမ္မာကျမ်းစာ၏အခြားကျမ်းပိုဒ်များစွာတွင် သွန်သင်ထားပါသည်။

ဘုရားသခင်၏ရှင်ဘုရင်ဖြစ်ခြင်းသည် ရှေးခေတ်အရှေ့အလယ်ပိုင်းတွင်တွေ့ရှိရသော နှိုင်းယှဉ်ချက်များထက် သာလွန်ပါသည်။ ရှေးခေတ်ကမ္ဘာတွင်၊ လူသားအုပ်စိုးသူများသည် ၎င်းတို့၏ပဋိညာဉ်များတွင် ကတိပြုထားသည့် ကရုဏာတော်နှင့်အညီ အပြည့်အဝအသက်မရှင်ခဲ့ကြပါ။ သူတို့သည် မိမိတို့၏လက်အောက်ခံများ၏သစ္စာစောင့်သိမှုကို မည်သည့်အခါမှအပြည့်အဝ ဆန်းစစ်ခြင်းမပြု၊ ပဋိညာဉ်၏နောက်ဆက်တွဲ အကျိုးဆက်များကို ပြည့်စုံစွာ မပေးကြပေ။ သို့သော် ဘုရားသခင်၏ပဋိညာဉ်တွင် ကျွန်ုပ်တို့၏ မြင့်မြတ်သောအုပ်စိုးရှင်သည် ကြင်နာသောကတိတော်များအတိုင်း အပြည့်အဝ အသက်ရှင်နေပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုကို အပြည့်အဝအကဲဖြတ်သည်။ ကိုယ်တော်သည် ပဋိညာဉ်ကောင်းချီးမင်္ဂလာများနှင့် ကျိန်ခြင်း၏အကျိုးဆက်များအဖြစ် ပြီးပြည့်စုံသော ဆုံးမပဲ့ပြင်ခြင်းနှင့် တရားစီရင်ခြင်းကို ပေးတော်မူသည်။ ကျွန်ုပ်တို့မြင်ရမည့်အရာမှာ၊ ကိုယ်တော်သည် သားတော်ယေရှုခရစ်တော်ကို ကျွန်ုပ်တို့ကိုယ်စား ဘုရားသခင်အပေါ် အပြည့်အဝသစ္စာစောင့်သိရန်နှင့် ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သစ္စာမဲ့မှု၏အကျိုးဆက်များကို ခံယူစေကာ သူ့အားဖြင့်ကျွန်ုပ်တို့ကယ်တင်ခြင်းရစေရန်အတွက် စေလွှတ်ခဲ့သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကြဝဠာလုံးဆိုင်ရာ ရှင်ဘုရင်ဖြစ်ခြင်းကို စိတ်ထဲတွင်မှတ်သား ထားလျှက်၊ ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းဆိုင်ရာ ဆက်စပ်အကြောင်းအရာဖြစ်သော ဘုရားသခင်၏ အစေခံ သို့မဟုတ် လက်အောက်ခံဘုရင်ကိုလေ့လာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်း

> ခရစ်တော်၏ရှင်ဘုရင်ဖြစ်ခြင်းကိုနားလည်ရန်အတွက် ရှေးခေတ် ဒါဝိဒ်မင်းဆက်၏အကြောင်းကို နားလည်ရန်လိုသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် စံပြဒါဝိဒ်ဖြစ်သောကြောင့် ဖြစ်သည်။ သူသည် မေရှိယ HaMashiach ဖြစ်သည်။ အမှန်တကယ်ဓမ္မဟောင်းကျမ်းတွင်၊ ရှေးခေတ် အရှေ့အလယ်ပိုင်းတွင် အုပ်စိုးသူဘုရင်သည် အများအားဖြင့်သူ၏ လက်အောက်ခံအပေါ် အုပ်စိုးသူ-လက်အောက်ခံ ဆက်ဆံရေးစာချုပ်အရ အုပ်ချုပ်သည့်အရာနှင့် ဒါဝိဒ်မင်းဆက်ကို ပုံစံပြထားသည်။ ဒါဝိဒ်သည် ကမ္ဘာပေါ်တွင် ဘုရားသခင်ရွေးချယ်ထားသော အုပ်စိုးရှင်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ဒါဝိဒ်အား သူ၏ကိုယ်စားအုပ်စိုးရန် ဒုတိယ-အုပ်စိုးသူအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရပါသည်။ အမှန်တကယ်တွင်၊ ယေရှုသည် နောက်ဆုံးတွင် ယင်းကိုပြည့်စုံစေသူဖြစ်သည်။
>
> **Dr Robert B. Chisholm, Jr.**

ယေရှုအား စကြဝဠာ၏အုပ်စိုးရှင်အဖြစ်ထက် လက်အောက်ခံ သို့မဟုတ် အစေခံဘုရင်အဖြစ် တွေးတောခြင်းသည် ထူးဆန်းပေလိမ့်မည်။ နောက်ဆုံး ယေရှုသည် ဘုရားသခင်ဖြစ်ပြီး၊ ဘုရားသခင် သည် ရှိရှိသမျှအရာအားလုံးကို ဖန်ဆင်းရှင်နှင့် အုပ်စိုးသူဖြစ်သည်။ သခင်ယေရှုသည် အပြည့်အဝဘုရား သခင်ဖြစ်တော်မူကြောင်း ကျွန်ုပ်တို့အခိုင်အမာပြောကြသော်လည်း၊ ယေရှုသည် ဘုရားသခင်သာမဟုတ် ကြောင်း သတိရရန်အရေးကြီးသည်။ သူသည် လူသားအပြည့်အဝလည်း ဖြစ်သည်။ လူသားတစ်ဦးအနေ ဖြင့်၊ သူသည် ဘုရားသခင်၏လက်အောက်ခံလူမျိုးဖြစ်သည့် ရှေးဣသရေလလူမျိုးကိုအုပ်စိုးသော သူ၏ခမည်းတော်ဒါဝိဒ်၏လူသားပလ္လင်ပေါ်တွင် ထိုင်နေသည်။ ဤသဘောအရ၊ ယေရှု၏ရှင်ဘုရင်ဖြစ် ခြင်းသည် လူသား၏တာဝန်ဖြစ်သည်။ ထို့ကြောင့်၊ ယေရှုသည် ဓမ္မဟောင်းတွင် ဒါဝိဒ်ကဲ့သို့ပင်၊ ဘုရားရှင်၏လက်အောက်ခံဖြစ်သည်။

> သမ္မာကျမ်းစာ၏ ပဋိညာဉ်ဖွဲ့စည်းပုံသည် ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ ဘုရင်များကြားအသုံးပြုသော ပဋိညာဉ်စာချုပ်များတွင် အခြေပြုထားသည်။

> အုပ်စိုးသူသည် ကြီးမြတ်သောဘုရင်ဖြစ်လေ့ရှိပြီး၊ ဤပဋိညာဉ်တွင် ဘုရင်ကြီးနှင့်ပတ်သက်သော လက်အောက်ခံဘုရင်တစ်ပါး ပါဝင်သည်။ ဗျာဒိတ်ကျမ်းတွင် ယေရှုအား ဒါဝိဒ်မင်းဆက်အဖြစ်လည်းကောင်း၊ ယုဒအမျိုး၏ခြင်္သေ့အဖြစ်လည်းကောင်းဖော်ပြသည်။ ထို့ကြောင့် ထိုအသုံးအနှုန်းသည် အချက်နှစ်ချက်ကို ဖော်ပြသည်။ ထိုအရာများထဲမှတစ်ခုမှာ ဘုရားသခင်သည် မည်သူဖြစ်သည်ကို ယေရှုဖော်ပြရုံသာမကဘဲ၊ လူသား တစ်ဦးဖြစ်ခြင်း၏ အဓိပ္ပါယ်ပြည့်ဝသောသဘောသဘာဝကိုလည်း ထုတ်ဖော် ပြသသည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်း၌ သူ၏အခန်းကဏ္ဍကို ဒါဝိဒ်၏သားတော်၊ အမှန်တကယ်တွင် ဘုရားသခင်၏သားတော်အဖြစ်လည်းကောင်း၊ ဒါဝိဒ်မင်းဆက်၊ မေရှိယအဖြစ်လည်းကောင်း မကြာခဏရည်ညွှန်းသည်။ ထိုသဘောအရ၊ သူသည် သမိုင်းဝင်လူများကို ကိုယ်စားပြုသည်။ ဗျာဒိတ်ကျမ်း၏ဖြစ်ရပ်တွင်၊ ၎င်းသည် တိုင်းနိုင်ငံအားလုံးတွင် ပျံ့နှံ့နေသော ဘုရားသခင်၏လူမျိုးဖြစ်ပြီး၊ သူသည် ကျွန်ုပ်တို့၏ရှင်ဘုရင်၊ ခမည်းတော်ထံ ကျွန်ုပ်တို့၏ကိုယ်စားလှယ်၊ သို့မဟုတ် အုပ်စိုးသူဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏သမိုင်းနှင့် အချိန်ကာလတစ်လျှောက်လုံးတွင် ခမည်းတော်ထံ သူ၏လူများကိုကိုယ်စားပြုသည့် ပြီးပြည့်စုံသောလူသားတစ်ဦး ဖြစ်သည်။ ထို့အပြင်၊ သူသည် ကျွန်ုပ်တို့ထံ ဘုရားသခင်၏ကိုယ်စားပြုသူလည်း ဖြစ်သည်၊ သို့သော် ယင်းကသူသည် လူသားအပြည့်အဝဖြစ်ပြီး၊ ဘုရားသခင်ထံ ကျွန်ုပ်တို့၏ကိုယ်စားပြုသည်ဟူသောအချက်ကို လျှော့မသွားစေပါ။

**Dr Greg Perry**

ခရစ်တော်ဟူသောအမည်သည် ဒါဝိဒ်မင်းဆက်၏ရာထူးကို တိုက်ရိုက်ရည်ညွှန်းသောအမည်နာမ ဖြစ်သည်။ ခရစ်တော်ဟူသော စကားလုံးသည် ဘိသိက်ခံသူကို ဆိုလိုသည်။ ၎င်းသည် ဒါဝိဒ်မင်းဆက် များ ရာထူးတာဝန်ယူချိန်တွင် ဘိသိက်ပေးခြင်းခံရသောကြောင့် မကြာခဏအသုံးပြုလေ့ရှိသော ဓမ္မဟောင်းအသုံးအနှုန်းဖြစ်သည်။ ၂ ရာဇဝင်ချုပ် ၆:၄၂၊ ဆာလံ ၂:၂၊ ၆၊ ၁၈:၅၀၊ ၂၀:၆၊ ၉ နှင့် ၄၅:၁-၂ များတွင်တွေ့ရသည်။ ထို့ကြောင့်လည်း ဗျာဒိတ် ၁၁:၁၅ နှင့် ၁၂:၁၀ တွင်ယေရှုကို ထိုအရှင်၏ခရစ်တော် ဟု ခေါ်ဝေါ်သည်။ သူသည် ဘုရားသခင်၏ ဘိသိက်ခံသူ—ကိုယ်တော်၏လက်အောက်ခံဘုရင်ဖြစ်သည်။

ဒါဝိဒ်၏သားတော်အနေဖြင့်၊ ယေရှုသည် ဓမ္မဟောင်းတွင်မျှော်လင့်ထားသည့် ပဋိညာဉ်သစ်၏ ကဏ္ဍအားလုံးကို ဖြည့်ဆည်းပေးသည်။ သခင်ယေရှု၌၊ ဘုရားသခင်၏အကြီးမားဆုံးသော ကရုဏာတော် ကို တွေ့ရသည်။ ခရစ်တော်ကိုယ်တိုင်သည် သစ္စာစောင့်သိရန် လိုအပ်ချက်များအားလုံးကို ကျွန်ုပ်တို့ ကိုယ်စား စောင့်ထိန်းခဲ့သည်။ ကျွန်ုပ်တို့၏နေရာတွင် အသေခံသောအခါ၊ ပဋိညာဉ်ကျိုးခြင်း၏အကျိုး ဆက်ကို သူခံစားခဲ့ရသည်။ သေခြင်းမှထမြောက်ပြီး ကောင်းကင်သို့တက်ကြွသောအခါ၊ ပဋိညာဉ် ကောင်းချီးမင်္ဂလာများ၏အကျိုးဆက်များကို သူရရှိခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုသည် လက်ဝါးကပ်တိုင်တွင်အသေခံပြီး သေခြင်းမှထမြောက်ခြင်းဖြင့် ဘုရားသခင်၏ လူသား လက်အောက်ခံဘုရင်အဖြစ် သူ၏နေရာကို လုံခြုံစေခဲ့သည်။ သူ၏အသေခံခြင်းသည် အပြစ်တရား၏ ဘုရားသခင့်လူမျိုးကို ရှုတ်ချပြီးဖျက်ဆီးမည့် မည်သည့်တန်ခိုးကိုမဆို ဖယ်ရှားခဲ့သည်။

ဗျာဒိတ် ၁၂:၁၀-၁၁ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ_

> ကောင်းကင်ဘုံ၌ကြီးသောအသံကား၊ ယခုမှာ ကယ်တင်ခြင်းဖြစ်၏။ တန်ခိုးတော်လည်းဖြစ်၏။ ငါတို့ ဘုရားသခင်၏ နိုင်ငံတော်နှင့် သူ၏ ခရစ်တော်၏အာဏာတော်စက်လည်းဖြစ်၏။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညဥ့်မပြတ် အပြစ်တင်သောရန်သူကို အောက်သို့ ချလေပြီ။ သူတို့သည် သိုးသငယ်၏ အသွေးအားဖြင့်၎င်း၊ မိမိတို့သက်သေခံချက် နှုတ်ကပတ်တရားအားဖြင့်၎င်း အောင်မြင်၍၊ အသေခံသည်တိုင်အောင် ကိုယ်အသက်ကို မနှမြောကြ။ (ဗျာဒိတ် ၁၂း၁၀-၁၁)။

လက်ဝါးကပ်တိုင်တွင် ခရစ်တော်၏ပူဇော်သက္ကာကြောင့် စာတန်သည် ရှုံးနိမ့်ခဲ့သည်။ ယခုတွင် ကယ်တင်တော်မူခြင်းကျေးဇူးသည် မိမိလူတို့ထံသို့ ရောက်စေခြင်းငှာ၊ ခရစ်တော်သည် ဘုရားသခင်၏ နိုင်ငံတော်တွင် အခွင့်အာဏာရှိတော်မူသည်။

ယေရှု၏နာခံမှုသည် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းဆုလာဘ်နှင့် လူသားဖြစ်စေ၊ ကောင်းကင် တမန်ဖြစ်စေ၊ နတ်ဆိုးဖြစ်စေ ဖန်ဆင်းခံအာဏာစက်များအားလုံးထက် သာလွန်သောအခွင့်အာဏာကို သူအားရရှိစေသည်။

မဿဲ ၂၈:၁၈-၁၉ ၌ ထမြောက်ပြီးနောက်ပြောသည်မှာ_

> ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် (မဿဲ ၂၈:၁၈-၁၉)။

ယေရှုသည် သူ၏ဘုရားသဘာဝအရ မည်သည့်အခွင့်အာဏာကိုမျှ မရရှိခဲ့ပေ။ ၎င်းသည် သူ၌ အမြဲရှိနေခဲ့သည်။ သို့သော် သေခြင်းမှထမြောက်သောအခါ၊ ခမည်းတော်ဘုရားသခင်သည် တိုင်းနိုင်ငံများအပေါ်တွင် ရှင်ဘုရင်အခွင့်အာဏာကို သူ့အားအပ်နှင်းထားသည်ဟုဆိုသည်၊ ဆိုလိုသည်မှာ သူသည် ကောင်းကင်နှင့်မြေကြီးတစ်ခုလုံးအပေါ် ခမည်းတော်၏လူသား လက်အောက်ခံဘုရင်ဖြစ်သည်ဟု ဆိုလိုသည်။

ရှင်ပြန်ထမြောက်ပြီးနောက်၊ ယေရှုသည် ကောင်းကင်ဘုံသို့ ရှင်ဘုရင်အဖြစ် တက်ကြွသွားခဲ့ သည်။ ဓမ္မသစ်ကျမ်း၌ ဟေဗြဲ ၁:၃၊ ၁၀:၁၂၊ ၁၂:၂ တို့တွင် ယေရှုသည် ခမည်းတော်ဘုရားသခင်၏ လက်ယာတော်ဘက်၌ ထိုင်နေသည်ဟု ဆိုသည်။ ဤပုံဆောင်မှုအရ ခမည်းတော်သည် ကြီးကျယ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မြင့်မြတ်သော ရှင်ဘုရင် သို့မဟုတ် အုပ်စိုးသူဖြစ်ပြီး၊ သူ၏သားတော်ယေရှုသည် ကိုယ်တော်ကိုအစေခံ ကာ ကိုယ်စားပြုသော လူသားလက်အောက်ခံဖြစ်သည်ကို ဖော်ပြသည်။ ယေရှုသည် ဒါဝိဒ်၏အိမ်တော် နှင့် မြေကြီးပေါ် ရှိ အခြားလူသားနိုင်ငံအားလုံးကို အုပ်စိုးသော နောက်ဆုံးသောရှင်ဘုရင်ဖြစ်သည်။ သူ့အားဖြင့် ကမ္ဘာတစ်ခုလုံးသည် အသစ်တဖန် ပြုပြင်လိမ့်မည်။ နန်းထိုင်ချိန်မှစ၍ ယေရှုသည် အသင်းတော်အပေါ် ရှင်ဘုရင်အဖြစ် စိုးစံခဲ့သည်။ မြေကြီးစွန်းတိုင်အောင် ကယ်တင်ခြင်းကို ယူဆောင် ခြင်းဖြင့် သူ၏နိုင်ငံကို တိုးချဲ့လျက်ရှိသည်။

လူသားဘုရင်များနှင့် ဆန့်ကျင်ဘက်အနေနှင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ရွေးနှုတ်ခြင်းကို လက်ဝါးကပ်တိုင်အဖိုးအခဖြင့် ရွေးဝယ်ရန် ပြီးပြည့်စုံသောလက်အောက်ခံဘုရင်အဖြစ် သားတော်ကို စေလွှတ်ခဲ့သည်။ သူသည် သူ၏မြေကြီးအသက်တာတွင် သူ၏သစ္စာစောင့်သိမှုကို ပြသခဲ့ပြီး၊ ကျွန်ုပ်တို့ ၏သစ္စာမဲ့မှု၏အကျိုးဆက်များကို ခံစားခဲ့ရကာ၊ ၎င်းကို လက်ဝါးကပ်တိုင်ပေါ်တွင် လုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့၏ခွင့်လွှတ်မှုနှင့် သစ္စာစောင့်သိမှုတို့ကို ရွေးဝယ်ရန် သူ၏အသက်ကို စွန့်တော်မူပြီး၊ ကျွန်ုပ်တို့ ကိုဆက်လက်ခုခံကာကွယ်ပေးနေပါသည်။ ကျွန်ုပ်တို့၏ကောင်းမြတ်သောဘုရားသခင်နှင့်ရှင်ဘုရင်ကို သစ္စာရှိစွာ နာခံကြောင်းဖော်ပြခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကြင်နာစွာအုပ်ချုပ်မှုကို ရိုသေ လေးစားစွာတုံ့ပြန်သင့်သည်။

ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားသခင်၏ အုပ်စိုးသူရှင်ဘုရင်နှင့် သခင်ယေရှု၏ လက်အောက် ခံဘုရင်ဖြစ်ခြင်းကို လေ့လာပြီးနောက်၊ ယခု ဗျာဒိတ်ကျမ်းသည် ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏ကရုဏာတော်ကို ဖော်ပြပုံကို သုံးသပ်ကြည့်ကြပါစို့။

# ကရုဏာတော်

ပဋိညာဉ်တရား၏အုပ်စိုးသူအဖြစ် ဘုရားသခင်၏ကရုဏာတော်ကို ဗျာဒိတ်ကျမ်းတစ်လျှောက် တွင် ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်နိုင်သည်။ ကိုယ်တော်၏အကြီးမြတ်ဆုံးသောကရုဏာတော်သည် ကျွန်ုပ် တို့၏အပြစ်အတွက် သားတော်ကို အသေခံရန် စေလွှတ်ခြင်းဖြစ်သည်မှာ သေချာသည်။ ဤအကြောင်း အရာကို ဗျာဒိတ် ၁:၅၊ ၅:၉-၁၀၊ ၇:၁၄ နှင့် ၁၄:၃-၄ တွင်ဖော်ပြထားပါသည်။

သို့သော် ဗျာဒိတ် ၁:၆၊ ၁၁:၁၅ နှင့် ၁၇:၁၄ တွင်တွေ့ရသည့်အတိုင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့ အား သူ့ထံသို့ခေါ်ဆိုပုံနှင့်၊ သူ၏နိုင်ငံတော်၏အစိတ်အပိုင်း ဖြစ်စေခြင်း၌ သူ၏လူမျိုးအတွက် ဘုရားသခင်၏တော်ဝင်ကရုဏာတော်ကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရပါသည်။

ဗျာဒိတ် ၇:၃-၄ နှင့် ၉:၄ တွင်ပါရှိသည့်အတိုင်း၊ ကရုဏာတော်အားဖြင့် သူသည် ကျမ်း၌ မယုံကြည်သူများကိုခြိမ်းခြောက်သော တရားစီရင်ခြင်းများစွာမှ သူ၏လူများကို ကင်းလွတ်စေခဲ့သည်။

ဗျာဒိတ်ကျမ်းရှိအသင်းတော်များထံပေးသော ပရောဖက်ပြုချက်ဆိုင်ရာသတိပေးချက်များပင် ကျွန်ုပ်တို့နောင်တရရန် ကောင်းမြတ်သောအခွင့်အလမ်းများဖြစ်သည်။ ပြစ်တင်ရှုတ်ချခြင်းမှ လွတ်ကင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မှုအခွင့်အလမ်းများ လူတို့ရရှိစေရန် ဘုရားသခင်သည် သူ၏တရားစီရင်ခြင်းကို တားမြစ်ခဲ့သည်။ ယောဟန်သည် ဤကရုဏာတော်အမျိုးအစားကို ဗျာဒိတ် ၂:၅၊ ၁၆၊ ၂၁ နှင့် ၃:၃၊ ၁၉ တွင် မှတ်တမ်းတင်ခဲ့သည်။

သို့သော် ဗျာဒိတ်ကျမ်းတွင် ဘုရားသခင်၏ကျေးဇူးတော်နှင့် ကြင်နာမှုကို အတွေ့ရများဆုံး နည်းလမ်းမှာ ဝိညာဉ်ရေးစစ်ပွဲအလယ်တွင် ကိုယ်တော်၏လူများကို ခုခံကာကွယ်ပေးခြင်းအားဖြင့် ဖြစ်သည်။ ထို့ကြောင့် ဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ဤပဋိပက္ခများကြောင့် မိမိလူမျိုးကို ဖျက်ဆီးခြင်းမှ ကာကွယ်တော်မူသည့် ဘုရားသခင်၏ရှင်ဘုရင်ဆိုင်ရာ ကရုဏာတော်အကြောင်း အထူးအာရုံစိုက် ဆွေးနွေးပါမည်။

> ကျွန်ုပ်၏ခန့်မှန်းချက်အရ ဝိညာဉ်ရေးစစ်ပွဲသည် လေးနက်သောခရစ်ယာန်တိုင်းအတွက်ဖြစ်သည်။ ၎င်းသည် ဝိညာဉ်လောကရှိကြောင်း၊ စာတန်ရှိနေကြောင်း၊ ထိုဝိညာဉ်များသည်—ထိုစာတန်— ကျွန်ုပ်တို့ကို မနှစ်သက်ကြောင်း နားလည်ခြင်းဖြစ်သည်။ စာတန်သည် ယေရှုကို တိုက်ခိုက်ပါက၊ ယနေ့ ယုံကြည်သူ၏အသက်တာကို တိုက်ခိုက်မည်ဟု စိတ်ကူးကြည့်နိုင်သည်၊ ကျွန်ုပ်တို့သည် ၎င်းအတွက် အဆင်သင့်ဖြစ်ရန် လိုအပ်ပါသည်။ ဒေကာပိုလိမြို့ကို ယေရှုသွားစဉ်တွင် ပထမဆုံးဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်မှာ နတ်ဆိုးစွဲသည့်လူကို မြင်တွေ့ခဲ့သည်၊ ယနေ့ နတ်ဆိုးစွဲခြင်း များရှိသည်ဟု သင်စိတ်ကူးကြည့်ပါ၊ ၎င်းကို ကျွန်ုပ်တို့အလေးအနက်ထားရန် လိုအပ်ပြီး၊ အလေးအနက်ထားရန်အလို့ငှာ ကိုယ်တော်သည်သန့်ရှင်းတော်မူ သကဲ့သို့ ကျွန်ုပ်တို့သည် သန့်ရှင်းရမည်ဖြစ်သည်။
>
> **Dr Matt Friedeman**

ဓမ္မသစ်ကျမ်းတွင်၊ ဝိညာဉ်ရေးစစ်ပွဲသည် အပြစ်ကိုဆန့်ကျင်သည့် ကျွန်ုပ်တို့၏အတွင်းပိုင်း ရုန်းကန်ခြင်းအဓိကမဟုတ်ဘဲ၊ ဤလောကတွင်လုပ်ဆောင်နေသော ဝိညာဉ်ရေးစွမ်းအားများနှင့် ဘုရားသခင်ကြား ဆက်လက်ဖြစ်ပွားနေသောစစ်ပွဲဖြစ်သည်။ ဘုရားသခင်သည် ဤပဋိပက္ခတွင် ပါဝင်သည့်နည်းလမ်းတစ်နည်းမှာ သူ၏နိုင်ငံတော်ကို ဤဆိုးယုတ်သောအင်အားစုများထံမှ ခုခံကာကွယ်ခြင်းဖြင့်ဖြစ်သည်။ အစောပိုင်းသင်ခန်းစာတွင် ကျွန်ုပ်တို့ဖော်ပြခဲ့သည့်အတိုင်း၊ ဗျာဒိတ်ကျမ်းသည် ဘုရားသခင်၏ သဘာဝလွန်နယ်ပယ်နှင့် ကောင်းကင်တမန်များနှင့် နတ်ဆိုးများ၏သဘာဝလွန်နယ်ပယ် အကြောင်းကို မကြာခဏ ထုတ်ဖော်ပြသပြီး၊ ကျွန်ုပ်တို့နေထိုင်ရာ သဘာဝနယ်ပယ်တွင် ၎င်းတို့၏ သြဇာလွှမ်းမိုးမှုအကြောင်း ပြောဆိုသည်။ ခရစ်ယာန်များ၏အသက်တာ၌ဝိညာဉ်ရေးစစ်ပွဲအားလုံး၏ အနှစ်သာရမှာ ဤသဘာဝလွန်အင်အားစုများသည် ကျွန်ုပ်တို့၏ကမ္ဘာကိုလွှမ်းမိုးရန်၊ ကျွန်ုပ်တို့၏ အသက်တာကို အန္တရာယ်ပြုရန်နှင့် ဘုရားသခင်အပေါ် ကျွန်ုပ်တို့သစ္စာမဲ့စေရန် နတ်ဆိုးများသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အချင်းချင်း တိုက်ခိုက်နေကြပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား နတ်ဆိုးများ၏သြဇာလွှမ်းမိုးမှုနှင့် လုပ်ဆောင်မှုများမှကာကွယ်ရန် ကောင်းကင်တမန်များကို အသုံးပြုထားသည်။

> ဝိညာဉ်ရေးစစ်ပွဲ၏အကြောင်းအရာသည် လူတစ်ဦးစီအတွက် မတူညီသောကြောင့် ခရစ်ယာန်များအတွက် အလွန်ရှုပ်ထွေးပါသည်။ ဤအရာ၏ရလဒ်တစ်ခုမှာ ခရစ်ယာန်များသည် အကြောင်းအရာကို ဆွေးနွေးသောအခါ အစွန်းရောက်သွားလေ့ရှိသည်။ အစွန်းရောက်မှုတစ်ခုမှာ လူများသည် ဖြစ်ပျက်သမျှကို သဘာဝ သို့မဟုတ် သိပ္ပံပညာအရရှင်းပြရန် ကြိုးစားကြပြီး၊ ဝိညာဉ်ရေးစစ်ပွဲ၏ အဖြစ်မှန်ကို လျစ်လျူရှုကြသည်။ သိပ္ပံပညာသည် ဖြစ်ပျက်သမျှအားလုံးကို အလွယ်တကူ မရှင်းပြနိုင်ပါ။ အစွန်းရောက်မှုနောက်တစ်ခုမှာ လူတို့သည် အရာရာတိုင်းတွင် နတ်ဆိုးများကို ရှာဖွေကြပြီး၊ ဝိညာဉ်ရေးဆိုင်ရာထိပ်တိုက်ရင်ဆိုင်မှုအဖြစ် အရာရာကိုမြင်ကြသည်။ သမ္မာတရားသည် တစ်နေရာတွင် ရှိနေသည်ဟု ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်မှုများအတွက် အဆင်သင့်ဖြစ်သောအခါ သို့မဟုတ် ဝိညာဉ်ရေးဆိုင်ရာ၊ ဧဝံဂေလိအစီအစဉ်များတွင် တက်ကြွစွာ ပါဝင်သောအခါ သို့မဟုတ် အခြားသူများကို ဝိညာဉ်ရေးအရ ကူညီသည့်အခါတွင် ဝိညာဉ်ရေးဆန့်ကျင်မှုကို မကြာခဏကြုံတွေ့ရသည်။ ၎င်းသည် ဖျားနာခြင်း သို့မဟုတ် သင့်အား ကူညီရန်တာဝန်ရှိသူတစ်ဦး၏ ကူညီရန်ဆန္ဒမရှိခြင်းအဖြစ် ထင်ရှားနိုင်သည်။ သာမန်နည်းလမ်းဖြင့် ရှင်းမပြနိုင်သော၊ နေရာတိုင်းမှထွက်ပေါ်လာသည့် အတားအဆီးများ ဖြစ်နိုင်သည်။ အမှန်တကယ်တွင်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးလောကသည် ရုပ်လောကတွင် နက်ရှိုင်းစွာပျံ့နှံ့လျက်ရှိသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့၏အသက်တာတွင် ဖြစ်ပေါ်လာသော ရုပ်ပိုင်းဆိုင်ရာ ဖြစ်စဉ်များသည် ဝိညာဉ်လောကရှိ အဖြစ်အပျက်များ၏ ပဲ့တင်ထပ်ခြင်း ဖြစ်နိုင်သည်။ သို့သော် ဤအဖြစ်အပျက်များ၏ အကြောင်းရင်းသည် အဓိက အချက် မဟုတ်ပါ။ ၎င်းတို့တွင် ဝိညာဉ်ရေးဆိုင်ရာ အကြောင်းတရားများ သို့မဟုတ် ကျွန်ုပ်တို့အပြစ်၏အကျိုးဆက်ပင် ရှိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် မည်သည့်နေရာ၌ရှိသည်ဖြစ်စေ၊ မည်သည့်အရာဖြစ်ပျက်သည်ဖြစ်စေ၊ ကျွန်ုပ်တို့၏သခင်သည် ကျွန်ုပ်တို့ကို အကာအကွယ်ပေးကြောင်း နားလည်ထားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သူ၏တန်ခိုး—သူ၏ခွန်အားကို အားကိုးနိုင်သည်။ ကျွန်ုပ်တို့သည် သူ့ထံမှ အထောက်အပံ့ကို ရယူနိုင်သည်။ ၎င်းသည် ကျွန်ုပ်တို့ကြုံတွေ့ရသည့် ဝိညာဉ်ရေးဆိုင်ရာထင်ရှားပြခြင်းများ မည်သို့ပင်ရှိသည်ဖြစ်စေ၊ ကျွန်ုပ်တို့ကို ယုံကြည်မှုရှိစေသည်။ အမှန်တကယ်တွင်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သခင်၊ ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်တို့နှင့် သက်ဆိုင်ပါသည်။ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်၏အလိုတော်မရှိပါက၊ ကျွန်ုပ်တို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဦးခေါင်းမှ ဆံချည်တစ်မျှင်မှ ကျွတ်ကျမည်မဟုတ်ပါ။ ထို့ကြောင့် ဝိညာဉ်ရေးရာ ထိပ်တိုက်ရင်ဆိုင်မှုတိုင်းတွင်၊ အောင်မြင်မှုသည် သခင်ဘုရား၏အောင်ပွဲ ဖြစ်ကြောင်းနှင့်—သူနှင့်အတူ—ကျွန်ုပ်တို့၏အောင်ပွဲလည်းဖြစ်သည်ကို ကျွန်ုပ်တို့စိတ်ချနိုင်ပါသည်။

**- Rev. Ivan Bespalov**

ခရစ်ယာန်များသည် ဝိညာဉ်ရေးစစ်ပွဲတွင် အောင်ပွဲခံကြသည်မှာ သေချာသည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ဖျက်ဆီးရန်၊ သို့မဟုတ် ဘုရားသခင်၏နိုင်ငံတော်ရှိ လေးနက်သောခရစ်ယာန်တိုင်း အတွက်နတ်ဆိုးများသည် မည်သည့်အရာမှ မလုပ်ဆောင်နိုင်ပါ။ ဝိညာဉ်ရေးစစ်ပွဲသည် စိတ်ဓာတ်ကျစေ နိုင်ပြီး ကြိုးစားအားထုတ်ကာ ထိတ်လန့်စရာပင် ဖြစ်နိုင်သည်။ သို့သော် ဘုရားသခင်၏ ကရုဏာတော် ကြောင့်၊ ၎င်းသည် ရေရှည်တွင် ကျွန်ုပ်တို့အပေါ် မည်သည့်အခါမျှ မအောင်မြင်နိုင်ပါ။

ဘုရားသခင်၏ ကရုဏာပဋိညာဉ်အကြောင်း ဆွေးနွေးခြင်းကို သုံးပိုင်းခွဲပါမည်။ ဦးစွာ၊ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် သူ၏နိုင်ငံတော်ကို ကာကွယ်သည့်နည်းလမ်းကို ကြည့်ပါမည်။ ဒုတိယ၊ ဗျာဒိတ်ကျမ်းအပြင် ဓမ္မသစ်ကျမ်းတွင် ကိုယ်တော်သည် သူ၏နိုင်ငံတော်ကို မည်သို့ကာကွယ်ခဲ့ သည်ကို ကြည့်ပါမည်။ တတိယ၊ ဗျာဒိတ်ကျမ်းတွင်တွေ့ရသော ကိုယ်တော်၏ကရုဏာဖြင့်ကာကွယ်မှုကို အာရုံစိုက်ပါမည်။ ဓမ္မဟောင်းကျမ်းတွင်တွေ့ရသော ဘုရားသခင်၏ကရုဏာတော်ဖြင့် စတင်ကြပါစို့။

## ဓမ္မဟောင်းကျမ်း

ဓမ္မဟောင်းကျမ်းတွင် တိုက်ပွဲမှတ်တမ်းများနှင့် ပြည့်နေသည်။ ဣသရေလသည် အိမ်နီးချင်း နိုင်ငံများနှင့် စစ်ဖြစ်လေ့ရှိသည်။ ဣသရေလလူမျိုးတို့သည် အချင်းချင်းအကြိမ်ကြိမ် တိုက်ခိုက်လေ့ ရှိသည်။ သို့သော် ဓမ္မဟောင်းကျမ်းတွင် စစ်ပွဲဆိုင်ရာဖော်ပြချက်အများစုသည် ရုပ်ပိုင်းဆိုင်ရာလက်နက် များဖြင့် လူသားများတိုက်ခိုက်ခြင်းကို မီးမောင်းထိုးပြသော်လည်း၊ မမြင်နိုင်သောဝိညာဉ်ရေးတိုက်ပွဲများ လည်း ဖြစ်ပွားနေကြောင်း ကျွန်ုပ်တို့ကိုဖော်ပြရန်အတွက် သမ္မာကျမ်းစာသည် ရံဖန်ရံခါ ဖုံးအုပ်ထား သော ကုလားကာကို ဖွင့်လှစ်ပြပါသည်။ အမှန်တကယ်တွင်၊ ဤမမြင်နိုင်သောတိုက်ပွဲများသည် လူသား စစ်တပ်၏အောင်မြင်မှု သို့မဟုတ် ကျရှုံးမှုကို ကြီးမားစွာလွှမ်းမိုးခဲ့သည်။

ဤမမြင်နိုင်သောတိုက်ပွဲများသည် တစ်ဖက်တွင် ဘုရားသခင်နှင့် သူ၏သန့်ရှင်းသောကောင်းကင် တမန်များ၊ အခြားတစ်ဖက်တွင် စာတန်နှင့် သူ၏နတ်ဆိုးစစ်တပ်များကြား အစဉ်အမြဲတိုက်သော စစ်ပွဲ ဖြစ်သည်။ ဣသရေလကို ဆန့်ကျင်သော လူသားစစ်တပ်အများစုသည် အခြားဘုရားများနောက်သို့ လိုက်ကြသည်ဟု ယုံကြည်သည်၊ တရားဟောရာ ၃၂:၁၇ တွင်တိုင်းနိုင်ငံများ၏ မိစ္ဆာနတ်ဘုရားများသည် အမှန်တကယ် နတ်ဆိုးများဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဓမ္မဟောင်းကျမ်းတွင်၊ ကောင်းကင်တမန်များနှင့် နတ်ဆိုးများသည် ပထဝီနိုင်ငံရေးပဋိပက္ခ၏နောက်ကွယ်တွင် ရပ်တည်နေခြင်း သို့မဟုတ် အစိတ်အပိုင်းတစ်ခုဖြစ်ခြင်းကို တစ်ခါတစ်ရံ ပုံဖော်ကြသည်။ ကောင်းကင်တမန်များနှင့် နတ်ဆိုးများသည် ဤအဖြစ်အပျက်များနှင့်ပဋိပက္ခများ ပေါ်ပေါက်လာခြင်းအပေါ် ဩဇာလွှမ်းမိုးခဲ့ပုံရသည်။ ဥပမာ၊ ဒံယေလ ၁၀ တွင် ကောင်းကင်တမန် ဂါဗြေလသည် ဒံယေလထံသို့ ရောက်လာကာ "သင်၏စကားသံကို ကြားတော်မူပြီ၊ ထိုစကား ကြောင့်လည်း ငါရောက်လာပြီ။ နောက်တခါ အမြတ်ဆုံးသော မင်းစုထဲက မိက္ခေလသည် ငါ့ကိုအကူလာ၍၊ ငါသည်လည်း ထိုအရပ်၌ ပေရသိမင်းကြီးတို့ထံမှာ ဆိုင်းလင့်၍ နေရ၏။"ဟု ဆိုသည်။ ဤအရာများသည် လျှို့ဝှက်ဆန်းကြယ်သော စာသားများဖြစ်ကြပြီး၊ ၎င်းသည် မည်သည့်အရာဆိုလိုကြောင်း၊ ဤဖြစ်ရပ်များသည် မည်သို့ပေါ်ပေါက်လာကြောင်းနှင့် ပဋိပက္ခ၏ဖြစ်စဉ်ကို အတိုင်းအတာတစ်ခုအထိ အတိအကျနားလည်ရန် ခဲယဉ်းပါသည်။ သို့သော် ကောင်းကင်တမန်များနှင့် နတ်ဆိုးများသည် တစ်နည်းတစ်ဖုံ နောက်ကွယ်တွင် ရပ်တည်နေကြသည် သို့မဟုတ် ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခကို ထိခိုက်စေသည်ကို ကျွန်ုပ်တို့မြင်ရသည်။ ဓမ္မဟောင်း ပရိသတ်အတွက်၊ တိုင်းနိုင်ငံများအကြားဖြစ်သည့် ဤပဋိပက္ခများသည် လူသား သို့မဟုတ် သဘာဝဖြစ်ရပ်များ မဟုတ်ပါ၊ သို့သော် ၎င်းတို့အားလုံးတွင် သဘာဝလွန်နောက်ခံအကြောင်းအရာ ရှိကြသည်။ ကောင်းကင်တမန်များသည် နတ်ဆိုးများနှင့် ပဋိပက္ခဖြစ်ခဲ့ကြသည်။ သဘာဝလွန် ကောင်းကင်ဗိုလ်ခြေများသည် မြေကြီးပေါ် ရှိဗိုလ်ခြေများ တိုက်ခိုက်နေကြသည့်ပုံစံအတိုင်း တိုက်ခိုက်နေကြသည်။ သူတို့၏ပတ်ဝန်းကျင်တွင် ဖြစ်ပျက်ခဲ့သည့်အရာအားလုံး၏ နောက်ခံအကြောင်းအရာကို သူတို့နားလည်ကြပြီး၊ ပါရှားမင်းသားများနှင့်ပက်သက်သည့် တစ်စုံတစ်ရာကြောင့် ဂါဗြေလသည် သူ့ထံသို့လာရာတွင် ချုပ်နှောင်ခံရခြင်း သို့မဟုတ် အဟန့်အတားဖြစ်နိုင်သည်ကို ဒံယေလသည် အံ့ဩမည်မဟုတ်ပါ။

**Dr Scott Redd**

ကောင်းကင်တမန်များနှင့် နတ်ဆိုးများကြား မမြင်နိုင်သော တိုက်ပွဲများကို မီးမောင်းထိုးပြသည့် ဥပမာများကို ထွက်မြောက်ရာ ၇-၁၅ တွင် တွေ့နိုင်သည်။ မောရှေ၏ကာလတွင်၊ ဘုရားသခင်၏လူများသည် အီဂျစ်လူမျိုးများ၏ ကျွန်ဖြစ်ခဲ့ကြသည်။ သို့သော် ဘုရားသခင်သည် သူ၏လူများကို အာဏာရှင်စနစ်မှ ကယ်တင်ရန်အတွက် အီဂျစ်နှင့် တစ်ပါးအမျိုးသားတို့၏နတ်ဘုရားများကို စစ်တိုက်ရန် သူ၏ကောင်းကင်တမန်တပ်များကို ပို့ဆောင်ခဲ့သည်။ သူသည် အီဂျစ်အိမ်တိုင်းရှိ သားဦးကို သေစေခဲ့သော ကောင်းကင်တမန်အပါအဝင် အီဂျစ်လူတို့အပေါ် ဘေးဒဏ်ဆယ်မျိုးစေလွှတ်ခြင်းဖြင့် စတင်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့နောက် အီဂျစ်စစ်တပ်ကို ပင်လယ်နီတွင် နစ်မြုပ်ခြင်းဖြင့် သူ၏တန်ခိုးကို အထွတ်အထိပ်ပြသကာ သူ၏လူများကို ကယ်တင်ခဲ့သည်။

> ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း သမ္မာကျမ်းစာတစ်အုပ်လုံးတွင်၊ ဘုရားသခင် ထုတ်ဖော်ပြသသည့် အဓိကနည်းလမ်းများအနက်မှတစ်ခုမှာ သူသည် စစ်သူရဲဖြစ်ကြောင်း ဖြစ်သည်။ အဲဂုတ္တုလူများကို အောင်မြင်ပြီးနောက် ပင်လယ်နီတွင်မောရှေ သီဆိုသည့် အကျော်ကြားဆုံး ကျမ်းပိုဒ်တစ်ခုမှာ “ထာဝရဘုရားသည် စစ်သူရဲဖြစ်တော်မူ၏။ ထာဝရဘုရားတည်းဟူသော နာမတော်ရှိတော်မူ၏။"ဖြစ်သည်။ ထာဝရဘုရားသည် ဘုရားသခင်ဟူသော ရှည်လျားသောအသုံးအနှုန်း၏ အတိုကောက်ဖြစ်ပြီး၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားဟု အဓိပ္ပါယ်ရသော Yahweh Sabaoth ဖြစ်သည်။ ဘုရားသခင်သည် မည်သူဖြစ်သည်ဟူသော အဓိကအနှစ်သာရနှင့်ပတ်သက်၍ ထွက်မြောက်ရာကျမ်း ၁၅:၃ တွင် မောရှေပြောခဲ့သည့်အရာမှာ၊ ကိုယ်တော်၏ စစ်သူရဲအယူအဆဖြစ်သည် ဘုရားသခင်သည် စစ်သူရဲဖြစ်သည်။
>
> **Dr Richard L. Pratt, Jr.**

ထို့နောက် ထွက်မြောက်ရာကျမ်း ၁၅:၁၁ တွင် မောရှေသီဆိုခဲ့သည်မှာ–

> အို ထာဝရဘုရား၊ ဘုရားများတို့တွင် အဘယ်မည်သော ဘုရားသည် ကိုယ်တော်နှင့်တူပါသနည်း။ သန့်ရှင်းခြင်းအားဖြင့် ဘုန်းကြီးတော်မူထသော၊ ချီးမွမ်းခြင်းကို ခံစဉ်တွင်၊ ကြောက်မက်ဘွယ် ဖြစ်တော်မူထသော၊ အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူသော၊ ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း။ (ထွက်မြောက်ရာ ၁၅:၁၁)။

မောရှေနှင့်သူ၏စာဖတ်သူများသည် ဤမေးခွန်း၏အဖြေကို သိခဲ့ကြသည်။ ကိုယ်တော်နှင့် မည်သည့်ဘုရားမှ မတူပါ။ နောက်ဆုံး၊ စစ်မှန်သောဘုရားသခင်၏ အီဂျစ်စစ်တပ်တစ်ခုလုံးကို ဖျက်ဆီးခြင်းအား အီဂျစ်နတ်ဘုရားများသည် တားဆီးနိုင်စွမ်းမရှိကြပေ။

ဓမ္မဟောင်းကျမ်းတွင် ဤကဲ့သို့သောဥပမာများ ပြည့်နေပါသည်။ ဘုရားသခင်သည် စစ်တိုက်ရာတွင် ဣသရေလတို့ကိုဦးဆောင်ခဲ့သော ဣသရေလ၏စစ်သူရဲဘုရင်အဖြစ် မိမိကိုယ်ကို မကြာခဏ သတ်မှတ်ခဲ့သည်။ သို့သော် ဤတိုက်ပွဲများသည် လူသားရန်သူများကို တိုက်ခိုက်ရုံမျှမက၊ တိုင်းနိုင်ငံများ၏မိစ္ဆာနတ်ဘုရားများကို စစ်တိုက်ရာတွင်လည်း ဘုရားသခင် အမြဲပါဝင်သည်။

သာဓကအားဖြင့်၊ ၄ ဓမ္မရာဇဝင် ၁၉ တွင်၊ အာရှုရိနတ်ဘုရားများသည် ဣသရေလတို့၏ဘုရားသခင်ထက် တန်ခိုးကြီးသည်ဟု ယုံကြည်သောကြောင့်၊ အာရှုရိရှင်ဘုရင် သနာခရိပ်သည် ယုဒရှင်ဘုရင် ဟေဇကိအား ကဲ့ရဲ့ရှုတ်ချခဲ့သည်။

ထို့ကြောင့်၊ ၄ ဓမ္မရာဇဝင် ၁၉:၁၇-၁၉ တွင်၊ ယေဇကိသည် ဤသို့ဆုတောင်းခဲ့သည်_

> အိုထာဝရဘုရား၊ အကယ်စင်စစ် အာရှုရိ ရှင်ဘုရင်တို့သည် အတိုင်းတိုင်း အပြည်ပြည်တို့ကို ဖျက်ဆီး၍၊ သူတို့၏ဘုရားများကို မီးထဲသို့ချပစ်ကြပါပြီ။ ထိုဘုရားတို့သည် ဘုရားမဟုတ်၊ လူလက်ဖြင့်လုပ်သော သစ်သားနှင့် ကျောက်ဖြစ်သောကြောင့် ပျက်စီးခြင်းသို့ ရောက်ကြပါပြီ။ အိုအကျွန်ုပ်တို့ ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော် ထာဝရဘုရား တပါးသောဘုရားသခင် ဖြစ်တော်မူသည်ကို မြေကြီးပေါ်မှာရှိသမျှသော တိုင်းနိုင်ငံတို့သည် သိမည် အကြောင်း၊ အကျွန်ုပ်တို့ကို ထိုမင်းလက်မှ ယခုကယ်တော်မူပါ (၄ ဓမ္မရာဇဝင် ၁၉:၁၇-၁၉)။

အာရှုရိလူတို့နှင့်တိုက်ပွဲသည် သနာခရိပ်နှင့် သူ၏တပ်များကိုသာ တိုက်ခိုက်ခြင်းမဟုတ်ကြောင်း ယေဇကိနားလည်ခဲ့သည်။ ၎င်းသည် သခင်ဘုရားနှင့် အာရှုရိနတ်ဘုရားများကြား ဝိညာဉ်ရေးတိုက်ပွဲဖြစ်သည်။ ထို့ကြောင့် သူသည် စစ်တိုက်ရာတွင် အောင်မြင်မှုရရှိရန်အတွက်သာမက၊ သူတို့၏နတ်ဘုရားများအပေါ် သခင်ဘုရားအားချီးမြှောက်ခြင်းငှာ ဆုတောင်းခဲ့သည်။

ဘုရားသခင်သည် သူ၏ဆုတောင်းချက်ကို ဖြေကြားတော်မူခဲ့သည်။ ထိုညတွင် ကောင်းကင်တမန်တစ်ပါးသည် အာရှုရိစစ်တပ်မှ လူပေါင်း ၁၈၅,၀၀၀ ကို သတ်ခဲ့ပြီး၊ သနာခရိပ်သည် ရှုံးနိမ့်ကာ အိမ်သို့ပြန်ခဲ့သည်။ ယေဇကိစစ်တပ်သည် အာရှုရိလူများကို စစ်တိုက်ရန်ပင် မလိုပါ။ ဘုရားသခင်၏ ဝိညာဉ်စွမ်းအားသည် လူသား၏စစ်တပ်ကို လုံးဝဖျက်ဆီးပစ်လိုက်သည်။

> ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏ အထင်ရှားဆုံးသော သရုပ်ဖော်ပုံများထဲမှ တစ်ခုမှာ၊ ဘုရားသခင်၏ ရှင်ဘုရင်အခန်းကဏ္ဍဖြစ်သည်၊ ဘုရင်တစ်ဦးအနေဖြင့်၊ ကိုယ်တော်သည် ရှေးခေတ်အရှေ့အလယ်ပိုင်းရှိ အခြားဘုရင်များကဲ့သို့ ရှင်ဘုရင်တာဝန်ကိုဖော်ပြသော များပြားလှသောလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်များထဲမှတစ်ခုမှာ စစ်မှုထမ်းခြင်းဖြစ်သည်။ ရှေးခေတ်အရှေ့အလယ်ပိုင်းတွင် ဘုရင်သည် စစ်တပ်၏ခေါင်းဆောင်၊ မိမိနိုင်ငံတော်စစ်တပ်များ၏ခေါင်းဆောင်အဖြစ် သတ်မှတ်ခံရပြီး အကြီးမြတ်ဆုံးစစ်သူရဲလည်းဖြစ်သည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းတစ်လျှောက် ဘုရားသခင်၏စစ်သူရဲဖြစ်ခြင်းသည် စစ်သူရဲဘုရင်တစ်ပါးအဖြစ် ဘုရားသခင်ကိုပုံဖော်ထားသည်။ သူသည်ထွက်၍ ခုခံသည်၊ တိုက်ပွဲဝင်သည်၊ ကယ်လွှတ်သည်၊ မိမိလူမျိုးကို ကာကွယ်သည်။ စစ်သူရဲဘုရင်အဖြစ် ဘုရားသခင်၏အခန်းကဏ္ဍသည် သက်သာခြင်းနှင့် နှစ်သိမ့်မှုဖြစ်စေသည်သာမက၊ ယုံကြည်စိတ်ချမှုအတွက်လည်း အကြောင်းရင်း တစ်ခုဖြစ်သည်။ ပတ်ဝန်းကျင်လောကသို့ ကျွန်ုပ်တို့သွားသောအခါ၊ သူတို့၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်သည် စစ်သူရဲဖြစ်တော်မူပြီး၊ သူတို့အတွက် ထွက်၍တိုက်ခိုက်တော်မူသဖြင့်၊ သူတို့ကိုကာကွယ်စောင့်ရှောက်ပေးကာ အောင်ပွဲခံတော်မူမည်ဖြစ်ကြောင်း ဘုရားသခင်၏လူများအနေဖြင့် ကျွန်ုပ်တို့သည် စိတ်ချနိုင်သည်။

**Dr Scott Redd**

ကြွလာရေလလူမျိုး၏ စစ်မှန်သောဘုရားသခင်နှင့် လူမျိုးများ၏မိစ္ဆာနတ်ဘုရားများကြား ဝိညာဉ်ရေးဆိုင်ရာ ပဋိပက္ခများနှင့်ပတ်သက်၍ ဓမ္မဟောင်းစစ်ပွဲ၏ ဇာတ်လမ်းများသည် ရှင်းလင်းပြတ်သားစွာ ဖော်ပြခြင်းမရှိပါ။ သို့သော်ငြားလည်း၊ ဓမ္မဟောင်းကျမ်းက ရုပ်ပိုင်းဆိုင်ရာတိုက်ပွဲများသည် ဝိညာဉ်ရေးတိုက်ပွဲများ၏ ကြီးစွာသောလွှမ်းမိုးမှုရှိကြောင်း အမြဲပြသသည်။

ဓမ္မဟောင်းကျမ်းတွင် သူ၏နိုင်ငံတော်ကို ကာကွယ်ခြင်းဖြင့် ဘုရားသခင်သည် သူ၏ကရုဏာတော်ကို သက်သေပြပုံကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပြီးနောက်၊ ယခုဓမ္မသစ်ကျမ်း၏ ဝိညာဉ်ရေးစစ်ပွဲတွင် တွေ့ရသော ကိုယ်တော်၏ကရုဏာတော်ကို အာရုံစိုက်ကြပါစို့။

## ဓမ္မသစ်

ဓမ္မသစ်ကျမ်း၌၊ ဝိညာဉ်ရေးစစ်ပွဲတွင် မြေကြီးပေါ်ရှိစစ်တပ်များမပါဝင်ပါ။ ထို့ကြောင့်၊ ဝိညာဉ်ရေးစစ်ပွဲတွင် ဘုရားသခင်၏ကရုဏာတော်အကြောင်း ၎င်း၏ဖော်ပြချက်များသည် သဘာဝလွန်နယ်ပယ်ရှိ မမြင်နိုင်သောပဋိပက္ခများနှင့် ဤဝိညာဉ်ရေးပဋိပက္ခများသည် သဘာဝနယ်ပယ်အပေါ် မည်ကဲ့သို့လွှမ်းမိုးမှုရှိသည်ကို အဓိကဖော်ပြသည်။ ယခုအခါ ဓမ္မဟောင်းကျမ်းကဲ့သို့ပင်၊ ဘုရားသခင်၊ ကောင်းကင်တမန်များနှင့် နတ်ဆိုးများသည် လူသားတို့၏စစ်ပွဲများနှင့် နိုင်ငံတကာရေးရာများတွင် ပါဝင်နေဆဲဖြစ်သည်။ သို့သော် ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်၏ကရုဏာဖြင့်ကာကွယ်မှု၏ အဓိကအချက်မှာ ကိုယ်တော်၏သစ္စာရှိလူများကို နတ်ဆိုးတန်ခိုးများထံမှ ကင်းဝေးစေပုံဖြစ်သည်။

ဓမ္မဟောင်းကျမ်းကဲ့သို့ပင်၊ ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်သည် မိမိ၏လူတို့ကို ကြင်နာစွာ ကာကွယ်ပေးသည့် နည်းလမ်းများစွာကို ဖော်ပြထားသည်။ ထို့ကြောင့်အချိန်ကိုထောက်၍၊ ကျွန်ုပ်တို့၏ဆွေးနွေးမှုကို နှစ်ချက်သာ ကန့်သတ်ပါမည်။ ပထမ၊ ဝိညာဉ်ရေးစစ်ပွဲတွင် ဘုရားသခင်၏ကရုဏာဖြင့် ကာကွယ်မှုကို ခရစ်တော်၏အောင်မြင်မှု၌ ဖော်ပြထားသည်။

### ခရစ်တော်၏အောင်မြင်မှု

ဓမ္မသစ်ကျမ်းတွင် ယေရှု၏အသက်တာ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ကို အပြစ်နှင့် ၎င်း၏အကျိုးဆက်များအပေါ်သာမက၊ ဘုရားသခင်၏ဝိညာဉ်ရေးရန်သူများအပေါ်တွင်လည်း အောင်မြင်မှုတစ်ခုအဖြစ် ဖော်ပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှု၏အသက်တာသည် နည်းမျိုးစုံဖြင့် နတ်ဆိုးများကိုအောင်နိုင်ခဲ့သည်။ အထူးသဖြင့် နတ်ဆိုးများကိုနှင်ထုတ်ခြင်းများအားဖြင့် သရုပ်ပြခဲ့သည်။ မဿဲ ၁၂:၂၅-၂၈ တွင် ဤအရာကို ကျွန်ုပ်တို့ တွေ့မြင်ရပြီး၊ ၎င်းတွင် ဘုရားသခင်၏နိုင်ငံတော်သည် ရောက်လာသောကြောင့်၊ ကြီးမားသောတန်ခိုးနှင့် နတ်ဆိုးများ ကို သူသည် နှင်ထုတ်နိုင်ခဲ့ကြောင်း ယေရှု သွန်သင်ခဲ့သည်။

ခရစ်တော်၏အသေခံခြင်းနှင့်ပတ်သက်၍ ကောလောသဲ ၂:၁၅ တွင် ပေါလုရေးသားခဲ့သည်ကို နားထောင်ပါ_

> အထွတ်အမြတ်၊ အာဏာစက်များကို လုယူလျှင် (ခရစ်တော်သည်) ထင်ရှားစွာ ထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကိုခံတော်မူပြီ (ကောလောသဲ ၂း၁၅)။

ဤကျမ်းပိုဒ်တွင် အထွတ်အမြတ်၊ အာဏာစက်များသည် နတ်ဆိုးတန်ခိုးများဖြစ်သည်။ လက်ဝါး ကပ်တိုင်မှာ ခရစ်တော်ပြုခဲ့သည့်အရာကြောင့် သူတို့သည် အစွမ်းမဲ့ကာ ရှုံးခဲ့ကြသည်။ ဟေဗြဲ ၂:၁၄ တွင် ဤတူညီသောအယူအဆကို ကျွန်ုပ်တို့တွေ့မြင်ရသည်။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ တက်ကြွခြင်းသည်လည်း သူ၏လူတို့ အား ဘုရားသခင်၏ ကရုဏာအကာအကွယ်ကို ပေးခဲ့သည်။ ဥပမာ၊ ၎င်းတို့သည်ယေရှုအား ကိုယ်တော် ၏ရန်သူအားလုံးကို အုပ်စိုးခွင့်ရရှိစေခဲ့သောကြောင့်၊ ကိုယ်တော်သည် အသင်းတော်ကို ကာကွယ်ပြီး ကောင်းချီးမင်္ဂလာပေးနိုင်သည်။ ဤအယူအဆကို မဿဲ ၂၈:၁၈-၂၀၊ ဖေက် ၁:၁၉-၂၃၊ နှင့် ၁ ပေတရု ၃:၂၂ တို့တွင် ရှင်းလင်းစွာ သွန်သင်ထားသည်။

ဓမ္မသစ်ကျမ်း၌ ဝိညာဉ်ရေးစစ်ပွဲတွင် ဘုရားသခင်၏ကရုဏာတော်အကြောင်း ပြောဆိုသည့် ဒုတိယနည်းလမ်းမှာ နတ်ဆိုးနှင့် သူ၏အကြံအစည်များကို တွန်းလှန်နိုင်သည့် သန့်ရှင်းသောဝိညာဉ်တော် ၏တန်ခိုးကို ဖော်ပြခြင်းအားဖြင့်ဖြစ်သည်။

## သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး

သခင်ယေရှုသည် ဘုရားသခင်ကိုနာခံ၍အသက်ရှင်ကာ၊ လက်ဝါးကပ်တိုင်တွင်အသေခံ၍ သေခြင်းမှထမြောက်ပြီး ကောင်းကင်သို့တက်ကြွသောအခါတွင် သူ၏ရန်သူများနှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရန်သူအားလုံးအပေါ် တန်ခိုးအာဏာရရှိခဲ့သည်။ သို့သော် ယခုအချိန်တွင်၊ သူသည် ကျွန်ုပ်တို့ ၏ရန်သူများကို အကြွင်းမဲ့ဖျက်ဆီးပစ်ရန် ထိုစွမ်းအားကို မသုံးသေးပါ။ အမှန်တကယ်တွင်၊ ဘုရားသခင် သည် နတ်ဆိုးများကို နည်းအမျိုးမျိုးဖြင့် ကမ္ဘာကြီးကိုလွှမ်းမိုးရန် ခွင့်ပြုဆဲဖြစ်သည်။ သို့သော် ကိုယ်တော်သည်ကျွန်ုပ်တို့အား ၎င်းတို့ကိုတွန်းလှန်နိုင်စေရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တန်ခိုး ခွန်အား ပေးထားသည်။ ဤအကြောင်းကို ဂလာတိ ၃:၂-၃၊ ဖေက် ၃:၁၆၊ ကောလောသဲ ၁:၉-၁၁ နှင့် အခြားနေရာများစွာတွင် တွေ့မြင်ရသည်။

ဥပမာတစ်ခုအနေနှင့် ယာကုပ် ၄း၅-၇ ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ငါတို့၌ တည်နေသော ဝိညာဉ်တော်သည်…ထိုဝိညာဉ်တော်သည် သာ၍များသော ကျေးဇူးကိုပြုတော်မူ၏။…ထိုကြောင့်၊ ဘုရားသခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေးသွားလိမ့်မည် (ယာကုပ် ၄း၅-၇)။

ဤတွင်၊ သန့်ရှင်းသောဝိညာဉ်တော်မှ ကျွန်ုပ်တို့ရရှိသောကျေးဇူးတော်သည် ဝိညာဉ်ရေးစစ်ပွဲအတွက် ကျွန်ုပ်တို့အား ခွန်အားပေးကြောင်း၊ ဘုရားသခင်ထံ ကျွန်ုပ်တို့သစ္စာစောင့်သိပြီး နတ်ဆိုးများ၏သွေးဆောင်မှုနှင့် ဩဇာလွှမ်းမိုးမှုကိုတွန်းလှန်ရန် ကူညီပေးကြောင်း ယာကုပ်သွန်သင်ခဲ့သည်။

> ဝိညာဉ်ရေးရာစစ်ပွဲအတွက် ကျွန်ုပ်တို့ကို ခွန်အားဖြစ်စေရန် သန့်ရှင်းသော ဝိညာဉ်တော်လုပ်ဆောင်ပေးသည့် ပထမဆုံးအရာမှာ ဝိညာဉ်ရေးနယ်ပယ်ကို သိရှိနားလည်စေရန်ဖြစ်သည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ မြင်နိုင်၊ ခံစားနိုင်သောအရာကိုသာ အာရုံစိုက်လေ့ရှိတတ်ကြသည်။ သို့သော် ကျွန်ုပ်တို့ ပါဝင်ပြီးတိုက်ပွဲဝင်နေသည့် ဝိညာဉ်ရေးနယ်ပယ်တစ်ခုရှိကြောင်း သိရှိနားလည်ရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာနယ်ပယ်အကြောင်းကို ဦးစွာသိရှိစေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား အပြစ်၏ပြဋ္ဌာန်းချက်ကိုပေးသည်။ ကျွန်ုပ်တို့၏အသက်တာသည် အပြစ်ကို အောင်နိုင်သည်နှင့်အမျှ ပထမအချက်မှာ ထိုအပြစ်ကို သတိပြုမိရန် ဖြစ်ပြီး၊ ထို့နောက် အပြစ်ကိုအောင်မြင်ရန် ကျွန်ုပ်တို့အား တန်ခိုးအစွမ်းပေးတော်မူသည်။ ထို့အပြင်၊ ဆုတောင်းခြင်းနှင့် တိုက်ပွဲတွင် ကျွန်ုပ်တို့ကိုဦးဆောင်ဖို့ရန် ကျွန်ုပ်တို့၏ဘဝတွင် ကိုယ်တော်၏အခန်းကဏ္ဍသည် အရေးကြီးပါသည်။

**Dr K. Erik Thoennes**

ဖေက် ၆ တွင် ပေါလုသည် ဝိညာဉ်ရေးစစ်ပွဲတွင် ကျွန်ုပ်တို့အား ဘုရားသခင်ကာကွယ်ပေးပုံကို ဖော်ပြရန်အတွက် စစ်သားတစ်ဦး၏လက်နက်ဥပမာများကို အသုံးပြုခဲ့သည်။ အတိအကျပြောရလျှင်၊ ဘုရားသခင်၏ လက်နက်အပြည့်အစုံကို ဝတ်ဆင်ထားသည့် ခရစ်ယာန်များအကြောင်း သူပြောခဲ့သည်။

ဖေက် ၆:၁၂-၁၃ မှနတ်ကပတ်တော်များကို နားထောင်ပါ_

> အကြောင်းမူကား ကျွန်ုပ်တို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်။ အထွတ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌ နေသော နတ်ဆိုးတို့နှင့်၎င်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏။ ထိုကြောင့်၊ ခဲယဉ်း ဆိုးယုတ်သော နေ့ရက်ကာလ၌ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့ (ဖေက် ၆း၁၂-၁၃)။

ထို့နောက် အခန်းငယ် ၁၇ နှင့် ၁၈ တွင်၊ ပေါလုက သန့်ရှင်းသောဝိညာဉ်တော်သည် ဤလက်နက်စုံကိုတပ်ဆင်ရာတွင်လည်းကောင်း၊ တိုက်ပွဲတွင် ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုနှင့် စွမ်းအားအဖြစ်လည်းကောင်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်ဟု ဆက်လက်ပြောဆိုခဲ့သည်။ သူပြောသည်ကို နားထောင်ကြည့်ပါ_

> ဘုရားသခင်၏နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ထားကိုငင်း ယူကြလော့။ ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဌာနာပြုခြင်း အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့ (ဖေက် ၆း၁၇-၁၈)။

သခင်ယေရှုသည် သူစတင်ခဲ့သောအရာကို အပြီးသတ်ရန် ပြန်မလာမည်တိုင်အောင်၊ ဓမ္မသစ်ကျမ်းက ဤကမ္ဘာတွင် လုပ်ဆောင်ဆဲဖြစ်သော သဘာဝလွန်အင်အားစုများကို တိုက်ခိုက်သောဝိညာဉ်ရေးစစ်ပွဲတွင် ကျွန်ုပ်တို့အားပါဝင်ရန် ခေါ်ထားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား လက်နက်များနှင့် လုပ်ဆောင်ရန် ခွန်အားပေးမည်ဟု ကတိပြုထားသည်။

၂ ကောရိန္သု ၁၀:၄ တွင် ပေါလုပြောခဲ့သည့်အတိုင်း_

> ငါတို့စစ်တိုက်၍သုံးစွဲသော လက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုး တော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏ (၂ ကောရိန္သု ၁၀:၄)။

ကျွန်ုပ်တို့၏လက်နက်များသည် သန့်ရှင်းသောဝိညာဉ်တော်မှ ဆင်းသက်လာသောကြောင့် ဘုရားတန်ခိုးရှိသည်။ ၎င်းတို့သည် မှားယွင်းသောသွန်သင်ချက်မှသည် မာရ်နတ်တိုင်အောင် ဝိညာဉ်ရေးအန္တရာယ်အားလုံးကို ထိရောက်စွာ တိုက်ဖျက်နိုင်သည်။

> ရင်ဆိုင်တိုက်ကြပါစို့၊ မာရ်နတ်သည် ကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့အား ဝမ်းနည်းကြေကွဲစေမည်ဖြစ်သည်။ ဤသို့ဖြစ်လာသောအခါ၊ မေးရန်မေးခွန်းမှာ မျှော်လင့်ချက်ရှိသေးသလော။ ကျွန်ုပ်တစ်ဦးတည်းလော။ ဘုရားသခင်သည် ၎င်းကိုသိပြီး၊ တစ်စုံတစ်ရာလုပ်ဆောင်နေသလော။ အဖြေမှာ၊ ကိုယ်တော်သည် လုပ်ဆောင်နေပါသည်၊ မာရ်နတ်၏တိုက်ခိုက်မှုမှန်သမျှကို ကျော်လွှားရန် ကျွန်ုပ်တို့အား ကြွယ်ဝသောတန်ခိုးကို ပေးသနားတော်မူခဲ့ပါသည်။ ဤကျမ်းပိုဒ်တစ်လျှောက် ကျွန်ုပ်အနှစ်သက်ဆုံး စာပိုဒ်ကို ယခုပင်ဖတ်ပြချင်ပါသည်။ ၁ယော ၄း၃-၄၊ ယောဟန်က "…ယေရှုခရစ်ကိုဝန်မခံသောဝိညာဉ်မည်သည်ကား၊ ဘုရားသခင်နှင့်မစပ်ဆိုင်။ ထိုသို့သောဝိညာဉ်ကား၊ သင်တို့သည် ကြားခဲ့ပြီး သည်အတိုင်း ဤလောကသို့လာမည်ဖြစ်၍၊ ယခုပင် လာလျက်ရှိသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အန္တိခရစ်၏ ဝိညာဉ်ဖြစ်၏။ ချစ်သားတို့၊ သင်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ထိုသူတို့ကိုလည်းအောင်ကြပြီ။ အကြောင်းမူကား၊ သင်တို့ ဘက်၌ရှိသောသူသည် လောကဘက်၌ရှိသောသူထက်သာ၍ကြီးတော်မူ၏။" ဘုရားသခင်က ကျွန်ုပ်တို့တွင် သာ၍ကြီးမားသောတန်ခိုးရှိကြောင်း ကတိပြု ထားသည်။ ၎င်းသည် အစွမ်းတန်ခိုးဆိုင်ရာတိုက်ပွဲဖြစ်သည်။ ကျွန်ုပ်တို့တွင် ဘုရားသခင်ရှိခြင်းမှလွဲ၍၊ မာရ်နတ်သည် ကျွန်ုပ်တို့ထက် သာလွန်သော အစွမ်းတန်ခိုးရှိသည်။

**— Mr. Steve Douglass**

ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း၏ ဝိညာဉ်ရေးစစ်ပွဲတွင် ဘုရားသခင်သည် သူ၏ကရုဏာတော်အား ဖော်ပြပုံကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပြီးနောက်၊ ယခုဗျာဒိတ်ကျမ်းတွင် ကိုယ်တော်၏လူများကိုကာကွယ် ပေးပြီး သူတို့၏ရန်သူများကို တိုက်ထုတ်ပေးပုံကို အာရုံစိုက်ကြပါစို့။

## ဗျာဒိတ်ကျမ်း

အထူးသဖြင့် အခန်းကြီး ၁၂ တွင် ကျွန်ုပ်တို့ကိုဗျာဒိတ်ကျမ်း သွန်သင်ပေးသည့် အရာမှာ၊ ကမ္ဘာမြေကြီးပေါ်တွင် ဖြစ်ပျက်နေသည့်အရာသည် ကောင်းကင်ဘုံ၌ ဖြစ်ပျက်နေသည့်အရာများနှင့် ဆက်စပ်နေပြီး၊ ဝိညာဉ်ရေးစစ်ပွဲသည် သမိုင်းတွင် အမှန်တကယ်ဖြစ်ပျက်နေသည့်အရာများသည် ကျွန်ုပ်တို့၏အသက်တာတွင် အမှန်တကယ်ဖြစ်ပျက်နေသည့်အရာများနှင့် အမှန်တကယ်သက်ဆိုင်ကြောင်း၊ ဝိညာဉ်ရေးစွမ်းအားများသည် သမိုင်းတွင်ပါဝင်နေပြီး၊ နဂါးကြီးစာတန်သည် သားရဲနောက်ကွယ်တွင် အလုပ်လုပ်နေပြီး ယင်းတို့သည် ဆက်စပ်နေကြောင်း၊ ခရစ်ယာန်များ လိုအပ်သော အကာအကွယ်ကို လောဒိကိမြို့နှင့် ဧဖက်မြို့ရှိ စစ်မှန်သောအသင်းတော်များနှင့် အသိုင်းအဝိုင်းများတွင်သာမက၊ ရှင်ပြန်ထမြောက်သောသိုးသငယ်၌လည်းတွေ့နိုင်ကြောင်းသွန်သင်သည်ဟု ထင်ပါသည်။ ထို့ကြောင့် စာတန်နှင့် ကောင်းကင်ဘုံ၌ ဖြစ်ပျက်နေသည့် အရာများ၊ ယေရှုနှင့် ဖြစ်ပျက်နေသည့်တိုက်ပွဲကြား အပြန်အလှန် ဆက်နွယ်မှု သည် ပထမရာစုသမိုင်းတွင်သာမက ယခုလည်းထင်ရှားနေသည်။ ထို့ပြင် ခရစ်ယာန်များသည် သူတို့၏ယုံကြည်ခြင်းအတွက် ဒုက္ခဆင်းရဲခံစားနေရသည့် ယခုကမ္ဘာကြီးတွင် ထိုအရာများ ဖြစ်ပျက်နေသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည်။ ၎င်းသည်လုပ်ရှားနေသည့် နိုင်ငံရေး အင်အားစုများသာမဟုတ်ပါ။ နတ်ဆိုးအင်အားစုများဖြစ်သည်။

**Dr Greg Perry**

ဗျာဒိတ်ကျမ်းတစ်လျှောက်၊ ယောဟန်သည် လူသားများအပြစ်ထဲသို့ ကျဆုံးချိန်မှစ၍ဖြစ်ပွား နေသည့် ဝိညာဉ်ရေးပဋိပက္ခများသည် ခရစ်တော်တစ်ဖန်ကြွလာချိန်တိုင် ဆက်လက်ရှိနေမည်ဖြစ် ကြောင်း ခရစ်ယာန်များအား သတိပေးခဲ့သည်။ ယောဟန်သည် ဤဝိညာဉ်ရေးပဋိပက္ခကို ဗျာဒိတ် ၁၂ တွင် သားရဲနှင့် မိန်းမကြားစစ်ပွဲအဖြစ်လည်းကောင်း၊ ဗျာဒိတ် ၁၃ တွင် ပင်လယ်မှထွက်လာသော သားရဲနှင့် မြေကြီးမှထွက်လာသောသားရဲတို့၏စစ်ပွဲအဖြစ်လည်းကောင်း ဖော်ပြခဲ့သည်။ ယောဟန်သည် သူ၏စာဖတ်သူများကို သူတို့ကြုံတွေ့နေရသော နှိပ်စက်ညှဥ်းပန်းမှုနှင့် သွေးဆောင်မှုများသည် ခရစ်တော်နှင့် သူ၏ရန်သူများကြား ဝိညာဉ်ရေးဆိုင်ရာပဋိပက္ခမှ တိုက်ရိုက်ထွက်ပေါ်လာကြောင်း သိစေ လိုသည်။

ဓမ္မဟောင်းကျမ်းကဲ့သို့ပင်၊ ကောင်းကင်တမန်များနှင့် နတ်ဆိုးများကြား ဝိညာဉ်ရေးတိုက်ပွဲများ သည် လူသား၏နိုင်ငံရေးကို ထိခိုက်ကြောင်း ယောဟန် ထောက်ပြခဲ့သည်။ ဥပမာအားဖြင့်၊ ဗျာဒိတ် ၁၆:၁၄-၁၆ တွင် ဘုရားသခင်ကိုစစ်တိုက်ရန် မြေကြီးပေါ်ရှိ ရှင်ဘုရင်များ စုရုံးသည်ကို ကျွန်ုပ်တို့ မြင်ရသည်။ နောက်ထပ်ရှင်းလင်းသောဥပမာတစ်ခုမှာ ဗျာဒိတ်ကျမ်း ၁၇ တွင်တွေ့ရသော သားရဲ၏ ဦးခေါင်းများအပြင် ၎င်း၏ဦးချိုများသည် မြေကြီးဆိုင်ရာဘုရင်များဖြစ်သည်။ အမှန်တကယ်တွင်၊ ယောဟန်၏မူလပရိသတ်ကိုယ်တိုင်သည် နတ်ဆိုးတပ်ဖွဲ့များ၏ လှုပ်ရှားမှုဖြစ်သည့် မြေကြီးဆိုင်ရာ အစိုးရများထံမှ နှိပ်စက်ညှဥ်းပန်းမှုကို တစ်စိတ်တစ်ပိုင်း အနည်းဆုံးခံစားကြရသည်။

သို့သော် ဓမ္မသစ်ကျမ်းကဲ့သို့ပင်၊ သူ၏မူလပရိသတ်များ၏ ဝိညာဉ်ရေးတိုက်ပွဲများသည် သဘာဝ လွန်နယ်ပယ်တွင် အဓိကအားဖြင့် ဖြစ်ပွားခဲ့ကြောင်း ယောဟန်ရှင်းပြသည်။ ၎င်းတို့သည် ခရစ်တော် အပေါ် သစ္စာစောင့်သိရန်၊ အပြစ်ကိုတွန်းလှန်ရန်၊ ဧဝံဂေလိတရားအားဖြင့် ဘုရားသခင်၏နိုင်ငံတော်ကို မြှင့်တင်ရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ ရုန်းကန်မှုများဖြစ်သည်။ ၎င်းတို့သည် အခြားလူသားများကိုတိုက်ခိုက် ခြင်းငှာ လက်နက်စွဲကိုင်ရန် ဖိတ်ခေါ်ခြင်းမဟုတ်ပါ။

သို့သော် ကိစ္စတိုင်းတွင်—သူသည် စကြာဝဠာတိုက်ပွဲများ၊ သို့မဟုတ် လူ့နိုင်ငံရေး သို့မဟုတ် ပုဂ္ဂိုလ်ရေးအရ ရုန်းကန်မှုများအကြောင်း ပြောနေသည်ဖြစ်စေ—ဘုရားသခင်သည် သူတို့အားကရုဏာ ဖြင့်ကာကွယ်သူဖြစ်ကြောင်း သူ၏ပရိသတ်ကို ယောဟန်အာမခံခဲ့သည်။ သူတို့ကို ပြင်းထန်သော တိုက်ခိုက်မှုများမှ ကာကွယ်ပေးပြီး၊ သစ္စာစောင့်သိရန်ခွန်အားပေးကာ၊ နောက်ဆုံးတွင် အနိုင်းမဲ့ ငြိမ်းသက်ခြင်းကို သူတို့အားပေးမည်ဖြစ်သည်။

> ဗျာဒိတ်ကျမ်းသည် ဝိညာဉ်ရေးစစ်ပွဲအပေါ် များစွာအာရုံစိုက်သည်။ ၎င်းသည် ဘုရားသခင်၊ ခရစ်တော်နှင့် သူ၏အစေခံများနှင့် အခြားတစ်ဖက်တွင် စာတန်နှင့် သူ၏အစေခံများကြား အစွန်းရောက်ဆန့်ကျင်ဘက်ကို ပုံဆောင်သည်။ ၎င်းသည်—သင်သည် ဘုရားသခင်နောက်သို့လိုက်သလော သို့မဟုတ် စာတန်၏နိုင်ငံတော်နှင့် အမှန်တကယ်သက်ဆိုင်သည့်လုပ်ငန်းစဉ်တွင်

> သင်ကိုယ်တိုင်လိုက်နေသလောဟူသည့် သစ္စာခံစောင့်သိခြင်းဆိုင်ရာမေးခွန်းကို နားလည်ရန် ကူညီပေးသည်။ အစွန်းရောက်ဆန့်ကျင်ဘက်သည် ကျွန်ုပ်တို့ အတွက် အရေးကြီးသည်ကို မြင်သည်။ ဒုတိယအချက်ကို အာရုံစိုက်စေလို သည်မှာ ကျွန်ုပ်တို့၏ ကတိကဝတ်များအကြောင်း မေးမြန်းခြင်းဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏အပြင်ပန်း အပြုအမူသာမက ကျွန်ုပ်တို့၏စိတ်နှင့် နှလုံးသားများသည် မည်သည့်နေရာသို့ဦးတည်နေသနည်းဟု မေးမြန်းခြင်း ဖြစ်သည်။ တတိယအချက်မှာ စာတန်သည် အတုအယောင်ဖြစ်သည်။ သူ့ထံ၌လူများကိုလှည့်ဖြားနိုင်သည့် သမ္မာတရားနှင့် အနီးစပ်ဆုံးတူသည့် အရာများရှိသော်လည်း ၎င်းတို့သည် အတုများသာဖြစ်ပြီး၊ ဤလှည့်စား၍ ဆွဲဆောင်မှုရှိသောသဘာဝကို ဖော်ထုတ်ခြင်းသည် ယနေ့ကျွန်ုပ်တို့ရင်ဆိုင် နေရသော စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်သည်။

**Dr Vern S. Poythress**

ဝိညာဉ်ရေးစစ်ပွဲကြောင့် ဖြစ်ပေါ်လာသော ဖိစီးမှုများနှင့် ပြဿနာများကို တုံ့ပြန်သည့်အနေဖြင့်၊ ဗျာဒိတ်ကျမ်းသည် ၎င်း၏စာဖတ်သူများအား ဘုရားသခင်၏ကရုဏာဖြင့်ကာကွယ်မှုနှင့်ပတ်သက်၍ စဉ်းစားရန် အနည်းဆုံးနည်းလမ်းသုံးမျိုးကို ပေးထားသည်။ ဦးစွာ၊ ခရစ်တော်သည် မိမိ၏သစ္စာရှိသူ အားလုံးအတွက် အောင်ပွဲခံပြီးဖြစ်ကြောင်း အလေးပေးဖော်ပြသည်။

ခရစ်တော်၏အသက်တာ၊ အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း တို့သည် ဝိညာဉ်ရေးစစ်ပွဲတွင် ကျွန်ုပ်တို့၏အဆုံးစွန်သောအောင်မြင်မှုကို လုံခြုံစေကြောင်း ဗျာဒိတ်ကျမ်း သည် အလေးပေးဖော်ပြသည်။ ဗျာဒိတ်ကျမ်း အခန်းကြီး ၄ နှင့် ၅ တွင် ဘုရားသခင်၏ရန်သူများကို တရားစီရင်ခြင်းအလို့ငှာ ကျမ်းလိပ်များကိုဖွင့်ရန် ထိုက်တန်သည့် အသေခံသော ဘုရားသခင်၏ သိုးသငယ်အဖြစ် ယေရှုအားဖော်ပြခြင်းဖြင့် ဤအောင်မြင်မှုအား ရှင်းလင်းစွာတင်ပြထားသည်။ ခရစ်တော်၏ရန်သူများအပေါ် အောင်မြင်ခြင်းသည် တိုက်ပွဲကို အဆုံးမသတ်ခဲ့ပါ။ သို့သော် ၎င်းသည် နောက်ဆုံးတွင် သူ၏ရန်သူများကို ရှင်းရှင်းဖျက်ဆီးပစ်မည်ဖြစ်ပြီး၊ သူ၏သစ္စာရှိလူများသည် ကောင်းချီး မင်္ဂလာအပြည့်အဝခံစားရမည်ကို သေချာစေသည်။ ဤသဘောအရ၊ ဘုရားသခင်၏ကရုဏာတော်နှင့် ကာကွယ်ခြင်းသည် ကျွန်ုပ်တို့ကိုအောင်မြင်မှုတံဆိပ်ခတ်ခြင်း ပုံစံဖြစ်သည်။ အောင်မြင်မှုသည် ခရစ်တော်နှင့်သက်ဆိုင်သောကြောင့် ကျွန်ုပ်တို့သည်ကျရှုံးရန် နည်းလမ်းမရှိပါ။ ၎င်းကို ကိုယ်တော် ပြီးမြောက်သည်တိုင်အောင် ကျွန်ုပ်တို့ သည်းခံခြင်းရှိရန်လိုသည်။

ဝိညာဉ်ရေးစစ်ပွဲတွင် ဘုရားသခင်၏ကရုဏာဖြင့်ကာကွယ်မှုကို ဗျာဒိတ်ကျမ်း၏အာရုံစိုက်စေ သည့် ဒုတိယနည်းလမ်းမှာ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများ၏အသက်တာတွင် ခရစ်တော်၏အောင်မြင်ခြင်းကို လက်ရှိကျင့်သုံးနေကြောင်း ကျွန်ုပ်တို့ကိုသတိပေးခြင်းအားဖြင့် ဖြစ်သည်။

ဝိညာဉ်ရေးစစ်ပွဲတွင် ကျွန်ုပ်တို့၏အောင်မြင်မှုများကို ခရစ်တော်သည် အာမခံပေးသောအခါ၊ ထိုအောင်မြင်မှုမှကောင်းချီးမင်္ဂလာများကို သူ၏သစ္စာရှိလူတို့ထံဝေမျှပိုင်ခွင့်ကို သူရရှိခဲ့သည်။ သူ၏ ကရုဏာတော်၌၊ ထိုကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တို့အသက်တာတွင်ကျင့်သုံးရန် သို့မဟုတ် ကျွန်ုပ်တို့ အား ထိုကောင်းချီးမင်္ဂလာများကိုဝေငှရန် သန့်ရှင်းသောဝိညာဉ်တော်ကို ခန့်အပ်ခဲ့သည်။

ဤကရုဏာကောင်းချီးမင်္ဂလာများစွာသည် ဗျာဒိတ်ကျမ်းတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အရာ များနှင့် သက်ဆိုင်ပါသည်။ ဥပမာ၊ ရောမအင်ပါယာသည် ပြိုလဲခဲ့ပြီ။ အမှန်တကယ်တွင်၊ သမိုင်းတစ် လျှောက် အသင်းတော်ကိုငြိမ်းသတ်ရန်ကြိုးစားခဲ့သည့်စွမ်းအားအားလုံးသည် မအောင်မြင်ခဲ့ပါ။ ရှုံးနိမ့် ခြင်းမှဝေးကွာလျက်၊ ဘုရားသခင်၏နိုင်ငံတော်သည် လူမျိုးတကာ၊ မျိုးနွယ်စု၊ လူများနှင့် ဘာသာစကား တိုင်းသို့ ပျံ့နှံ့လျက်ရှိသည်။ ဗျာဒိတ် ၇ အရ၊ ၎င်းသည် နောက်ဆုံးတွင် တာဝန်ပြီးမြောက်လိမ့်မည်။

ဝိညာဉ်ရေးစစ်ပွဲတွင် ဘုရားသခင်၏ကရုဏာဖြင့်ကာကွယ်မှုကို ဗျာဒိတ်ကျမ်းကမီးမောင်းထိုးပြ သည့် တတိယနည်းလမ်းမှာ ခရစ်တော်ပြန်ကြွလာသောအခါ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဝိညာဉ်ရေး ရန်သူများကို ရှင်းရှင်းဖျက်ဆီးခြင်းဖြင့် ဤတိုက်ပွဲကိုအဆုံးသတ်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား သတိပေးခြင်းဖြစ်သည်။

ခရစ်တော်ပြန်ကြွလာသောအခါ စာတန်နှင့် သူ၏နောက်လိုက်များသည် အကြွင်းမဲ့ဖျက်ဆီးခံရ မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား ဗျာဒိတ်ကျမ်းသည် ယုံကြည်စိတ်ချစေသည်။ သူတို့သည် ကျွန်ုပ်တို့ကို သွေးဆောင်နှောင့်ယှက်ရန် စွမ်းအားလုံးဝမဲ့ကြလိမ့်မည်။ သူတို့အားစီရင်ခြင်းသည် သူတို့ကိုကြီးမားစွာ ကန့်သတ်ထားသောကြောင့် သူတို့အတွက် တိုက်ပွဲဝင်ရန်မဖြစ်နိုင်တော့ပါ။

ဗျာဒိတ်ကျမ်း ၁၇ နှင့် ၁၈ တွင် ဗာဗုလုန်ပြည်တန်ဆာကြီးအားစီရင်ခြင်းနှင့် သူမ၏နောက်သို့ လိုက်သော ကမ္ဘာပေါ် ရှိ ဘုရင်များနှင့် ပြည်သားများအားစီရင်ခြင်းကို ဖော်ပြထားသည်။ ဗျာဒိတ်ကျမ်း ၂၀ တွင်နဂါးနှင့် သူ၏ဗိုလ်ခြေများအပေါ် နောက်ဆုံးအောင်မြင်မှုကို ပြန်ပြောပြသည်။ ဗျာဒိတ် ၂၁ နှင့် ၂၂ တွင်ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် မကောင်းမှု၏မျက်မှောက်မှ လုံးဝကင်းစင်မည်ဖြစ်ကြောင်း သွန်သင်သည်။

ဘုရားသခင်၏ရန်သူအားလုံးတန်ခိုးမဲ့သောအခါ၊ ကြီးစွာသောဝိညာဉ်ရေးစစ်ပွဲကြီး ပြီးဆုံးမည် ဖြစ်ပြီး၊ ဘုရားသခင်၏သစ္စာရှိသူများသည် အနှောင့်အယှက်ကင်းစွာဖြင့် ငြိမ်းချမ်းစွာနေထိုင်ကြမည်ဖြစ် သည်။ ဤသည်မှာ ဘုရားသခင်၏ကရုဏာတော်နှင့် ကာကွယ်ခြင်း၏ အဆုံးစွန်သော ဖော်ပြချက်ဖြစ် လိမ့်မည်။ ကျွန်ုပ်တို့သည် ထာဝရလုံခြုံလိမ့်မည်။

ဗျာဒိတ်ကျမ်းတစ်လျှောက်လုံးတွင်၊ ကိုယ်တော်၏လူမျိုးတော်အား ထောက်ပံ့ပေးခြင်းနှင့် ကာကွယ်ခြင်းတွင် ဘုရားသခင်၏ကရုဏာတော်ကို တွေ့မြင်နိုင်သည်။ သခင်ယေရှုသည် လက်ဝါး ကပ်တိုင်တွင် ဘုရားသခင်၏လူများအတွက် အောင်မြင်မှုကိုရွေးဝယ်ကာ၊ ထမြောက်ခဲ့ပြီးနောက် ဘုရားသခင်၏ သစ္စာရှိလူအားလုံးအပေါ် သူ၏အောင်မြင်မှုကို သက်ရောက်စေခဲ့သည်။ လက်ရှိအချိန် တွင်၊ အသင်းတော်သည် ထိုအောင်မြင်မှုတစ်စိတ်တစ်ပိုင်းကို တွေ့ကြုံခံစားရသည်။ ခရစ်တော်ပြန်ကြွ လာသောအခါ၊ ကျွန်ုပ်တို့သည် ထိုအောင်မြင်မှုကို အပြည့်အဝခံစားရမည်ဟူသော ဘုရားသခင်၏ကတိ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တော်ရှိသည်။ ခရစ်တော်၏ရန်သူအားလုံးသည် တရားစီရင်ခြင်းခံရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ဘုန်းအသရေအမွေတော်ကို ရရှိမည်ဖြစ်သည်။

ကျွန်ုပ်တို့၏သင်ခန်းစာတွင် ယခုအချိန်အထိ အုပ်စိုးသူနှင့် လက်အောက်ခံဘုရင်များအဖြစ် ဘုရားသခင်နှင့် ခရစ်တော်၏ပဋိညာဉ်ဘုရင်ဖြစ်ခြင်းကို ဆန်းစစ်ခဲ့ပြီး၊ ကိုယ်တော်၏ပဋိညာဉ်လူတို့အပေါ် ဗျာဒိတ်ကျမ်းသည် ဘုရားသခင်၏ကရုဏာတော်ကို မည်သို့ဖော်ပြပုံကို လေ့လာခဲ့သည်။ ထို့ကြောင့်၊ ဤအချိန်တွင် ကျွန်ုပ်တို့သည် တတိယအဓိကအကြောင်းအရာကိုကြည့်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်_ သစ္စာစောင့်သိသောဘုရားသခင်သည် သူ၏နိုင်ငံတော်၏နိုင်ငံသားများအဖြစ် သရုပ်ပြရန် ကျွန်ုပ်တို့ကိုတောင်းဆိုထားသည်။

# သစ္စာစောင့်သိခြင်း

ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသည့်အတိုင်း၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးအင်္ဂါရပ်သုံးခုသည် ရှေးခေတ်အုပ်စိုးသူ- လက်အောက်ခံ စာချုပ်များ သို့မဟုတ် ပဋိညာဉ်များနှင့်တူညီသည်_ ကိုယ်တော်၏လူများအဖြစ် ကျွန်ုပ်တို့အပေါ်ထားသော ဘုရားသခင်၏ကရုဏာတော်၊ သူ၏လက်အောက်ခံနိုင်ငံအပေါ် သစ္စာစောင့်သိခြင်း သို့မဟုတ် နာခံခြင်းအား တောင်းဆိုသကဲ့သို့ ကျွန်ုပ်တို့ထံမှဘုရားသခင်တောင်းဆိုခြင်း၊ နာခံခြင်းအတွက်တုံ့ပြန်သော ကောင်းချီးမင်္ဂလာများနှင့် မနာခံခြင်းအတွက်တုံ့ပြန်သောကျိန်ခြင်း၏အကျိုးဆက်များ ဖြစ်သည်။ ဤအချိန်တွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် ကယ်တင်သောလူများအတွက် ဘုရားသခင်မျှော်လင့်ထားသည့် သစ္စာစောင့်သိအစေခံမှုအကြောင်းကို အာရုံစိုက်ပါမည်။

ဗျာဒိတ်ကျမ်းကိုရေးသောအခါ၊ တမန်တော်ယောဟန်သည် ဘုရားသခင်နှင့်အသင်းတော်၏ ပဋိညာဉ်ဆက်ဆံရေးကို သိရှိခဲ့သည်။ ထို့ပြင် သူရေးခဲ့သည့်အကြောင်းရင်းများထဲမှတစ်ခုမှာ အာရှမိုင်းနားရှိအသင်းတော်များကို သူတို့ရင်ဆိုင်ရသည့် စိန်ခေါ်မှုများတစ်လျှောက် ဘုရားသခင်အပေါ်သစ္စာစောင့်သိဖို့ တိုက်တွန်းရန်ဖြစ်သည်။ ဘုရားသခင်သည် ၎င်းတို့အားပြသခဲ့သည့် ကရုဏာတော်နှင့် ပေးခဲ့သော ကောင်းချီးမင်္ဂလာများအားလုံးကို သူတို့သည်သတိရခြင်းဖြင့်၊ သခင်ဘုရားအပေါ်သစ္စာရှိစွာ နာခံအသက်ရှင်ရန် သူအလိုရှိခဲ့သည်။

ဗျာဒိတ်ကျမ်းတွင်ဖော်ပြထားသော အသင်းတော်များသည် ဘုရားသခင်အပေါ် ၎င်းတို့၏ သစ္စာစောင့်သိမှုကို အပေးအယူလုပ်ရန် သွေးဆောင်မှုများစွာကို ရင်ဆိုင်ခဲ့ရကြောင်း ယခင်သင်ခန်းစာတွင်ဖော်ပြထားသည်ကို သင်မှတ်မိပါလိမ့်မည်။ ယောဟန်၏မူလပရိသတ်များသည် ဘုရားသခင်အပေါ် သစ္စာမဲ့ရန် သွေးဆောင်မှုလေးမျိုးထက်မနည်း ကြုံတွေ့ခဲ့ကြသည်။

ပထမ၊ ကုန်သွယ်ရေးအသင်းအဖွဲ့များတွင် ၎င်းတို့၏ နာယကနတ်ဘုရားများရှိပြီး၊ သူတို့သည် ၎င်းတို့၏အဖွဲ့ဝင်များကို ဤမိစ္ဆာနတ်ဘုရားများကိုဝတ်ပြုကိုးကွယ်ရန် တောင်းဆိုသည်။ ဤအရာသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

ယုံကြည်သူများအား စီးပွားရေးလုပ်ငန်းများလုပ်ဆောင်မှု၌ အခွင့်အလမ်းရရှိခြင်းငှာ ရုပ်တုကိုးကွယ်ရန် သွေးဆောင်ခြင်းဖြစ်သည်။

ဒုတိယ၊ ရောမအင်ပါယာသည် ၎င်း၏နတ်ဘုရားများနှင့် ဧကရာဇ်ကို ဝတ်ပြုကိုးကွယ်ရန် ၎င်း၏လက်အောက်ခံများကို တောင်းဆိုသည်။ ယင်းက ခရစ်ယာန်များအား အစိုးရ၏ပြစ်ဒဏ်မှ ရှောင်လွှဲနိုင်ရန် တစ်ပါးအမျိုးသားတို့၏နတ်ဘုရားများကို ဝတ်ပြုကိုးကွယ်ရန် သွေးဆောင်ခဲ့သည်။

တတိယ၊ ယုဒဘာသာသည် ခရစ်ယာန်များကို ခရစ်တော်အားစွန့်လွှတ်ရန် ဖိအားပေးသည်။ ယုဒဘာသာကို တစ်ပါးအမျိုးသားတို့၏ဝတ်ပြုကိုးကွယ်ခြင်းမှ အထူးကင်းလွတ်ခွင့်ပေးထားပြီး၊ ခရစ်ယာန်ဘာသာအားလည်း မူလက ဤကင်းလွတ်ခွင့်ပေးထားသည်။ သို့သော် ယုဒဘာသာသည် ခရစ်ယာန်ဘာသာနှင့် ကွဲပြားသွားသောအခါ၊ ဤကင်းလွတ်ခွင့်သည် အသင်းတော်တွင် မကျင့်သုံးတော့ပါ။ ယင်းကြောင့် ရောမတို့၏နှိပ်စက်ညှဉ်းပန်းမှုကို ရှောင်ရှားရန်အတွက် ယုဒလူမျိုးခရစ်ယာန်များစွာသည် ခရစ်တော်ကိုစွန့်လွှတ်ကာ ရိုးရာယုဒဘာသာသို့ ပြန်သွားရန် သွေးဆောင်ခြင်းခံကြရသည်။

စတုတ္ထ၊ ရောမအင်ပါယာတစ်လျှောက် အားနည်းသောခရစ်ယာန်များသည် တစ်ပါးအမျိုးသားတို့၏အလေ့အကျင့်များနှင့် မတရားသော မေထုန်ပြုခြင်းဖြင့် ၎င်းတို့၏ယုံကြည်ခြင်းကို အပေးအယူပြုခဲ့ကြသည်။ သူတို့သည် သူတို့၏အပြစ်နောက်သို့ အခြားသူတို့ကိုလိုက်ရန် အားပေးခဲ့သည်။

ဤသွေးဆောင်မှုများသည် အာရှမိုင်းနားရှိအသင်းတော်များ၏ သစ္စာစောင့်သိမှုအတွက် သိသာထင်ရှားသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ ဤအခြေအနေတွင်၊ ယောဟန်ရေးသားခဲ့သော အရေးကြီးသောအကြောင်းရင်းတစ်ခုမှာ ၎င်းတို့၏သစ္စာစောင့်သိမှုကို ဤပြိုင်ဘက်အုပ်စုများအပေါ် လျှော့ချရန်နှင့် ဘုရားသခင်အပေါ် ခိုင်မာစေရန်ဖြစ်သည်။

သစ္စာစောင့်သိခြင်း၏အကြောင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏လေ့လာမှုသည် ဗျာဒိတ်ကျမ်းတစ်လျှောက်တွင်တွေ့ရသော သစ္စာစောင့်သိမှုဆိုင်ရာ အဓိကအသုံးအနှုန်းနှစ်ခုဖြစ်သည့် သည်းခံခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအပေါ် အာရုံစိုက်မည်ဖြစ်သည်။ ဗျာဒိတ်ကျမ်း၏သည်းခံခြင်းကို ဦးစွာကြည့်ရှုကြပါစို့။

## ဇွဲလုံ့လရှိခြင်း

သည်းခံခြင်းကို အောက်ပါအတိုင်း သတ်မှတ်နိုင်သည်_

> သွေးဆောင်မှု၊ ဆန့်ကျင်မှု သို့မဟုတ် စိတ်ဓာတ်ကျနေသော်လည်း
> ယုံကြည်ခြင်းနှင့် လုပ်ဆောင်မှုများတွင် ဘုရားသခင်အပေါ်
> သစ္စာတည်ကြည်ခြင်းဖြစ်သည်။

သည်းခံခြင်းသည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို စွန့်လွှတ်ရန် သို့မဟုတ် နောက်ဆုံးနည်းလမ်းဖြင့် ဘုရားသခင်ကိုပုန်ကန်ရန် ကျွန်ုပ်တို့အား တွန်းအားပေးမှုမှန်သမျှကို ကျော်လွှားရန်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အာရှမိုင်းနားရှိယုံကြည်သူများ ကြုံတွေ့နေရသော သွေးဆောင်မှုများစွာကို တုံ့ပြန်ရန်အတွက် ယောဟန်သည် သူ၏စာဖတ်သူများကို သည်းခံခြင်းရှိရန် သို့မဟုတ် ကျော်လွှားရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သည်။ ဤတိုက်တွန်းချက်များအား ဗျာဒိတ်ကျမ်း ၂ နှင့် ၃ ပါအသင်းတော်များသို့ပေးစာ တိုင်းနှင့် ကျမ်းတစ်လျှောက်လုံးတွင်လည်း တွေ့နိုင်ပါသည်။

ပေးစာများ၌၊ ဗျာဒိတ် ၂:၇၊ ၁၁၊ ၁၇၊ ၂၆ နှင့် ၃:၅၊ ၁၂၊ ၂၁ တွင်တွေ့နိုင်သည်။ ဗျာဒိတ် ၁၄:၁၂၊ ၁၆:၁၅၊ ၁၈:၄၊ ၂၀:၄၊ ၂၁:၇ နှင့် ၂၂:၇၊ ၁၁၊ ၁၄ တွင်လည်းတွေ့နိုင်ပါသည်။။ သည်းခံခြင်းသည် ဗျာဒိတ်ကျမ်းတစ်အုပ်လုံးတွင် အထင်ရှားဆုံးအကြောင်းအရာများထဲမှ တစ်ခုဖြစ်ကြောင်း ချဲ့ကား ပြောဆိုခြင်းမဟုတ်ပါ။

> အောင်မြင်ခြင်းဟူသည့်အသုံးအနှုန်းကို အသင်းတော်ခုနစ်ပါးထံပေးစာတွင် မြင်ရသကဲ့သို့၊ ဗျာဒိတ်ကျမ်း၏ဗဟိုပိုင်းတွင်များစွာတွေ့မြင်ရသည်။ ၁၁:၇ နှင့် ၁၃:၇ တွင်၊ သားရဲ သို့မဟုတ် မာရ်နတ်သည် သန့်ရှင်းသူတို့ကို အောင်လိမ့်မည် သို့မဟုတ် ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူများ၊ သက်သေခံများကို အနိုင်ယူပြီး၊ သတ်ဖြတ်နေသည်ကို မြင်တွေ့ရသည်။ သို့သော်လည်း၊ ၁၂:၁၁ တွင်၊ တူညီသောပဋိပက္ခအပေါ် ကောင်းကင်အမြင်ကို ကျွန်ုပ်တို့ရရှိသည်— အကြောင်းမှာ၊ သူတို့သည် မာရ်နတ်ကို အောင်နိုင်ခဲ့သည်—သိုးသငယ်၏ အသွေးနှင့် သူတို့၏သက်သေခံနှုတ်ကပတ်တော်အားဖြင့် သူ့ကိုအောင်နိုင်ခဲ့ပြီး သေသည်အထိ အသက်ကိုမနှမြောခဲ့ကြပါ။ ထို့နောက် ဗျာဒိတ်ကျမ်းတွင် ဤအောင်မြင်သူများသည် အသေခံသိုးသငယ်ကဲ့သို့ သားရဲကို အနိုင်ယူခဲ့ သောကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် မည်သို့ရပ်နေကြကြောင်းကို ဆက်လက်ဖော်ပြထားသည်။ သူသည် ခြင်္သေ့ဖြစ်သော်လည်း သိုးသငယ်အဖြစ် ပုံဖော်ထားသည်။ အသေခံခြင်းအားဖြင့် အောင်မြင်ခဲ့သောသိုးသငယ်ခြင်္သေ့ ကဲ့သို့ပင်၊ ဤဘုရားသခင့်လူမျိုး၏အောင်မြင်ခြင်းသည် ဤလောကကို တိုက်ခိုက်ခြင်းဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်ကို ယုံကြည်ခြင်းနှင့် သူတို့၏ သက်သေခံချက်အားဖြင့်ဖြစ်ပြီး၊ ကမ္ဘာကြီးသည် ကျွန်ုပ်တို့အပေါ် အဆိုးဆုံး ပြုသောအခါ၌ပင် ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်စပ်ဆိုင်သောကြောင့် အောင်နိုင်ပါသည်။ အာရှမိုင်းနားရှိအသင်းတော်ခုနစ်ပါးတွင် မတူညီသော စမ်းသပ်မှုများရှိကြပြီး၊ တစ်ပါးစီသည် ကျော်လွှားရန်တာဝန်ရှိပါသည်။ ကျွန်ုပ်တို့တစ်ဦးစီတွင် မတူညီသောစမ်းသပ်မှုများရှိသည်။ ကျွန်ုပ်တို့သည် တစ်ပါးသူ၏စမ်းသပ်မှုများကို မနာလိုဖြစ်နိုင်သည် သို့မဟုတ် ထိတ်လန့်နို င်သော်လည်း၊ ကျွန်ုပ်တို့တွင်ကိုယ်ပိုင်စမ်းသပ်မှုရှိပြီး၊ ကျွန်ုပ်တို့တစ်ဦးစီသည် ကျော်ဖြတ်ရန်တာဝန်ရှိပါသည်။ မည်သို့သောစမ်းသပ်မှုမျိုးပင်ဖြစ်စေ၊ ဗျာဒိတ်ကျမ်း ၂၁ ၏အဆုံးတွင် အောင်နိုင်သူများအတွက် ကတိတော်ရှိပြီး၊

ဘုရားသခင်က "ငါသည် သူ၏ဘုရားသခင်ဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်" ဟု မိန့်တော်မူသည်။

**Dr Craig S. Keener**

ဗျာဒိတ်ကျမ်းတွင် ယောဟန်ဖော်ပြထားသော သည်းခံခြင်းငါးမျိုးအကြောင်းကို ယုံကြည်ခြင်း၌ သည်းခံခြင်းရှိခြင်းမှအစပြု၍ ကျွန်ုပ်တို့ဖော်ပြပါမည်။

ဟေဗြဲ ၁၁:၁ တွင် သမ္မာကျမ်းစာက ယုံကြည်ခြင်းကို ဤသို့အဓိပ္ပါယ်ဖွင့်ဆိုသည်_

ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏ (ဟေဗြဲ ၁၁:၁)။

သမ္မာကျမ်းစာတွင်ဖတ်ရှုရသော အကာအကွယ်ပေးခြင်း၊ ထောက်ပံ့ပေးခြင်းနှင့် ကောင်းချီးမင်္ဂလာအမျိုးအစားများသည် ကျွန်ုပ်တို့၏ဘဝအခြေအနေများတွင် ထင်ဟပ်ခြင်းမရှိသည့်အခါ ဘုရားသခင်ကို ယုံကြည်ရန် ခက်ခဲနိုင်သည်။ ကျွန်ုပ်တို့၌ မကောင်းသောအရာများကြုံလာသည့်အခါ၊ ကျွန်ုပ်တို့သည် အမှားလုပ်မိကြောင်း၊ လှည့်စားခံရကြောင်း၊ သမ္မာကျမ်းစာ၏ဘုရားသခင်သည် အစစ်အမှန်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့သည် သူ့အပေါ် သစ္စာစောင့်သိရန်မလိုအပ်ကြောင်း အလွယ်တကူ စဉ်းစားနိုင်သည်။ ၎င်းသည် ယနေ့ခေတ်ကဲ့သို့ပင် ပထမရာစုတွင် မှန်ကန်ခဲ့သည်။ ထို့ကြောင့်၊ ဗျာဒိတ်ကျမ်းကိုရေးခဲ့သော ယောဟန်၏ ကြီးမားသောစိုးရိမ်ပူပန်မှုတစ်ခုမှာ အကြောင်းအရာများသည် အပြင်ပန်းတွင်တွေ့ရသည်ထက် အမှန်တကယ်ကွာခြားကြောင်း သူ၏စာဖတ်သူများကို ယုံကြည်စိတ်ချစေရန် ဖြစ်သည်။ ကမ္ဘာကြီးသည် မြင်ရသည်ထက် သာ၍ဆိုးသည်။ ဘုရားသခင်၏နိုင်ငံတော်သည် သူတို့ စိတ်ကူးနိုင်သမျှထက် များစွာကောင်းမွန်သည်။

တစ်ပါးအမျိုးသားတို့၏နတ်ဘုရားများနှင့် ရောမအင်ပါယာကဲ့သို့သော အရာများသည် ကောင်းချီးမင်္ဂလာ၏ ကြီးမားသောအရင်းအမြစ်ဖြစ်သည်ဟု ယုံကြည်ရန် ယောဟန်၏မူလပရိသတ်များသည် စုံစမ်းနှောင့်ယှက်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ အပြင်ပန်းအားဖြင့်၊ ၎င်းတို့သည် လုံခြုံရေး၊ ပျော်ရွှင်မှုနှင့် ချမ်းသာခြင်းကို ပေးစွမ်းနိုင်သည့် ကြီးမားသော အင်အားစုများဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ၊ခရစ်ယာန်အသက်တာသည် ခက်ခဲသည်။ ယုံကြည်သူများသည် စီးပွားရေးတွင် အခက်အခဲများရှိခဲ့သည်။ သူတို့သည် အစိုးရ၏နှိပ်စက်ညှဉ်းပန်းမှုကို ကြုံတွေ့ခဲ့သည်။ ထို့ပြင် တစ်ပါးအမျိုးသားများထံမှ သူတို့ရနိုင်သည့် လောကီအပျော်အပါးများကဲ့သို့သော မည်သည့်အရာမှ အသင်းတော်သည် မပေးခဲ့ပါ။ ဤသွေးဆောင်မှုများသည် အာရှမိုင်းနားရှိအသင်းတော်များအတွက် ဘုရားသခင်အပေါ် ၎င်းတို့၏ ယုံကြည်ခြင်းကို စွန့်လွှတ်ရန်နှင့် ၎င်းကို ကမ္ဘာပေါ် ရှိယုံကြည်မှုနှင့်လဲလှယ်ရန် လွယ်ကူစေသည်။

ဤအခြေအနေများကို တုံ့ပြန်ရာတွင်၊ ယောဟန်သည်သူ၏စာဖတ်သူများကို ယုံကြည်ခြင်း၌ ခိုင်ခံ့နေရန် တောင်းဆိုခဲ့သည်။ ကမ္ဘာကြီး၏စနစ်များသည် သူတို့ထင်ထားသလောက် မကောင်းကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နှင့် ခရစ်ယာန်အသက်တာသည် ခက်ခဲသလောက်၊ စစ်မှန်သောလုံခြုံမှု၊ ပျော်ရွှင်မှုနှင့် သာယာဝပြောခြင်း၏တစ်ခုတည်းသောလမ်းဖြစ်ကြောင်း သူတို့၏ယုံကြည်ချက်တွင် စိတ်ချမှုရှိစေရန် သူလိုချင်ခဲ့သည်။

ထို့ကြောင့် ဗျာဒိတ်ကျမ်းသည် လောကီ၊ အပြစ်တန်ခိုးများနှင့် သားရဲကဲ့သို့သောဆန္ဒများ၊ အလွန်ဆိုးသော၊ လှည့်ဖြားခြင်း၊ ဖောက်ပြန်ခြင်းစသည်တို့ကို အကြိမ်ကြိမ်ဖော်ပြသည်။ စာတန်၏နိုင်ငံတော်နှင့် သူ၏နောက်လိုက်များသည် လှပသောအဝတ်အစားကို ဝတ်ဆင်ထားသည်။ သို့သော် ၎င်းကို ကျွန်ုပ်တို့ အမှန်အတိုင်းမြင်မည်ဆိုလျှင်၊ ၎င်း၏အကျည်းတန်မှုကိုကျွန်ုပ်တို့ ရှုံ့ရှာမည်ဖြစ်သည်။ ယနေ့ထိလည်း အလားတူပင်ဖြစ်သည်။

အပြစ်သည် မည်မျှပင် ဖြားယောင်းသွေးဆောင်ပါစေ၊ ခရစ်တော်၏နောက်လိုက်တစ်ဦးအနေဖြင့် ဘဝသည် မည်မျှခက်ခဲကြမ်းတမ်းပါစေ၊ ဘုရားသခင်သည် သူမိန့်တော်မူသည့်အတိုင်း လုပ်ဆောင်သောသူဖြစ်ကြောင်း ကျွန်ုပ်တို့၏ယုံကြည်ချက်တွင် မြဲမြံခိုင်ခံ့ရန်အရေးကြီးပါသည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို သစ္စာစောင့်သိပါက ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကောင်းချီးမင်္ဂလာပေးတော်မူမည်။

ယုံကြည်ခြင်း၌မြဲမြံခိုင်ခံ့ခြင်းသည် အရေးကြီးဆုံးသောသည်းခံခြင်းအမျိုးအစားဖြစ်သော်လည်း၊ ဗျာဒိတ်ကျမ်းက စစ်မှန်သောယုံကြည်ခြင်းသည် အခြားသောသည်းခံခြင်းအမျိုးအစားများတွင်လည်း ထင်ရှားကြောင်း အလေးပေးဖော်ပြသည်။ ဥပမာ၊ ဗျာဒိတ်ကျမ်းတွင်ဖော်ပြထားသော ဒုတိယသည်းခံခြင်းတစ်မျိုးမှာ ဘုရားသခင်အပေါ် တည်ကြည်သောမေတ္တာရှိခြင်း ဖြစ်သည်။

ဗျာဒိတ်ကျမ်းသည် ယုံကြည်သူအားလုံးအား ဘုရားသခင်ကိုချစ်သော သူတို့၏ချစ်ခြင်းမေတ္တာကို ဆက်လက်ရှင်သန်ခိုင်ခံ့စေရန် တောင်းဆိုသည်။ ဥပမာ၊ ဗျာဒိတ် ၂:၁၉ တွင်၊ သွာတိရအသင်းတော်သည် ချစ်ခြင်းမေတ္တာနှင့် ယုံကြည်ခြင်း၌ သည်းခံခြင်းကိုဖော်ပြသည့်အတွက် ချီးမွမ်းခံရသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ဗျာဒိတ် ၂:၄ တွင်၊ ဧဖက်မြို့ရှိအသင်းတော်သည် ၎င်း၏ရှေ့ဦးစွာသောချစ်ခြင်းမေတ္တာလျော့သည့်အတွက် ပြစ်တင်ခြင်းခံရသည်။ ဤပျက်ကွက်မှုသည် အလွန်ကြီးမားသောကြောင့် သခင်ဘုရားသည် သူတို့၏မီးခွက်ကို နေရာမှရွှေ့မည်ဟု ခြိမ်းခြောက်ခဲ့သည်၊ ဆိုလိုသည်မှာ အသင်းတော်ကို ဖယ်ရှားပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဗျာဒိတ်ကျမ်းတွင်ဖော်ပြထားသော တတိယမြောက်သည်းခံခြင်းသည် အခြားသူများကိုကျွန်ုပ်တို့၏ခရစ်ယာန်သက်သေခံခြင်းနှင့်သက်ဆိုင်သည်။

ယောဟန်ခေတ်တွင် ခရစ်တော်အပေါ်သစ္စာရှိသော အသင်းတော်များသည် ၎င်းတို့ပတ်ဝန်းကျင်ရှိ ယဉ်ကျေးမှုနှင့် လုံးဝဆန့်ကျင်ဘက်သို့ ရပ်တည်နေခဲ့သည်။ ထို့ကြောင့်၊ ယောဟန်သည် ဗျာဒိတ်ကျမ်း ၂ နှင့် ၃ တွင်ရှိသော အသင်းတော်ခုနစ်ပါးကို လောက၏မှောင်မိုက်၌ မီးခွက်များအဖြစ် ပုံဖော်ခဲ့သည်။ ဧဖက်အသင်းတော်ထံပေးစာတွင် သွန်သင်သည့်အတိုင်း၊ ခရစ်ယာန်များသည် လောကနှင့်အပေးအယူလုပ်သောအခါ ၎င်းတို့၏ထူးခြားသောသက်သေ ပျောက်ဆုံးသွားသည်၊ ဤအရာသည် လောကသို့သူတို့၏သက်သေခံခြင်းကို ထိရောက်စွာငြိမ်းသတ်ခြင်းဖြစ်သည်။

ဗျာဒိတ် ၇:၁၀ တွင် ဆင်တူသည့်အရာတစ်ခုကို ကျွန်ုပ်တို့တွေ့မြင်ရပြီး၊ ဖြူသောဝတ်လုံဝတ်သော လူအစုအဝေးကြီးတို့သည် လောကကို သက်သေခံခဲ့ကြသော ကြွေးကြော်သံအားအကြိမ်ကြိမ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြောဆိုခြင်းဖြင့် ဘုရားသခင်ကို ချီးမွမ်းရန် ပလ္လင်တော်တဝိုက်တွင် စည်းဝေးကြသည်_ "ဘုရားသခင်နှင့် သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်း" ကယ်တင်ခြင်းကို ဆီဇာတွင် သို့မဟုတ် အခြားသော အရင်းအမြစ်များတွင် မတွေ့နိုင်ပါ။ သို့သော်လည်း၊ ဘုရားသခင်၏သိုးသငယ် ယေရှုခရစ်၏အမှုတော်အားဖြင့်သာ တွေ့နိုင်သည်။ ဤတစ်ခုတည်းသောအမှန်တရားသည် ယုံကြည်သူ များ၏သက်သေအတွက် အလွန်အရေးကြီးစေသည်။ မယုံကြည်သူများသည် ၎င်းတို့၏ဝတ်ပြုကိုးကွယ် ခြင်းမှာ မှားယွင်းပြီး လှည့်ဖြားခံရကြောင်းနှင့် အသင်းတော်သည်သာလျှင် အသက်နှင့်မျှော်လင့်ချက်၏ စစ်မှန်သောသတင်းတရားကို ပိုင်ဆိုင်ကြောင်း သိမြင်ရန် လိုအပ်သည်။

ခရစ်ယာန်များကို သည်းခံခြင်းရှိရန် ဗျာဒိတ်ကျမ်းတောင်းဆိုသည့် စတုတ္ထနည်းလမ်းမှာ ကိုယ်ကျင့်တရား သန့်ရှင်းခြင်းဖြစ်သည်။

အသင်းတော်များထံပေးစာ ခုနစ်စောင်တွင် ကိုယ်ကျင့်တရား သန့်ရှင်းရန် တိုက်တွန်းနှိုးဆော် ချက်များကို မကြာခဏ တွေ့ရှိရသည်။ ဥပမာ၊ ဗျာဒိတ် ၂:၁၂-၁၇ တွင်၊ မတရားသောမေထုန်ပြုရုံသာမက အခြားသူများကိုလည်း သူတို့၏လုပ်ဆောင်မှုများတွင် ပါဝင်ရန်အားပေးသူများကို ပေရဂံအသင်းတော် သည် လက်ခံသည့်အတွက် ယေရှုသည်ပြစ်တင်ခဲ့သည်။ ဗျာဒိတ် ၃:၁၄-၂၂ တွင်၊ လောဒိကိမြို့အသင်း တော်သည် ခရစ်တော်အပေါ်သစ္စာစောင့်သိမှုထက် စည်းစိမ်နှင့်နှစ်သိမ့်မှုကို တန်ဖိုးထားသောကြောင့်၊ ယေရှုသည် သူတို့၏လောကီရေးရာအတွက် ပြစ်တင်ဆုံးမခဲ့သည်။

ပဉ္စမသည်းခံခြင်းအမျိုးအစားအနေဖြင့် အယူဝါဒ၌ခိုင်မြဲစွာ ရပ်တည်နေခြင်းကို ဖော်ပြပါမည်။

> ဘုရားသခင်ကိုချစ်သည်ဟု ယုံကြည်သူများ နေရာတိုင်းတွင် များစွာရှိသည်။ သို့သော် ဘုရားသခင်နှင့်ပတ်သက်သော သူတို့၏အယူအဆသည် လုံးဝ မှားယွင်းနေပြီး၊ စစ်မှန်သောဘုရားသခင်ကို ရောင်ပြန်မဟပ်ပါက၊ သူတို့သည် ဘုရားသခင်ကို "အစေခံရန်" ကြိုးစားလေ၊ သူတို့သည် ကိုယ်တော်နှင့် ဝေးကွာလေဖြစ်သည်။ အယူဝါဒသည် သစ်ပင်၏ မမြင်နိုင်သောမြေအောက် အမြစ်ကဲ့သို့ ဖြစ်ပြီး၊ လုပ်ဆောင်မှု၏ အခြေခံဖြစ်သည်။ လူတို့သည် ၎င်း၏အကိုင်းအခက်များနှင့် အသီးများကို မြင်ကြသော်လည်း၊ အမြစ်သည် ထိုအသီးကို မည်သို့လွှမ်းမိုးသည်ကို မမြင်ကြပေ။ ယနေ့ အပေါ်ယံ ခရစ်ယာန်အများစုသည် အယူဝါဒဆိုင်ရာပြဿနာများကို အာရုံစိုက်ခြင်း မရှိကြသော်လည်း၊ အယူဝါဒသည် အရာအားလုံး၏အခြေခံဖြစ်သည်ကို လေးနက်သောခရစ်ယာန်များသည် သိကြသည်—၎င်းသည် အလွန် အရေးကြီးပါသည်။
>
> **— Rev. Dr. Stephen Tong**

ဗျာဒိတ်ကျမ်းသည် ယုံကြည်သူများအား စစ်မှန်သောအယူဝါဒကို ထိန်းသိမ်းရန်၊ လောကီ အယူအဆများနှင့် အပေးအယူမပြုရန် အမြဲတစေ တောင်းဆိုထားသည်။ ဥပမာ၊ ဗျာဒိတ် ၂:၁-၇ တွင်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုသည် ဖေက်မြို့ရှိအသင်းတော်အား စစ်မှန်သောခရစ်ယာန်သွန်သင်ချက်အပေါ် သူတို့၏သစ္စာစောင့်သိမှု၊ တမန်တော်အစစ်နှင့် အတုများကို ပိုင်းခြားသိမြင်နိုင်စွမ်းရှိခြင်းအတွက် ချီးမွမ်းခဲ့သည်။ ဗျာဒိတ် ၂:၂၀-၂၃ တွင်၊ သွာတိရမြို့ရှိ အသင်းတော်သည် အထူးသဖြင့် မိစ္ဆာပရောဖက်ယေဇဗေလအား သည်းခံခြင်းနှင့်၊ ၎င်း၏ အယူဝါဒဆိုင်ရာ အပေးအယူများကြောင့် ဆုံးမခြင်းခံခဲ့ရသည်။

ဗျာဒိတ်ကျမ်းသည် အသင်းတော်အား နည်းအမျိုးမျိုးဖြင့် သည်းခံခြင်းရှိရန် တောင်းဆိုထားသည်။ သို့သော် ထိုအရာများ၌ စိန်ခေါ် ခံရသောခရစ်ယာန်များသည် သူတို့ရင်ဆိုင်ရသည့် စမ်းသပ်မှုများ၊ စုံစမ်းနှောင့်ယှက်မှုများနှင့် ဆင်းရဲဒုက္ခများကို ကျော်လွှားနိုင်ရန် မည်သည့်အရာလုပ်ရမည်ကို အမြဲမသိကြပါ။

ကျေးဇူးတင်ရန်မှာ၊ ဗျာဒိတ်ကျမ်းသည် ကျွန်ုပ်တို့အား သည်းခံခြင်းရှိရန် လိုအပ်ကြောင်းကို သင်ပေးရုံသာ မဟုတ်ပါ။ သည်းခံခြင်းမည်သို့ရှိရန်လည်း လက်တွေ့ကျသော လမ်းညွှန်ချက်ပေးပါသည်။

> စမ်းသပ်မှုများကို ရင်ဆိုင်ရာ၌ သည်းခံခြင်းရှိရန် လုပ်ဆောင်နိုင်သည့် လက်တွေ့ကျသည့် ခြေလှမ်းများမှာ—၎င်းသည် ခရစ်ယာန်များအတွက် ဗျာဒိတ်ကျမ်းတွင် အမှန်တကယ် ဖရိုဖရဲဖြစ်ရသည့် သမိုင်းဆိုင်ရာ သို့မဟုတ် အခြားအခြေအနေအမျိုးမျိုးနှင့် ပြည့်နှက်နေသည့် လက်တွေ့ကျသော ခြေလှမ်းများသည်ကျမ်းစာအားလုံးနှင့် ကိုက်ညီနေသည်မှာစိတ်ဝင်စားဖွယ်ကောင်းသည်၊ ဘုရားသခင်၏လူတို့သည် မိမိတို့သိသောအရာနှင့် ထုတ်ဖော်ပြသထားသည့်အရာများကို သစ္စာစောင့်သိရန်၊ နာခံရန်ဖြစ်သည်။ ၎င်းတို့အား လူ့အဖွဲ့အစည်းအတွင်း၊ အတုတကွအသက်ရှင်ရန်၊ အတူတကွ ယုံကြည်ရန်၊ အတူတကွဝတ်ပြုကိုးကွယ်ရန် ဖြစ်သည်။ အတူတကွ သက်သေခံရန် ဖြစ်သည်။ မည်သို့သောအခြေအနေမျိုးတွင်ဖြစ်စေ၊ မည်သို့သောနှိပ်စက်ညှဉ်းပန်းမှုတွင်ဖြစ်စေ၊ ကျွန်ုပ်တို့၏သည်းခံခြင်းသည် ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဘုရားသခင်က ကျွန်ုပ်တို့ကို အချိန်တိုင်းဖြစ်စေချင်သည့်အရာကို အာရုံစိုက်ပြီး သန့်ရှင်းသောအသက်တာတွင် အသက်ရှင်ရန်ဖြစ်သည်။ ထို့ကြောင့် ဗျာဒိတ်ကျမ်းနှင့် အခြားကျမ်းများသည် အလွန်အားရဖွယ်ဖြစ်သည်ကို ဤသို့တွေ့ရသည်။ ၎င်းသည် သန့်ရှင်းသော အသက်တာတွင်အသက်ရှင်ရန် စိန်ခေါ်ချက်ဖြစ်သော်လည်း၊ ဤအရာသည် မဖြစ်နိုင်သောအရာမဟုတ်ဟုပြောရန်လည်း အားပေးသည်။ အရေးအကြီးဆုံး အခြေအနေများ၌ပင်၊ ဘုရားသခင်၏လူများသည် ကျေးဇူးတော်နည်းလမ်းကို ထိန်းသိမ်းရန်၊ ခရစ်တော်၏နာမတော်ကို ထုတ်ဖော်ပြောဆိုရန်နှင့် မကောင်းမှုအပေါ် ၎င်းတို့၏တုံ့ပြန်မှုများသည် ခရစ်တော်မရှိသောသူတို့၏တုံ့ပြန်မှုများနှင့် သိသိသာသာကွဲပြားသည့်ပုံစံဖြင့် အသက်ရှင်ရန်ဖြစ်သည်။

**Dr William Ury**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗျာဒိတ်ကျမ်းသည် ဘုရားသခင်ကို ဆန့်ကျင်သည့်အပြစ်ရှိသော လူ့အစိုးရများအားပေးသည့် လှည့်စားခြင်းကုလားကာကို ရုတ်သိမ်းခဲ့သည်။ ၎င်းသည် ဘုရားသခင်၏နိုင်ငံတော်နှင့် ခရစ်တော်၏ တန်ခိုးတော်၏လှုပ်ရှားမှုနှင့် အံ့ဩဖွယ်တို့ကို ထုတ်ဖော်ပြသသည်။ ဘုရားသခင်သည် မိမိ၏လူမျိုးတော်ကို ချစ်မြတ်နိုးပြီး ကိုယ်တော်၏ဘုန်းကြီးသောနိုင်ငံတော်တွင် သူတို့ကို ကောင်းချီးမင်္ဂလာပေးမည်ဟု ကတိပြုထားကြောင်း ကျွန်ုပ်တို့ကိုပြသသည်။ အဆုံးတိုင် သစ္စာရှိစွာသည်းခံပါက၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ကျွန်ုပ်တို့ရရှိမည့် အနာဂတ်ကောင်းချီးမင်္ဂလာများကို အာမခံပါသည်။ အတိုချုပ် အားဖြင့်၊ ၎င်းသည် ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံးနှင့် သမိုင်းတစ်လျှောက်လုံးတွင်၊ ယေရှုသည် အရာခပ်သိမ်းကို အသစ်ပြုလုပ်ရန် ပြန်လည်ကြွလာချိန်ထိတိုင် ဘုရားသခင်အပေါ် သစ္စာရှိရန် အကြောင်းပြချက်များကို ပေးသည်။

လက်ဝါးကပ်တိုင်တွင် အသေခံပြီးနောက် သေခြင်းတရားသည် ယေရှုကိုမထိန်းနိုင်ဘဲ၊ သုံးရက် မြောက်သောနေ့တွင် သေခြင်းမှ ထမြောက်ခဲ့သည်။ အလားတူ တစ်စုံတစ်ခုသော အရာသည် ယနေ့ ကမ္ဘာ၏ အခြေအနေမှန်ဖြစ်သည်။ မြေကြီးဆိုင်ရာ စွမ်းအားများနှင့် အုပ်စုများစွာသည် ဘုရားသခင်ကို ဆန့်ကျင်ကြပြီး၊ ဘုရားသခင်၏လူများစွာကို ဒုက္ခရောက်စေသည်။ ၎င်းသည် ဘဝအသက်တာကို အမှန်တကယ် စိတ်ဓာတ်ကျစေနိုင်ပါသည်။ သို့သော် ဘဝသည် စိတ်ပျက်ဖွယ်အကောင်းဆုံးပုံပေါက် နေချိန်၌ပင် ဘုရားသခင်သည် ထိန်းချုပ်ထားဆဲဖြစ်ပြီး၊ သူ၏ စိတ်နှလုံးတွင် ကျွန်ုပ်တို့အတွက် အကောင်းဆုံးစဉ်းစားနေကြောင်း သတိရရန်လိုသည်။ မည်သို့ပင်ဖြစ်စေကာမူ သူသည် မိမိ၏ကတိအ တိုင်း အကောင်းဆုံးလုပ်ဆောင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏လက်ရှိဆင်းရဲဒုက္ခသည် ယေရှုပြန်ကြွလာ သောအခါ ကျွန်ုပ်တို့ရရှိမည့်ဘုန်းအသရေနှင့် နှိုင်းယှဉ်ရန်ပင်မထိုက်တန်ပါ။ ၎င်းသည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် ကတိကဝတ်၌ ခိုင်မြဲစွာရပ်တည်ရန်၊ မေတ္တာ၌တည်ကြည်ရန်၊ ကျွန်ုပ်တို့၏သက်သေခံ ချက်ကို ထိန်းသိမ်းရန်၊ ကျွန်ုပ်တို့၏အယူဝါဒနှင့် အသက်တာ၏သန့်ရှင်းမှုကို ထိန်းသိမ်းထားရန် လှုံ့ဆော် ပေးသည်။ အဘယ်ကြောင့်ဆိုသော် ယေရှု၏သေခြင်း၏မှောင်မိုက်သည် ကိုယ်တော်ရှင်ပြန်ထမြောက် ခြင်းအလင်း၏နောက်တွင်ရှိသကဲ့သို့၊ ကျွန်ုပ်တို့၏ပစ္စုပ္ပန်အခက်အခဲများ၏အမှောင်ထုသည် နောက်ဆုံး တွင် ကိုယ်တော်ပြန်ကြွလာခြင်း၏အလင်းနှင့် သူ၏နိုင်ငံတော်၏ပြည့်စုံခြင်းတို့ဖြင့် လိုက်လာမည် ဖြစ်သည်။

ဗျာဒိတ်ကျမ်းသည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုတွင် သည်းခံခြင်းနှင့် ပတ်သက်၍ မည်သို့တိုက်တွန်းထားသည်ကို တွေ့မြင်ရပြီးနောက်၊ ယခုဝတ်ပြုကိုးကွယ်ခြင်းတွင် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုကို ဖော်ပြရန် တွန်းအားပေးသည့်နည်းလမ်းကို ကြည့်ကြပါစို့။

# ဝတ်ပြုကိုးကွယ်ခြင်း

ယောဟန်၏မူလပရိသတ်များသည် ကြီးစွာသောညှဉ်းပန်းနှိပ်စက်မှုကို ခံစားနေကြရသော်လည်း၊ ဗျာဒိတ်ကျမ်းသည် ဝတ်ပြုကိုးကွယ်ခြင်းအပေါ် ထူးခြားစွာအလေးပေးထားသည်။ ဗျာဒိတ် ၄ နှင့် ၅ သည် ကောင်းကင်ပလ္လင်ပတ်လည်၌ အံ့ဖွယ်ဝတ်ပြုကိုးကွယ်မှုမြင်ကွင်း၊ ဘုရားသခင်၏ပလ္လင်တော်

ပတ်လည်၌ ထိုင်နေသော အသက်ကြီးသူနှစ်ဆယ့်လေးဦးနှင့် ပလ္လင်တော်အခန်းတွင် ဘုရားသခင်ကို ချီးမွမ်းကာပျံသန်းနေသော သတ္တဝါလေးပါးကို ဖော်ပြထားသည်။ ဗျာဒိတ်ကျမ်းအခန်းကြီး ၂၂ ၏ ထက်ဝက်ကျော်တွင် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ အလားတူမြင်ကွင်းများ ပါရှိသည်။

၎င်းသည် အစပိုင်းတွင် အံ့အားသင့်ဖွယ်ထင်ရသော်လည်း၊ ဗျာဒိတ်ကျမ်းသည် ဆင်းရဲဒုက္ခနှင့် ဝတ်ပြုကိုးကွယ်ခြင်းကြား ဆက်နွယ်မှုကို ရှင်းလင်းစွာ ဖော်ပြသည်။ ကျွန်ုပ်တို့၏လက်ရှိအခြေအနေ မည်သို့ပင်ရှိစေကာမူ၊ ဒုက္ခရောက်ချိန်၌ပင် ဘုရားသခင်သည် စုံလင်၊ သန့်ရှင်းပြီး ကောင်းမြတ်တော်မူဆဲဖြစ်သည်။ ထို့ပြင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ အဆုံးစွန်သောအကျိုးအတွက် အရာခပ်သိမ်းကို လုပ်ဆောင်ပေးနေသည်၊ သို့မှသာ နောင်ကာလ၌ ကျွန်ုပ်တို့၏အမွေဥစ္စာအပြည့်အဝကို ခရစ်တော်၌ ကောင်းချီးပေးမည်ဖြစ်သည်။

ဗျာဒိတ်ကျမ်းသည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် အကြောင်းရင်းများစွာကို ပေးထားသော်လည်း၊ ဤသင်ခန်းစာတွင် ဗျာဒိတ် ၅ ပါ အသက်ကြီးသူနှစ်ဆယ့်လေးပါးသည် ဘုရားသခင်အား ချီးမွမ်းခြင်းတွင် အကျဉ်းချုပ်ဖော်ပြထားသော အယူအဆသုံးခုကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။

ဗျာဒိတ် ၅:၉-၁၀ တွင်တွေ့ရသော အသက်ကြီးသူများ၏ ပြောကြားချက်ကို နားထောင်ပါ_

> ကိုယ်တော်သည် အသေသတ်ခြင်းကို ခံတော်မူသောအားဖြင့်၊ အသီးအသီး ဘာသာစကားကို ပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကို ယူ၍၊ အသွေးတော်နှင့် ဘုရား သခင်အဘို့ ရွေးနှုတ်တော်မူ၏။ အကျွန်ုပ်တို့၏ ဘုရားသခင့်ရှေ့မှာ ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်းခန့်ထား၍ မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကို ခံယူ၍ တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ (ဗျာဒိတ် ၅း၉-၁၀)။

ဘုရားသခင်ကိုချီးမွမ်းရန် အနည်းဆုံးအကြောင်းရင်းသုံးခုကို အသက်ကြီးသူများဖော်ပြခဲ့သည်။ ရှေးဦးစွာ၊ ခရစ်တော်သည် လူအမျိုးအနွယ်တိုင်း၊ ဘာသာစကားတိုင်း၊ လူတိုင်းကိုရွေးဝယ် သို့မဟုတ် ရွေးနုတ်ခဲ့သည်။ ဒုတိယ၊ ခရစ်တော်သည် ဤရွေးနှုတ်ထားသောလူများကို နိုင်ငံတော်နှင့် ယဇ်ပုရောဟိတ်များအဖြစ်ခန့်အပ်ခဲ့သည်။ တတိယ၊ အနာဂတ်တွင် သူတို့သည် မြေကြီးပေါ်တွင် စိုးစံရမည်ဟု အာမခံထားသည်။

ဝတ်ပြုကိုးကွယ်ခြင်းတွင် ဖော်ပြထားသော သစ္စာစောင့်သိမှုကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိခြင်းသည် ဗျာဒိတ် ၅:၉-၁၀ တွင်အလေးပေးဖော်ပြထားသည့် သုံးပိုင်းနှင့် အပြိုင်ဖြစ်သည်။

ရှေးဦးစွာ၊ အတိတ်က ခရစ်တော်၏ ရွေးနှုတ်ခြင်းအမှုသည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် ထိုက်တန်စေကြောင်း မြင်တွေ့ရသည်။

ဒုတိယ၊ ကျွန်ုပ်တို့သည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းအပေါ် အာရုံစိုက်ပါမည်။ အကြောင်းမူကား၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ယဇ်ပုရောဟိတ်နိုင်ငံတော်အရာ၌ခန့်ထားခြင်းဖြင့် ပစ္စုပ္ပန်ကာလ၌ဂုဏ်အသရေကို ပေးတော်မူသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တတိယ၊ ကျွန်ုပ်တို့သည် ကောင်းကင်နှင့်မြေကြီးအသစ်ကို အုပ်စိုးသောအခါ အနာဂတ်တွင် ကျွန်ုပ်တို့ရရှိမည့်ကောင်းချီးမင်္ဂလာများကြောင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းကို ခံထိုက်ကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ခရစ်တော်၏ အတိတ်၌ရွေးနှုတ်ခြင်းအမှုတော်ကို ဦးစွာ ကြည့်ကြပါစို့။

## အတိတ်၌ရွေးနှုတ်ခြင်း

ဗျာဒိတ်ကျမ်းက ဘုရားသခင်သည် သူ၏ဖန်ဆင်းခံများအားလုံး၏ ဝတ်ပြုကိုးကွယ်ခြင်းကို ခံထိုက်ကြောင်း မကြာခဏဖော်ပြသည်။ ၎င်းသည် ကောင်းကင်ဘုံရှိ သန့်ရှင်းသူများသည် ကိုယ်တော်အား မည်သို့ဝတ်ပြုကိုးကွယ်ပုံနှင့်ပတ်သက်၍ လုပသည့်ဖော်ပြချက်များကို ပေးသည်။ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဗျာဒိတ်ကျမ်းက ကျွန်ုပ်တို့အားပေးသည့် အကြောင်းရင်းတစ်ခုမှာ ကျွန်ုပ်တို့အတွက်ခရစ်တော် လုပ်ဆောင်ပေးခဲ့သော ကယ်တင်ခြင်းအမှုဖြစ်သည်။

ဗျာဒိတ် ၁၄:၁-၄ သည် ခရစ်တော်၌ကျွန်ုပ်တို့ရရှိထားပြီးဖြစ်သော ရွေးနှုတ်ခြင်း၏လုပသော ဖော်ပြချက်နှင့် ကျွန်ုပ်တို့ကိုဖော်ပြထားသည်။ အပိုဒ်ငယ် ၁ တွင်၊ ယုံကြည်သူများ၏နဖူးပေါ်တွင် သိုးသငယ်၏နာမနှင့် ခမည်းတော်၏နာမကို ရေးထားသည်ဟု ယောဟန်ဖော်ပြသည်။ အပိုဒ်ငယ် ၄ တွင်၊ ယုံကြည်သူများကို လူသားများထဲမှရွေးဝယ်ခဲ့ပြီး၊ ဘုရားသခင်နှင့် သိုးသငယ်အား ပူဇော်သက္ကာအဖြစ် ပေးအပ်ကြောင်း ယောဟန်ရေးသားခဲ့သည်။ ဤကြီးစွာသောကယ်တင်ခြင်းကိုတုံ့ပြန်ရာ၌၊ ယုံကြည်သူများသည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းနှင့် ချီးမွမ်းခြင်းဖြင့်ပူဇော်ကြပြီး၊ သူတို့၏ကျေးဇူးတော် ချီးမွမ်းခြင်းကို အသစ်သောသီချင်းဖြင့် ဖော်ပြကြသည်။

ယုံကြည်သူတိုင်းသည် ရရှိထားသောကယ်တင်ခြင်းအတွက် တူညီသောတုံ့ပြန်မှု ရှိသင့်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အားလုံးကို ရွေးဝယ်ခဲ့ပြီး၊ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်နှင့် သိုးသငယ် အား ပူဇော်သက္ကာအဖြစ် ပေးအပ်ခြင်းခံရကြသည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်နှင့် သူ၏ ခရစ်တော်ကို ရွှင်လန်းစွာသီချင်းဆို၍ ချီးမွမ်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းတို့ဖြင့် တုံ့ပြန်သင့်သည်။

ကျွန်ုပ်တို့သည် အခက်အခဲများနှင့်ရင်ဆိုင်ရသောအခါ၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းကို သံသယဝင်ရန် လွယ်ကူပြီး ကျွန်ုပ်တို့၏ကယ်တင်ခြင်းတွင် ကိုယ်တော်ပေးထားသည့် ကောင်းသော ဆုကျေးဇူးများကို မေ့လျော့သွားနိုင်သည်—ခွင့်လွှတ်ခြင်း၊ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ သခင်နှင့် ပြန်လည် ဆက်ဆံရေး၊ ထာဝရအသက်ကဲ့သို့သော ဆုကျေးဇူးများဖြစ်သည်။

ကျွန်ုပ်တို့အတွက် ခရစ်တော်လုပ်ဆောင်ခဲ့ပြီးဖြစ်သည့် ရွေးနှုတ်ခြင်းကို ကျွန်ုပ်တို့အပေါ်ကျင့်သုံး ခြင်းသည် ကျွန်ုပ်တို့၏အခြေအနေ မည်သို့ပင်ရှိစေကာမူ၊ ကိုယ်တော်သည်ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်မှု ကို ခံထိုက်သူဖြစ်ကြောင်း မကြာခဏသတိရရန်လိုသည်။ ဘုရားသခင်သည် ဤအပြစ်ရှိသောလောက သို့ဝင်ရောက်ရန်၊ ကြီးမားသောဆင်းရဲဒုက္ခများနှင့် ညှဉ်းပန်းနှိပ်စက်မှုများကိုခံရပ်ရန်နှင့် ကျွန်ုပ်တို့၏ အပြစ်အတွက် လက်ဝါးကပ်တိုင်တွင်အသေခံရန် လုံလောက်စွာချစ်တော်မူသည်။ ဤလောကရှိဆင်းရဲ ဒုက္ခ သို့မဟုတ် ခက်ခဲခြင်းသည် ကျွန်ုပ်တို့အတွက် ခရစ်တော်ခံရသော ဆင်းရဲဒုက္ခနှင့် နှိုင်းယှဉ်ရန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မထိုက်တန်ပါ။ ထိုအရာသည် ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်ခြင်း၊ ချီးမွမ်းခြင်းနှင့် ကျေးဇူးတင်ခြင်းတို့ကို ခံထိုက်စေပါသည်။

အတိတ်က ခရစ်တော်၏ရွေးနှုတ်ခြင်းအမှုတော်သည် ကျွန်ုပ်တို့၏သစ္စာဖြင့်ဝတ်ပြုကိုးကွယ်ခြင်းကို မည်ကဲ့သို့လှုံ့ဆော်ပေးသည်ကို ကြည့်ရှုပြီးနောက်၊ ယခုကျွန်ုပ်တို့အား သူ၏ယဇ်ပုရောဟိတ်အဖြစ် ခန့်အပ်ခြင်းဖြင့် ကျွန်ုပ်တို့အား ပစ္စုပ္ပန်ကာလ၌ဘုရားသခင်ပေးထားသည့် ဂုဏ်အသရေကို ကြည့်ကြပါစို့။

## ပစ္စုပ္ပန်ဂုဏ်အသရေ

ယခုအချိန်တွင် ဘုရားသခင်သည် သူ၏ကောင်းကင်ဗိမာန်တော်တွင်းရှိ သူ၏ရာဇပလ္လင်ပေါ်တွင် စိုးစံနေသည်။ မြေကြီးပေါ် ရှိ သူ၏လူများကို သူ၏ယဇ်ပုရောဟိတ်အဖြစ် ခန့်ထားသည်။

ဓမ္မဟောင်းကျမ်းတွင်၊ ဘုရင်များနှင့် ယဇ်ပုရောဟိတ်များသည် သူ၏ပဋိညာဉ်လူများနှင့် ဆက်ဆံရေးတွင် ကိုယ်တော်ကိုကိုယ်စားပြုရန် ဘုရားသခင်ရွေးချယ်ထားသောကြောင့် အလွန်ဂုဏ်အသရေရှိကြသည်။ သို့သော် သူတို့သည် ကြီးမြတ်သောအုပ်စိုးရှင်အဖြစ် ဘုရားသခင်အပေါ် သစ္စာစောင့်သိနေသမျှကာလပတ်လုံး ဤဂုဏ်အသရေရှိသောတာဝန်များတွင် အောင်မြင်ခွင့်ရကြသည်။ ဓမ္မဟောင်း ဘုရင်များနှင့်ပတ်သက်၍ ၁ ဓမ္မရာဇဝင် ၃:၁၃-၁၄၊ ယေရမိ ၃၄:၄-၅ နှင့် ဒံယေလ ၄:၃၄-၃၇ တွင် တွေ့မြင်ရသည်။ ၂ ရာဇဝင်ချုပ် ၂၆:၁၈ နှင့် မြည်တမ်းစကား ၄:၁၂-၁၆ တွင် ယဇ်ပုရောဟိတ်၏စောင့်သိမှုနှင့် ဂုဏ်အသရေကြားဆက်နွယ်မှုကို တွေ့မြင်ရသည်။

သို့သော် ဓမ္မဟောင်းတွင် ရွေးချယ်ခံရသူ လူအနည်းငယ်သာ ဘုရင်များနှင့် ယဇ်ပုရောဟိတ်များဖြစ်ကြသော်လည်း၊ ဓမ္မဟောင်းကျမ်းသည် ဘုရားသခင်၏သစ္စာရှိလူအားလုံး ကမ္ဘာမြေကြီးပေါ် ရှိ ဘုရင်များနှင့် ယဇ်ပုရောဟိတ်များဖြစ်လာမည့်နေ့ကို စောင့်မျှော်နေပါသည်။

ထွက်မြောက်ရာ ၁၉:၅-၆ တွင် ဘုရားသခင်သည် ဣသရေလလူတို့ကို မိန့်တော်မူသည်အတိုင်း_

> ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်ကြလျှင် အခြားသော လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သောဘဏ္ဍာတော် ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် (ထွက်မြောက် ၁၉း၅-၆)။

ဗျာဒိတ်ကျမ်းအရ၊ ဓမ္မဟောင်း၏ကြိုတင်ပြောခဲ့သောနေ့သည် ဤနေရာတွင်ရှိနေပြီဖြစ်သည်။ ယခုအခါ အသင်းတော်သည် ကမ္ဘာမြေကြီးကို အုပ်စိုးသော ယဇ်ပုရောဟိတ်များဖြစ်သည်။ ၎င်းကို ဗျာဒိတ် ၅:၉-၁၀ နှင့် ၂၀:၆ တွင်ထင်ရှားစွာမြင်ရပြီး၊ အခြားကျမ်းပိုဒ်များစွာတွင်လည်း တွေ့ရပါသည်။

> ထွက်မြောက်ရာကျမ်း ၁၉ တွင် ဘုရားသခင်သည် ဣသရေလလူတို့ကို တော်ဝင်ယဇ်ပုရောဟိတ်အဖြစ်လည်းကောင်း၊ ထိုကဲ့သို့ပင် ဧကရာဇ်ယဇ်ပုရော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟိတ်အဖွဲ့ဝင်များအဖြစ်လည်းကောင်း ရွေးချယ်ခဲ့သည်။ ထွက်မြောက်ရာ ၁၉ တွင် ထိုအသုံးအနှုန်းကို အသင်းတော်အားရည်ညွှန်းရန် ဓမ္မသစ်ကျမ်းတွင် ပေတရုအသုံးပြုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤသည်မှာရှေးက္လသရေလ တစ်မျိုးသားလုံးအတွက်သာမက ခရစ်ယာန်အားလုံးတွင်လည်းရှိရမည့် ရှုထောင့်ဖြစ်သည်၊ ကျွန်ုပ်တို့သည် တော်ဝင်ယဇ်ပုရောဟိတ်၊ ရွေးချယ်ထားသောလူမျိုး၊ တော်ဝင်ပဒေသရာဇ်ယဇ်ပုရောဟိတ်များ ဖြစ်သည်။ ကဏ္ဍများစွာတွင် ထူးဆန်းနေသည်ကို ကျွန်ုပ်သိပါသည်။ အဘယ်ကြောင့် ဆိုသော် ယဇ်ပုရောဟိတ်များကို စဉ်းစားသောအခါ၊ သာမာန်အားဖြင့် ယဇ်ပုရောဟိတ်များသည် အလွန်အကန့်အသတ်ရှိသော အရာများကိုသာ ပြုလုပ်သည်ဟု ယူဆသောကြောင့်ဖြစ်သည်။ သူတို့သည် ယဇ်ပူဇော်ခြင်း၊ ဆုတောင်းခြင်း၊ ရံဖန်ရံခါ သီချင်းဆိုခြင်း၊ သံပြိုင်တီးဆိုမှုတွင် တံပိုးမှုတ်ခြင်း စသည်တို့ကို ပြုကြသည်။ သို့သော် အမှန်တကယ်တွင်၊ သမ္မာကျမ်းစာဖော်ပြ သည်မှာ မြေကြီးပေါ် ရှိတရားဝင်၊ ဘုရားသခင်ခန့်အပ်သည့် လှုပ်ရှားမှုတိုင်းသည် အစမှအဆုံးတိုင်အောင်၊ ဘုရားသခင်ကိုအစေခံသူများအတွက် တော်ဝင်ယဇ်ပု ရောဟိတ်၏ လုပ်ဆောင်ချက်ဖြစ်သည်ဟု ဆိုသည်။ ၎င်းသည် ဘုရားသခင်ထံ ဓမ္မအမှုတော်လုပ်ငန်းအဖြစ် သတ်မှတ်ထားသော လုပ်ဆောင်ချက်အချို့ ရှိသော်လည်း—ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ—ကျွန်ုပ်တို့လုပ်ဆောင်သည့် အခြားအရာများသည် ကျွန်ုပ်တို့အတွက်သာ သို့မဟုတ် အကြောင်းပြချက်မရှိဘဲ လုပ်ဆောင်ခြင်း မဟုတ်ပါ။ ယင်းအစား၊ ခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့ လုပ်ဆောင်သည့်အရာတိုင်းသည် သခင်ဘုရားထံတော်၌ နှလုံးသားနှင့် လုပ်ဆောင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်၏ခြောက်ရက်တာ အလုပ်ဖြစ်စေ၊ အိပ်သည်ဖြစ်စေ၊ သင့်သားသမီးများကို ပြုစုပျိုးထောင် သည်ဖြစ်စေ သခင်ဘုရားအတွက် ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ၎င်းသည် တော်ဝင်ယဇ်ပုရောဟိတ်တစ်ဦး၏ လုပ်ဆောင်ချက်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့၏တာဝန်မှာ နောင်လာမည့်ကမ္ဘာသစ်ကို မျှော်မှန်းပြီး ကမ္ဘာတစ်ဝှမ်းရှိ ဘုရားသခင်၏သန့်ရှင်းမှုကို ပြန့်ပွားစေရန်ဖြစ်ပြီး၊ ကျန်ရှိနေသူ အားလုံးသည် အံ့မခန်းသန့်စင်သော၊ သန့်ရှင်းပြီး မြင့်မြတ်သောကမ္ဘာမြေကြီး ပေါ်တွင် နေထိုင်ကာ၊ သူ၏တော်ဝင်ယဇ်ပုရောဟိတ်များအဖြစ် ဘုရားသခင်ကို ထာဝရအစေခံရန်ဖြစ်သည်။

**Dr Richard L. Pratt, Jr.**

မှန်ပါသည်၊ ဤအမှန်တရား၏သက်ရောက်မှုများစွာရှိသည်။ ဥပမာ၊ ခရစ်ယာန်များသည် မြေကြီးပေါ် ရှိ ဘုရားသခင်၏ သံတမန်များဖြစ်သည်။ ကိုယ်တော်နှင့် အခြားသူတို့အား အမှုဆောင်ရန်

ကျွန်ုပ်တို့ကို ခေါ်ထားသည်။ ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို တာဝန်သိစွာအုပ်စိုးရန် တာဝန်ရှိပါသည်။ သို့သော် သင်ခန်းစာ၏ဤအပိုင်းတွင် ကျွန်ုပ်တို့အာရုံစိုက်ရမည့်သက်ရောက်မှုမှာ ဤဂုဏ်အသရေသည် ဝတ်ပြုကိုးကွယ်ရန်ကျွန်ုပ်တို့အား လှုံ့ဆော်ပေးသင့်သည့်အချက်ဖြစ်သည်။

ဥပမာ၊ ဗျာဒိတ် ၅:၈-၁၄ တွင်၊ ကောင်းကင်တရားခွင်၌ လှပသောဝတ်ပြုကိုးကွယ်ခြင်းမြင်ကွင်း တစ်ခုရှိသည်။ ဤမြင်ကွင်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ သတ္တဝါလေးပါးနှင့် အသက်ကြီးသူ နှစ်ဆယ့်လေးပါးတို့သည် စောင်း၊ သီချင်းဆိုခြင်း၊ နံ့သာပေါင်းဖြင့် သိုးသငယ်ယေရှုအား ချီးမွမ်းကိုးကွယ်ကြသည်။

ဗျာဒိတ် ၅:၁၀ တွင် ဘုရားသခင့်သစ္စာရှိလူများအကြောင်း သူတို့သီဆိုပုံကို နားထောင်ပါ_

> အကျွန်ုပ်တို့၏ဘုရားသခင့်ရှေ့မှာ ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်းခန့်ထား၍ မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးတော်မူ၏။ ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကိုခံယူ၍တံဆိပ်တို့ကို ဖွင့်ထိုက်တော်မူ၏ (ဗျာဒိတ် ၅:၁၀)။

ယေရှုအားဝတ်ပြုကိုးကွယ်ထိုက်သည့် အရေးကြီးသောအကြောင်းရင်းတစ်ခုမှာ ကိုယ်တော်သည် မိမိလူတို့ကို ယဇ်ပုရောဟိတ်အစေခံများအဖြစ်လည်းကောင်း၊ မြေကြီးပေါ်၌စိုးစံမည့်ဘုရင်များ အဖြစ်လည်းကောင်း ခန့်အပ်ခြင်းဖြင့် ယခုမျက်မှောက်ကာလ၌ ချီးမြှောက်တော်မူသည်။

ဗျာဒိတ် ၄:၁၀-၁၁ တွင် အလားတူတစ်ခုကို တွေ့မြင်ရသည်။ ထိုကျမ်းပိုဒ်တွင်၊ ကောင်းကင်၌ ရှိသော အသက်ကြီးသူများသည် သခင်ယေရှု၏ရှေ့မှောက်၌ပျပ်ဝပ်ကာ ခြေတော်ရင်း၌သူတို့၏သရဖူကိုတင်၍ ချီးမွမ်းခြင်းဖြင့်၊ ပေးအပ်ထားသော ဂုဏ်အသရေနှင့် တော်ဝင်အခွင့်အာဏာကို တုံ့ပြန်ခဲ့ကြသည်။

မရေမတွက်နိုင်သော ယုံကြည်သူများကို ဘုရားသခင်၏အစေခံများအဖြစ် တံဆိပ်ခတ်ထားသည့် ဗျာဒိတ် ၇ တွင် နောက်ထပ်ဥပမာတစ်ခုကို တွေ့နိုင်သည်။ သူတို့အား ပေးအပ်ခံရသော ကျေးဇူးတော်နှင့် ဂုဏ်အသရေကို တုံ့ပြန်ခြင်းသည် သခင်ဘုရား၏ကောင်းမြတ်ခြင်း၊ ကရုဏာနှင့် တန်ခိုးတော်ကို ချီးမွမ်းခြင်းပင်ဖြစ်သည်။

ဗျာဒိတ် ၁:၅-၆ တွင်၊ တမန်တော်ယောဟန်သည် ကျွန်ုပ်တို့အတွက် ဤအပြုအမူကို စံနမူနာပြခဲ့သည်။ သူပြောသည်ကို နားထောင်ကြည့်ပါ_

> ယေရှုခရစ်…မိမိခမည်းတော်ဘုရားသခင့်ရှေ့၌ ငါတို့ကိုရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း ခန့်ထားတော်မူသောသူသည်၊ ကမ္ဘာအဆက်ဆက် ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူစေသတည်း (ဗျာဒိတ် ၁း၅-၆)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအခန်းငယ်များတွင်၊ ယောဟန်သည် ခေတ်အဆက်ဆက် အသင်းတော်သည် ကိုယ်တော်၏ ယဇ်ပုရောဟိတ်အဖြစ် ကျွန်ုပ်တို့အား ကောင်းချီးမင်္ဂလာပေးတော်မူသော သခင်ကိုဝတ်ပြုကိုးကွယ် ခြင်းဖြင့် ကျွန်ုပ်တို့ရရှိထားသော ဂုဏ်အသရေကို တုံ့ပြန်သင့်သည်ဟု ဖော်ပြခဲ့သည်။

> အထူးသဖြင့် ကိုယ်တော်သည် အမှီအခိုကင်းသည်၊ လိုအပ်ချက်များမရှိ၊ လုံးဝပြည့်စုံကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုသောအခါ ဘုရားသခင်အား အမှုတော်ထမ်းဆောင်ခြင်း သို့မဟုတ် ကောင်းချီးပေးခြင်းများကို ပြောဆိုခြင်း သည် ထူးဆန်းပုံရသည်။ သို့သော် ကျွန်ုပ်တို့နှင့် သူ၏ဆက်ဆံရေးတွင် ကျွန်ုပ်တို့၏နာခံခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း သို့မဟုတ် သစ္စာရှိစွာအသက်ရှင်ခြင်း သည် ကိုယ်တော်အား ရွှင်လန်းစေနိုင်သည်။ ထို့ကြောင့် နေ့စဉ်သစ္စာရှိမှု၊ နေ့စဉ်နာခံမှုနှင့် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းသည် အမှန်တကယ် ဘုရားသခင်ကို ကောင်းချီးပေးပြီး သူ၏စိတ်နှလုံးကို ရွှင်လန်းစေသည်။ ၎င်းသည် ခရစ်ယာန်တစ်ယောက်အနေဖြင့် အသက်ရှင်ခြင်း၏ အဓိကတွန်းအား ပင်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့တွင် မကောင်းသောအရာများမဖြစ်ပေါ် သို့မဟုတ် ဘုရားသခင်သည်ကျွန်ုပ်တို့ကို ဒေါသထွက်ခြင်းမရှိဟု ဆိုလိုခြင်း မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၏အသက်ရှင်နေထိုင်ပုံက ဖန်ဆင်းရှင်၏ စိတ်နှလုံးကို ရွှင်လန်းစေနိုင်မည် ဖြစ်သည်။
>
> **Dr K. Erik Thoennes**

တစ်ခါတစ်ရံ ဘုရားသခင်၏ ယဇ်ပုရောဟိတ်များအနေဖြင့် ယုံကြည်သူများသည် ကောင်းကင် ဘုံရှိ သခင်ဘုရားကို အမှန်တကယ် အလုပ်အကျွေးပြုကြသည်ကို မေ့တတ်ကြသည်။ ဆိုလိုသည်မှာ၊ ကျွန်ုပ်တို့သည် ကောင်းကင်ဗိမာန်တော်ကို ထိန်းသိမ်းရန်နှင့် ၎င်း၏သခင်နှစ်သက်သောဝန်ဆောင်မှု များကို လုပ်ဆောင်ခြင်းဖြစ်သည်။ ဥပမာ၊ ဗျာဒိတ် ၅:၈ တွင် သန့်ရှင်းသူတို့၏ဆုတောင်းချက်များသည် ဘုရားသခင်၏ကောင်းကင်ဘုံဗိမာန်တော်ရှိ နံ့သာပေါင်းနှင့်ပြည့်သောရွှေဖလားများဖြစ်ကြောင်း အာမခံသည်။ ဗျာဒိတ် ၈:၃-၅ တွင်၊ ဤဆုတောင်းချက်များသည် ဘုရားသခင်ထံတော်သို့ တက်သွားပြီး၊ မြေကြီးပေါ်၌ တရားစီရင်ခြင်းများကို စေလွှတ်ခြင်းဖြင့် တုံ့ပြန်တော်မူသည်။

ယနေ့ ဘုရားသခင်၏လူတို့သည် ကိုယ်တော်၏ယဇ်ပုရောဟိတ်များအဖြစ် ဂုဏ်အသရေရှိကြ သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏နိုင်ငံတော်ထဲသို့ ခေါ်ဆောင်ခဲ့ပြီး၊ ကမ္ဘာတဝှမ်းလုံးတွင် သူ၏နိုင်ငံတော်ကို ပြန့်ပွားစေမည့်တာဝန်ကို ခန့်အပ်ထားသည်။ သူ၏ယဇ်ပုရောဟိတ်များအနေဖြင့်၊ ကျွန်ုပ်တို့သည် ကောင်းကင်ဗိမာန်တော်၌ ကိုယ်တော်အားအမှုဆောင်ခြင်း၏ ဂုဏ်အသရေရှိပါသည်။ စဉ်းစားကြည့်ပါ—ကျွန်ုပ်တို့သည် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းသူနှင့် အုပ်စိုးရှင်အတွက် တိုက်ရိုက် တာဝန်ထမ်းဆောင်နေပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား သူ၏ဖန်ဆင်းခြင်းအပေါ် အခွင့်အာဏာ ပေးထားပြီး၊ ကျွန်ုပ်တို့သည် သူ့အားဝတ်ပြုခြင်းနှင့် ဆုတောင်းသည့်အခါ ကျွန်ုပ်တို့၏ဆုတောင်းချက်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဂရုတစိုက် နားထောင်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များကိုပင် နားထောင်ပြီး၊ ကိုယ်တော်၏သစ္စာရှိလူတို့ကို ကောင်းချီးမင်္ဂလာပေးကာ ကိုယ်တော်၏အုပ်စိုးမှုကို ဆန့်ကျင်သူများကို တရားစီရင်သည့်နည်းလမ်းအဖြစ် ၎င်းကို အသုံးပြုသည်။ ဤကြီးမားသောဂုဏ်အသရေကို ကျွန်ုပ်တို့မည်သို့တုံ့ပြန်သင့်သနည်း။ ကိုယ်တော်အား ကျွန်ုပ်တို့၏ကျေးဇူးတင်သည့်နာခံမှုနှင့် စစ်မှန်သောဝတ်ပြုကိုးကွယ်မှုကို ပေးခြင်းအားဖြင့် တုံ့ပြန်သင့်သည်။

ခရစ်တော်၏အတိတ်ရွေးနှုတ်ခြင်းအမှုနှင့် ကျွန်ုပ်တို့၏ပစ္စုပ္ပန်ဂုဏ်အသရေကိုကြည့်ရှုပြီးနောက်၊ ကျွန်ုပ်တို့အားပေးမည်ဟုကတိပြုထားသော အနာဂတ်ကောင်းချီးမင်္ဂလာများကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏သစ္စာရှိစွာဝတ်ပြုကိုးကွယ်ခြင်းကို ထိုက်တန်ကြောင်း ကျွန်ုပ်တို့သိမြင်ရန်အဆင်သင့် ဖြစ်နေပြီဖြစ်သည်။

## အနာဂတ်ကောင်းချီးမင်္ဂလာများ

ဗျာဒိတ်ကျမ်းသည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရန် အသင်းတော်အား ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်နှင့်မြေကြီးသစ်ကို ခရစ်တော်နှင့်အတူ ထာဝရစိုးစံခြင်းကို စတင်သောအခါ တရားစီရင်ရာတွင်ကျွန်ုပ်တို့အား ကြီးမြတ်သောကောင်းချီးမင်္ဂလာများပေးသနားတော်မူသောကြောင့်ဖြစ်သည်။ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့ကို မကြာခဏ အားပေးသည့်နည်းတစ်နည်းမှာ ကျွန်ုပ်တို့လိုက်နာရန် ပုံသက်သေများ ပေးခြင်းအားဖြင့်ဖြစ်သည်။

ဗျာဒိတ် ၁၁:၁၆-၁၈ တွင် ကောင်းကင်ဘုံရှိအသက်ကြီးသူများ ပေးသောပုံသက်သေကို သုံးသပ်ကြည့်ပါ_

> ဘုရားသခင်ရှေ့တော်၌ မိမိတို့ပလ္လင်ပေါ်မှာထိုင်သော အသက်ကြီးသူ
> နှစ်ဆယ်လေးပါးတို့သည်ပျပ်ဝပ်၍ ဘုရားသခင်ကို ကိုးကွယ်လျက်၊
> အနန္တတန်ခိုးနှင့်ပြည့်စုံ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော
> ထာဝရအရှင် ဘုရားသခင်၊ ကိုယ်တော်၏ မဟာတန်ခိုးတော်ကို ယူဆောင်၍
> စိုးစံတော်မူသော ကျေးဇူးတော်ကို အကျွန်ုပ် တို့သည် ချီးမွမ်းပါ၏။...ကိုယ်တော်
> ၏ကျွန်တည်းဟူသော ပရောဖက်တို့အားၡင်း၊ သန့်ရှင်းသူတို့အားၡင်း၊
> ကိုယ်တော်ကိုကြောက်ရွံ့ရိုသေသောသူအကြီးအငယ်တို့အားၡင်း၊ ဆုကျေးဇူးကို
> ပေးသနား တော်မူ၍ မြေကြီးကိုဖျက်ဆီးသောသူတို့ကို ဖျက်ဆီးတော်မူသော
> အချိန်ရောက်ပါပြီဟု လျှောက်ဆိုကြ၏ (ဗျာဒိတ် ၁၁:၁၆-၁၈)။

ဤရူပါရုံ၌ ယောဟန်သည် အနာဂတ်တရားစီရင်ရာနေ့ကို မြင်ခဲ့သည်။ ထိုနေ့တွင်၊ ဘုရားသခင်၏သစ္စာစောင့်သိသူအားလုံးသည် ထာဝရဆုလာဘ်များ ရရှိကြမည်ဖြစ်ပြီး၊ ဘုရားသခင်၏ ရန်သူများအားလုံး ထာဝရပျက်စီးခြင်းသို့ ပို့ဆောင်ခံရမည်ဖြစ်သည်။ ဤအခင်းအကျင်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ယောဟန်သည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်နေသော အသက်ကြီးသူများကို ကြည့်ရှုခဲ့သည်။ အကြောင်းမူကား၊ ကိုယ်တော်သည် သူတို့နှစ်ဦးလုံးကို ဆုလာဘ်များပေးခြင်းနှင့် ရန်သူများကို

ဖယ်ရှားပေးခြင်းဖြင့် ကောင်းချီးပေးတော်မူသည်။ ဤဥပမာအားဖြင့်၊ ဤတူညီသောအနာဂတ် ကောင်းချီးမင်္ဂလာများကို ကျွန်ုပ်တို့အား ကတိပြုထားသောကြောင့်၊ ယောဟန်ခေတ်ရှိအသင်းတော်များသည် ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းကို ဘုရားသခင်သည် ယခုပစ္စုပ္ပန်အချိန်၌လည်း ခံထိုက်ကြောင်း နားလည်သဘောပေါက်မည်ဖြစ်သည်။

ဗျာဒိတ် ၇:၉-၁၀ တွင် နောက်ထပ်ဥပမာကို ဤသို့တွေ့နိုင်သည်_

> ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီး ဘာသာစကားကိုပြောသော
> လူအမျိုးအနွယ်ခပ်သိမ်းတို့ အထဲမှထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သော
> လူများအပေါင်းတို့သည် ဖြူသောဝတ်လုံကို ဝတ်ဆင်လျက်၊
> စွန်ပလွံခက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့ သိုးသငယ်ရှေ့မှာရပ်နေကြ၏။
> သူတို့ကလည်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသော ငါတို့၏ဘုရားသခင်နှင့်
> သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်းဟု
> ကြီးသော အသံနှင့်ကြွေးကြော်ကြ၏ (ဗျာဒိတ် ၇:၉-၁၀)။

ဤကျမ်းပိုဒ်တွင်၊ ယောဟန်ဖော်ပြထားသော လူများအပေါင်းတို့သည် ဖြူသောဝတ်လုံကို ဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်ဆောင်ထားကြသည်။ ဗျာဒိတ် ၇:၁၄-၁၇ အရ၊ ဖြူသောဝတ်လုံသည် သူတို့ရရှိသောကောင်းချီးမင်္ဂလာများကို ကိုယ်စားပြုသည်။ သူတို့သည် ဆင်းရဲဒုက္ခကို ဖြတ်သန်းခဲ့ရပြီး၊ သူတို့၏အပြစ်များသည် ခရစ်တော်၏အသွေးတော်အားဖြင့် ခွင့်လွှတ်ခြင်းခံရသည်။

ထို့အပြင်၊ သူတို့သည် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ထဲသို့ဝင်ခွင့်ရပြီး၊ ၎င်းတို့၏ထာဝရဆုကျေးဇူးကို ရရှိခဲ့ကြသည်။ သူတို့သည် ဘုရားသခင်ကို မည်သို့တုံ့ပြန်ခဲ့ကြသနည်း။ ကိုယ်တော်ကို ဝတ်ပြုကိုးကွယ်ခြင်းဖြင့်တုံ့ပြန်ခဲ့ကြသည်။ သူတို့၏ပုံသက်သေသည် ယောဟန်၏မူလပရိသတ်များကို အလားတူလုပ်ဆောင်ရန် လှုံ့ဆော်ပေးလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုလည်း တူညီသော ကောင်းချီးမင်္ဂလာများပေးသောကြောင့်ဖြစ်သည်။ ခေတ်အဆက်ဆက်ရှိ ယုံကြည်သူများအတွက်လည်း အလားတူပင်ဖြစ်သည်။

ထို့ပြင် လူများအပေါင်းတို့ကိုင်ဆောင်သည့် စွန်ပလွံခက်သည်လည်း အလားတူပင်ဖြစ်သည်။ ဝတ်ပြုရာ ၂၃:၄၀ အရ၊ သခင်ဘုရားယူဆောင်လာမည့် အဆုံးစွန်သောကယ်တင်ခြင်းကိုညွှန်ပြရန် အတွက် သကေနေပွဲများတွင် စွန်ပလွံကိုင်းများကို ပုံမှန်အသုံးပြုကြသည်။ ယောဟန် ၁၂ တွင်ယေရှုသည် ယေရုရှလင်မြို့သို့ အောင်ပွဲခံရန်ဝင်ရောက်သောအခါ၊ ကျွန်ုပ်တို့အားဖော်ပြသောအသေးစိတ်အချက်တစ်ခုမှာ လူအုပ်ကြီးသည် ကိုယ်တော်အား စွန်ပလွံခက်များဖြင့် ကြိုဆိုခဲ့ပြီး၊ ဘုရားသခင်သည် မေရှိယနိုင်ငံတော်ကို ယူဆောင်လာသည်ဟု ၎င်းတို့၏ယုံကြည်မှုကို ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့်၊ ယောဟန်၏ရူပါရုံတွင် လူများသယ်ဆောင်လာသော စွန်ပလွံခက်များက လူတို့သည် ဘုရားသခင့်နိုင်ငံတော်၏ အနာဂတ်ကောင်းချီးမင်္ဂလာများကို ရရှိကြောင်း ညွှန်ပြနေသည်။ အမှန်တကယ်တွင်၊ သူတို့သည် သူတို့အား ကောင်းချီးမင်္ဂလာပေးသောသူကို ဝတ်ပြုကိုးကွယ်ခြင်းဖြင့် ဤကောင်းချီးမင်္ဂလာများအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုသည် ဘုရားသခင်၏ရန်သူများကို အောင်နိုင်ခဲ့ပြီးဖြစ်သည်။ ယုံကြည်သူတိုင်းသည် သေဆုံးသောအခါ ကောင်းကင်ဘုံ၌လည်းကောင်း၊ သခင်ယေရှု ကြွလာတော်မူသောအခါ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌လည်းကောင်း၊ ကြီးမြတ်သောအနာဂတ်ကောင်းချီးမင်္ဂလာများကို စောင့်မျှော်နိုင်ကြသည်။ ၎င်းသည် ကျွန်ုပ်တို့၏အောင်မြင်သောဘုရားသခင်အား ချီးမွမ်းရန်နှင့် ဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့ကိုအကြောင်းပြချက် ပေးပါသည်။

> ကျွန်ုပ်တို့သည် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်း၏အဓိပ္ပါယ်ကို စဉ်းစားသောအခါ၊ ဖန်ဆင်းခြင်းအစီအစဉ်၊ ခရစ်တော်၏လက်ဝါးကပ်တိုင်နှင့်ပတ်သက်သော ကျွန်ုပ်တို့၏နားလည်မှု၊ ဘုရားသခင်၏သားသမီးများအဖြစ်အဖြစ် သတ်မှတ်ခြင်းခံရသော ကျွန်ုပ်တို့၏အပြစ်ခွင့်လွှတ်ခြင်းကို မကြာခဏကြည့်ကြပါသည်။ ဤအရာများအားလုံးကို လက်ရှိပိုင်ဆိုင်မှုများအဖြစ် ကျွန်ုပ်တို့ရှုမြင်ကြသည်။ ဆာလံ ၁၉ တွင် ဒါဝိဒ်နှင့်အတူ၊ "မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာများကိုပြသ၏။"အလှတရားများကို ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် မြင်တွေ့ရကာ၊ ဤအရာများအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ပြီးမြောက်ခဲ့သောအမှုတော်နှင့် ကျွန်ုပ်တို့၏လက်ရှိအခွင့်ထူးများ ဖြစ်သည့် ဘုရားသခင်၏သားသမီးဖြစ်ခွင့်၊ ခွင့်လွှတ်ခြင်းခံရသူများဖြစ်ခြင်း နှင့်ပတ်သက်၍ သမ္မာကျမ်းစာအသုံးအနှုန်းများကို ပြန်လည်သုံးသပ်ကြပြီး၊ ထိုကောင်းချီးများအတွက် ဘုရားသခင်ကိုချီးမွမ်းကြသည်။ သို့သော် လုံခြုံပြီး သေချာသည့် သမ္မာကျမ်းစာတွင် ပါရှိသောအရာများထဲမှတစ်ခုမှာ၊ အနာဂတ်တွင် ကျွန်ုပ်တို့ရရှိမည့် ကောင်းချီးမင်္ဂလာများဖြစ်သည်။ အမှန်တကယ်တွင်၊ ကျွန်ုပ်တို့အတွက်အနာဂတ်တွင် ကတိပြုထားသည့်အရာများသည် ယခုကျွန်ုပ်တို့ ပိုင်ဆိုင်သမျှအရာများထက် များစွာပို၍ပေါများကြွယ်ဝပြီး ဘုန်းအသရေကြီး ကြောင်း သမ္မာကျမ်းစာကဖော်ပြသည်ဟု ကျွန်ုပ်ထင်ပါသည်။

**Dr Thomas J. Nettles**

> ကျွန်ုပ်တို့၏ဘဝတွင် အမှန်တကယ်ဖြစ်မလာသေးသော အရာများအတွက် ဘုရားသခင်သည်ဝတ်ပြုကိုးကွယ်ထိုက်ပေသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ၎င်းတို့ဖြစ်လာမည်ကို သေချာသိသောကြောင့်ဖြစ်သည်။ ခရစ်ယာန်ယုံကြည်ခြင်းသည် ဘုရားသခင်၏ အကြွင်းမဲ့ပိုင်သအုပ်စိုးမှုနှင့် တန်ခိုးတော်အပေါ် မျှော်လင့်ချက်နှင့် ယုံကြည်မှုများထဲမှ တစ်ခုဖြစ်ပြီး၊ ထို့ကြောင့် တစ်စုံတစ်ခု ဖြစ်လာမည်ကို ကိုယ်တော်ကတိပြုသောအခါ၊ အမှန်တကယ်ဖြစ်မည်ဟူသော အာမခံချက်အတွက် ကျွန်ုပ်တို့သည် ကိုယ်တော်အား ချီးမွမ်းကိုးကွယ်ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သ့ာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ကို သူလုပ်ဆောင်ခဲ့သမျှ၊ လုပ်ဆောင်နေသော၊ လုပ်ဆောင်မည့် အရာရာတိုင်းအတွက် ဝတ်ပြုကိုးကွယ်နိုင်ပါသည်။

**Dr K. Erik Thoennes**

ဘုရားသခင်အပေါ် သစ္စာစောင့်သိခြင်း၏အကြောင်းအရာကို ဗျာဒိတ်ကျမ်းတွင် နည်းလမ်းများစွာဖြင့် ဖော်ပြထားပါသည်။ သို့သော် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ဗျာဒိတ်ကျမ်းသည် ပစ္စုပ္ပန်ကမ္ဘာတွင် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုကို ဖော်ပြနိုင်သည့် အကောင်းဆုံးနည်းလမ်းနှစ်ခုအဖြစ် ဝတ်ပြုကိုးကွယ်ခြင်းနှင့်သည်းခံခြင်းကို အလေးပေးဖော်ပြသည်။ ၎င်းသည် အစဉ်မလွယ်ကူပါ။ အမှန်တကယ်တွင်၊ ကျွန်ုပ်တို့သည် များများခံစားရလေ၊ သည်းခံခြင်းရှိရန်ခက်ခဲလေ၊ ဝတ်ပြုကိုးကွယ်ရန် စိတ်အားထက်သန်မှု နည်းပါးလေဖြစ်သည်။ သို့သော် အဆိုးဆုံးအချိန်များ၌ပင်လျှင် ဘုရားသခင်သည် သူ၏လူများအနေဖြင့် မိမိအပေါ်သစ္စာတည်မြဲရန် လိုအပ်သည့် ခွန်အားကိုပေးနေကြောင်း ယောဟန်သည် ရှင်းလင်းစွာပြောခဲ့သည်။ ယောဟန်သည် ကျွန်ုပ်တို့၏ လက်ရှိအခြေအနေများ မည်သို့ပင်ရှိစေကာမူ၊ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် အကြောင်းရင်းများစွာရှိကြောင်း ထောက်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ အတိတ်၌ရရှိခဲ့သောကယ်တင်ခြင်း၊ ပစ္စုပ္ပန်တွင်ပိုင်ဆိုင်သောဂုဏ်အသရေနှင့် အနာဂတ်တွင်ရရှိမည့်ဘုန်းကြီးသောကောင်းချီးမင်္ဂလာများကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရှင်ဘုရင်ဖြစ်ခြင်းနှင့် ကရုဏာတော်ကို လေ့လာပြီး ကျွန်ုပ်တို့ထံမှ သူတောင်းဆိုသည့် သစ္စာစောင့်သိမှုကို စဉ်းစားပြီးနောက်၊ ယခုဘုရားသခင်အပေါ် သစ္စာစောင့်သိမှုနှင့် သစ္စာမဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များနှင့်ပတ်သက်၍ ဗျာဒိတ်ကျမ်းသည် မည်သို့ဖော်ပြထားသည်ကိုကြည့်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

# အကျိုးဆက်များ

ဤအပိုင်းတွင်၊ ဘုရားသခင်၏နိုင်ငံတော်၌ အလုံးစုံပြည့်စုံစွာဆောင်ကြဉ်းရန် ခရစ်တော်ပြန်လာသောအခါ လူသားမျိုးနွယ်ရရှိမည့် အကျိုးဆက်များအပေါ် ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ ဗျာဒိတ်ကျမ်းတွင် နာခံမှုအတွက် ဆုလာဘ်များနှင့် ကောင်းချီးမင်္ဂလာများ၊ မနာခံမှုအတွက် ပြစ်ဒဏ်နှင့် ကျိန်ခြင်းများကို ဖော်ပြထားသည်။ ယင်းတို့ထဲမှ များစွာကို ယခုခေတ်ကာလတွင် တွေ့ကြုံခံစားနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏သင်ခန်းစာ၏ဤအချက်တွင် ခရစ်တော်ပြန်ကြွလာသောအခါ ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို အာရုံစိုက်ပါမည်။

ယုံကြည်သူခရစ်ယာန်များအားလုံးသည် ခရစ်တော်ပြန်ကြွလာသောအခါ ဖြောင့်မတ်သောသူနှင့် မတရားသောသူနှစ်ဦးစလုံးအပေါ် နောက်ဆုံးတရားစီရင်မည့်အချိန်ကို စောင့်မျှော်နေပါသည်။ အစော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပိုင်းသင်ခန်းစာတစ်ခုတွင်၊ ဤနောက်ဆုံးတရားစီရင်ခြင်းအား ယောဟန်ရရှိခဲ့သော တရားစီရင်ခြင်း ရူပါရုံလေးခုတွင် ဖော်ပြထားကြောင်း ကျွန်ုပ်တို့အကြံပြုခဲ့သည်။ ဤအမြင်ကို လူတိုင်းသဘောမတူ သော်လည်း၊ ခရစ်ယာန်အများစုသည် ယောဟန်ဖော်ပြခဲ့သော တရားစီရင်ခြင်း၏ ယေဘုယျသဘော သဘာဝကို ဆက်လက်အတည်ပြုဆဲဖြစ်သည်။

နောက်ဆုံးတရားစီရင်ခြင်းသည် သခင်ခရစ်တော်အား သူ၏လက်အောက်ခံဘုရင်အဖြစ် ဘုရား သခင်ပြုခဲ့သောပဋိညာဉ်၏ လိုအပ်သောအကျိုးဆက်ဖြစ်သည်။ ခရစ်တော်သည် ကောင်းကင်နှင့် မြေကြီးကို ပြန်လည်ဆန်းသစ်စေမည့် ဘုရင်အဖြစ် စိုးစံနေသည်၊ ထို့ကြောင့် ဖန်ဆင်းခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကို အပြည့်အဝပြသမည်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာစေရန်အတွက်၊ ကောင်းမြတ်ခြင်းသည် ကောင်းချီးမင်္ဂလာပေးခြင်း ခံရမည်ဖြစ်ပြီး၊ ဆိုးသွမ်းမှုနှင့် ဘုရားသခင်၏ အုပ်စိုးမှုကို ဆန့်ကျင်ခြင်းသည် အပြစ်ပေးကာ ချေမှုန်းခံရမည်ဖြစ်သည်။

ဘုရားသခင်အပေါ် သစ္စာစောင့်သိမှုနှင့် သစ္စာမဲ့ခြင်း၏အကျိုးဆက်များကို အပိုင်းနှစ်ပိုင်းဖြင့် လေ့လာပါမည်။ ဦးစွာ၊ ဘုရားသခင်အပေါ် သစ္စာမဲ့သူများ၌ကျရောက်မည့် နောက်ဆုံးကျိန်ခြင်းများကို ကြည့်ပါမည်။ ဒုတိယ၊ သစ္စာစောင့်သိသူတို့အားပေးမည့် ကောင်းကင်သစ်နှင့် မြေကြီးသစ်၏ နောက်ဆုံး ကောင်းချီးမင်္ဂလာများကို သုံးသပ်ပါမည်။ ဘုရားသခင်၏ရန်သူများအပေါ်ကျရောက်သည့် နောက်ဆုံး ကျိန်ခြင်းကို ဦးစွာကြည့်ကြပါစို့။

# နောက်ဆုံးကျိန်ခြင်းများ

ဗျာဒိတ်ကျမ်းတွင် ဘုရားသခင်၏ရန်သူများအပေါ်ကျရောက်သည့် နောက်ဆုံးကျိန်ခြင်းတွင် ထည့်သွင်းမည့် အနည်းဆုံးအချက်သုံးချက်ကို စာရင်းပြုစုထားသည်။ ကျွန်ုပ်တို့ပြောမည့် ပထမအချက် မှာ နဂါးကြီး၊ သားရဲနှင့် မိစ္ဆာပရောဖက်တို့ ဖျက်ဆီးခံရခြင်း ဖြစ်သည်။

နဂါးကြီးနှင့် သူ၏နောက်လိုက်များသည် လူ့သမိုင်းတစ်လျှောက် ဘုရားသခင်ကို ဆန့်ကျင်ခဲ့ကြ သည်။ ဒေဝဉယျာဉ်တွင်စာတန်သည် ဧဝကို ကောင်းမကောင်းသိကျွမ်းရာအပင်မှအသီးကိုစားရန် သွေးဆောင်ခဲ့သည်။ သူ၏တပ်ဖွဲ့များသည် ဘုရားသခင်နှင့် ကိုယ်တော်၏နိုင်ငံတော်ကို တိုက်ခိုက်ရန် ထိုအချိန်မှစတင်၍ကြိုးပမ်းလာခဲ့ကြသည်။ သို့သော် ယေရှုပြန်ကြွလာသောအခါ၊ နောက်ဆုံးတွင် စာတန်သည် လုံးဝရှုံးနိမ့် မည်ဖြစ်သည်။ ဗျာဒိတ် ၁၉:၁၉-၂၁ တွင်သားရဲနှင့် မိစ္ဆာပရောဖက်ကိုဖမ်း၍ မီးအိုင်ထဲသို့ ချပစ်မည်ဟု သွန်သင်ထားသည်။ ၂၀:၉-၁၀ သည်နဂါးကိုယ်တိုင်လည်း ရှုံးနိမ့်ပြီး မီးအိုင်ထဲသို့ ချပစ်ခံရကာ၊ ဘုရားသခင်၏သစ္စာရှိလူများကို နောက်တဖန်မထိခိုက်စေနိုင်တော့ကြောင်း ဖော်ပြသည်။ သူနှင့်အတူ တိုက်ပွဲဝင်ခဲ့သော နတ်ဆိုးစွမ်းအားများအားလုံးသည် ထိုထာဝရပျက်စီးခြင်းတွင် ပါဝင်ကြလိမ့်မည်။

ဒုတိယ နောက်ဆုံးကျိန်ခြင်းသည် ရန်သူဘုရင်များနှင့် တိုင်းနိုင်ငံများကို တိုက်ခိုက်ခြင်းဖြစ်သည်။

ဗျာဒိတ်ကျမ်းသည် ဘုရားသခင်၏ရန်သူဖြစ်သော ဘုရင်များနှင့် တိုင်းနိုင်ငံများကို ဖျက်ဆီးခြင်း အကြောင်း နေရာများစွာတွင်ဖော်ပြထားသည်။ ဥပမာအားဖြင့်၊ ဗျာဒိတ် ၆:၁၅-၁၇ တွင် လောကီဘုရင်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မှူးမတ်၊ စစ်သူကြီး၊ သူဌေး၊ သူကြွယ်၊ ခွန်အားကြီးသောသူများသည် သိုးသငယ်၏အမျက်တော်မှ ကယ်တင်ခြင်းငှာ တောင်များသည် သူတို့အပေါ်ကျရောက်စေလိုကြောင်း ဖော်ပြထားသည်။ ၎င်းသည် ကိုယ်တော်၏အုပ်ချုပ်မှုကို ဆန့်ကျင်သော လူသားအာဏာပိုင်များအားလုံးအပေါ် ခရစ်တော်၏တရားစီရင်ခြင်းကို ကိုယ်စားပြုပုံရသည်။

ဗျာဒိတ် ၁၉:၁၅-၂၁ တွင်ယေရှုသည် သူ၏မြင်းဖြူကိုစီးလျှက်ပေါ်လာပြီး ကောင်းကင်ဗိုလ်ခြေတို့ကို ဦးဆောင်ကာ၊ မြေကြီးပေါ် ရှိရှင်ဘုရင်များ၏နေရာ၌ အုပ်စိုးခြင်းငှါ၊ သူတို့ကို ဒဏ်ခတ်လုပ်ကြံခဲ့သည်။

ဗျာဒိတ် ၁၆း၁၉ တွင်ဘုရားသခင်သည် ဗာဗုလုန်ကို သောက်စေသည်မှာ_

> ဘုရားသခင်သည် ပြင်းစွာသော ဒေါသအမျက်တော်၏ စပျစ်ရည်ဖလားကို တိုက်ခြင်းငှါ ဗာဗုလုန်မြို့ကြီးကို အောက်မေ့တော်မူ၏ (ဗျာဒိတ် ၁၆:၁၉)။

အစောပိုင်းသင်ခန်းစာတစ်ခုတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ဗာဗုလုန်သည် ခရစ်တော်၏ အုပ်စိုးမှုကို ဆန့်ကျင်သော လူသားများနှင့် အစိုးရများ၏ အမှတ်သင်္ကေတဖြစ်သည်။ ထို့ပြင် ဤတိုင်းနိုင်ငံများနှင့် ၎င်းတို့၏အုပ်စိုးရှင်များအားလုံးသည် ၎င်းတို့၏မနာခံမှုကြောင့် ဘုရားသခင်၏အမျက်ဒေါသကို အပြည့်အဝခံစားနေကြရကြောင်း ဤကျမ်းပိုဒ်သည် ကွက်ကွက်ကွင်းကွင်း ပုံဖော်ထားသည်။

တတိယမြောက် နောက်ဆုံးကျိန်ခြင်းသည် မယုံကြည်သူများအား ပြစ်တင်ရှုံ့ချခြင်းဖြစ်လိမ့်မည်။

ခရစ်တော်ပြန်ကြွလာချိန်တွင် ရန်သူဘုရင်များနှင့်တိုင်းနိုင်ငံများကို ဖျက်ဆီးခြင်းသာမကဘဲ၊ ဤလူမျိုးများမှ မယုံကြည်သူတိုင်းသည် ဘုရားသခင်ကို တော်လှန်ပုန်ကန်ခြင်း၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ဘုရားသခင်၏ နောက်ဆုံးတရားစီရင်ခြင်းကို ခံကြရမည်ဖြစ်သည်။ ဥပမာ၊ ဗျာဒိတ် ၁၄:၁၇-၂၀ တွင်၊ ကောင်းကင်တမန်နှစ်ပါးသည် မြေကြီးပေါ် ရှိမယုံကြည်သူအားလုံးကိုစုရုံးကာ စပျစ်သီးပြွတ်များကဲ့သို့ “ဘုရား သခင်၏ အမျက်တော်တည်းဟူသော နယ်ရာတန်ဆာကြီးထဲသို့ ချလေ၏"ဟုဆိုသည်။ ဗျာဒိတ်ကျမ်း ၂၀ တွင်၊ အသက်စာစောင်၌ နာမည်မရေးထားသောသူအားလုံးသည် မီးအိုင်ထဲသို့ ချပစ်ခြင်းခံရသည်။

ဗျာဒိတ် ၂၀:၁၂-၁၅ တွင် ယောဟန်၏ဖော်ပြချက်ကို နားထောင်ပါ_

> သေလွန်သောသူ အကြီးအငယ်တို့သည် ပလ္လင် တော်ရှေ့မှာ ရပ်နကြသည်ကို ငါမြင်၏။ စာစောင်များကိုဖွင့်ထား၏အသက်စာစောင်တည်းဟူသော အခြားတပါးသောစာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏။...အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏ (ဗျာဒိတ် ၂၀:၁၂-၁၅)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤတွင် ယောဟန်သည် မယုံကြည်သူအားလုံး၏ အနာဂတ်ပြစ်ဒဏ်ကို ဖော်ပြခဲ့သည်။ သူတို့သည် ဘုရားသခင်ကို ပြစ်မှားမိသောကြောင့်၊ အဆုံးမရှိသော အမျက်ဒေါသကိုခံရန် မီးအိုင်ထဲသို့ ချပစ်ခြင်းခံရလိမ့်မည်။

> ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိလောကနှင့် မယုံကြည်သူများအကြောင်း စဉ်းစားသောအခါ၊ ၎င်းတို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့ မည်သို့တွေးသင့်သနည်း။ ထိုသူတို့အပေါ် မည်သို့သော သဘောထား ကျွန်ုပ်တို့ရှိသင့်သနည်း။ အထူးသဖြင့် ကျွန်ုပ်တို့သည် ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် မထီမဲ့မြင်ပြုခြင်းခံရပါက၊ မိမိကိုယ်ကို သာလွန်ကောင်းမွန်သော သဘောထားကို လက်ခံကျင့်သုံးရန် သွေးဆောင်ခံရနိုင်သည်။ သို့သော် သခင်ယေရှုသည် ကျွန်ုပ်တို့အား သူတို့အပေါ် အစေခံလိုသည့်စိတ်၊ ကရုဏာရှိရန်၊ သူတို့ကို ဆုံးရှုံးသွားသူအဖြစ် ရှုမြင်စေလိုသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် မည်သူပြောင်းလဲမည်ကို မသိသောကြောင့်၊ ကျွန်ုပ်တို့သည် သူတို့အား ဧဝံဂေလိတရားကို ဟောပြောခြင်းဖြင့်အမှုဆောင်ပြီး၊ သူတို့သည် တုံ့ပြန်မည်ဟု မျှော်လင့်ပါသည်။ တရားစီရင်ခြင်း၏တစ်ဖက်ခြမ်းကို စဉ်းစားသည့်အခါ၊ ကျွန်ုပ်တို့၏ သဘောထားသည် မည်သို့နည်း။ ၎င်းတို့အပေါ် သနားစိတ်နှင့် ဝမ်းနည်းစိတ်လည်း ရှိသင့်သည်ဟု ထင်ပါသည်။ ထို့ပြင် သူတို့ကို ဧဝံဂေလိတရားပြောရန်အခွင့်အရေးရစဉ်တွင်၊ သူတို့ကိုချစ်ကြောင်း ပြတ်သားသည့်ဩတ္တပ္ပစိတ်ရှိရန်လိုပြီး၊ သို့မှသာ သူတို့သည် ကျွန်ုပ်တို့ကို လက်ညိုးထိုးကာ “သင်သည် ဤခရစ်တော်အကြောင်း ကျွန်ုပ်ကို အဘယ်ကြောင့်မပြောခဲ့သနည်း"ဟုဆိုမည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၎င်းတို့အား ကြိုတင်ရှုံ့ချခြင်းမပြုဘဲ အနာဂတ်အမြင်ဖြင့် ၎င်းတို့နှင့်အတူ နေထိုင်ပြီး၊ ၎င်းတို့ကို အစေခံကာ ခရစ်တော်၌ကယ်တင်ခြင်းရရှိစေရန် ကူညီပေးရန်လိုအပ်သည်။
>
> **Dr John E. McKinley**

ဗျာဒိတ်ကျမ်းသည် နောက်ဆုံးတရားစီရင်ခြင်းတွင် ဘုရားသခင်၏ရန်သူအားလုံးကို ပြစ်တင်ရှုတ်ချပြီး၊ ဖျက်ဆီးမည်ကို ရှင်းလင်းစွာပြသထားသောကြောင့်၊ ယနေ့ မယုံကြည်သူများအပေါ် ကျွန်ုပ်တို့၏သဘောထားသည် ရဲစွမ်းသတ္တိရှိခြင်း၊ သနားကြင်နာသောသက်သေနှင့် နှိမ့်ချမှုတို့ထဲမှ တစ်ခုဖြစ်သင့်သည်။ အဆုံးစွန်သောအောင်မြင်မှုသည် ခရစ်တော်နှင့်သက်ဆိုင်ကြောင်း ကျွန်ုပ်တို့သိသောကြောင့် ရဲစွမ်းသတ္တိရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် ကျွန်ုပ်တို့၏သခင်ကိုမုန်းတီးသောမယုံကြည်သူများမှ ကျွန်ုပ်တို့အပေါ် ကျရောက်လာနိုင်သည့်ခြိမ်းခြောက်မှုများကို ကျွန်ုပ်တို့ထိတ်လန့်စရာမလိုပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့သည် သနားကြင်နာသောစိတ်ရှိရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သိမြင်သည့်အတိုင်း၊ ဗျာဒိတ်ကျမ်းတွင်ဖော်ပြထားသည့် ခရစ်တော်ပြန်ကြွလာမှုနှောင့်နှေးခြင်းသည် ဘုရားသခင်၏လူအားလုံးကို စုရုံးခြင်းအတွက်ဖြစ်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။ တံပိုးများနှင့် ဆက်စပ်သောစီရင်ချက်များသည်ပင် လူများကိုနောင်တရရန် ခေါ်ဆိုသည့် သတိပေးအချက်ပြမှုများ၊ သတိပေးသည့်အသံများဖြစ်သည်။ ဧဝံဂေလိတရားအားဖြင့် သူတို့သည် နောင်တရခြင်းသို့ ရောက်ကြသည်၊ ထို့ကြောင့် ကျွန်ုပ်တို့ သက်သေခံရန် လိုအပ်ပါသည်။ နှိမ့်ချမှုလည်းလိုအပ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်းသည် အဆုံးတွင် တရားစီရင်ခြင်းသို့ ရောက်စေသည်ဟူသောအချက်သည် ကျွန်ုပ်တို့နှင့်ထိုက်တန်သောအရာကို သတိပေးသည်။ ကျွန်ုပ်တို့သည် ယနေ့မယုံကြည်သူများထက် သာလွန်သည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် တစ်ချိန်က ရန်သူများဖြစ်ခဲ့ကြပြီး၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်ယေရှုနှင့် တပေါင်းတစည်းတည်း ဖြစ်စေခဲ့သည်။
>
> **Dr Dennis E. Johnson**

နောက်ဆုံးတရားစီရင်ခြင်း၏ ကျိန်ခြင်းများသည် ကြောက်စရာကောင်းသကဲ့သို့ ထိုကျိန်ခြင်းများသည် လုံးဝတရားမျှတကြောင်း သတိရရန် လိုအပ်ပါသည်။ မယုံကြည်သူများသည် ၎င်းတို့၏ မနာခံမှုအတွက် အပြစ်ပေးခြင်းခံထိုက်သောကြောင့် တရားစီရင်ခြင်းခံရမည်ဖြစ်သည်။ ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းအပေါ် ရှင်ဘုရင်ဖြစ်ပြီး၊ သူ့အားမနာခံခြင်းသည်အပြစ်ရှိပြီး ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။ အသိအမှတ်ပြုခြင်းသည် နာကျင်ရသကဲ့သို့ ဘုရားသခင်၏တရားမျှတမှုသည် အပြစ်နှင့် ဆန့်ကျင်ပုန်ကန်ခြင်းကို တရားစီရင်ရန် တောင်းဆိုသည်။ ဤသဘောအရ၊ ဆိုးသွမ်းသူများကို အပြစ်ပေးခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်သောရှင်ဘုရင်ဖြစ်ခြင်း၏ အဓိကအချက်ဖြစ်သည်။

နောက်ဆုံးကျိန်ခြင်းတွင် အပြစ်နှင့် သစ္စာမဲ့ခြင်း၏အကျိုးဆက်များအား မည်သို့သွန်းလောင်းသည်ကို ကျွန်ုပ်တို့မြင်ရပြီးနောက်၊ ယခုကောင်းကင်သစ်နှင့် မြေကြီးသစ်ရှိ ဘုရားသခင့်သစ္စာရှိလူများကို ပေးအပ်မည့် နောက်ဆုံးကောင်းချီးမင်္ဂလာများ၏ အကျိုးဆက်များကို ကြည့်ကြပါစို့။

## နောက်ဆုံးကောင်းချီးမင်္ဂလာများ

အပြစ်ကိုဆန့်ကျင်သည့် ဘုရားသခင်၏နောက်ဆုံးတရားစီရင်ချက်တွင်၊ သူ၏စိုးစံမှုကိုဆန့်ကျင်သော ဝိညာဉ်ရေးနှင့်အစိုးရ၏စွမ်းအားများအားလုံးသည် ဤကမ္ဘာမှ ဖယ်ရှားခံရမည်ဖြစ်ပြီး၊ မယုံကြည်သူအားလုံးသည် ၎င်းတို့နှင့်အတူ တရားစီရင်ခြင်း ခံရမည်ဖြစ်သည်။ ဘုရားသခင်၏ ရန်သူများကို ဖန်ဆင်းခြင်းမှ သုတ်သင်ရှင်းလင်းပြီးနောက်၊ စကြဝဠာသည် အသစ်ပြန်လည်ဖြစ်လာမည်ဖြစ်ပြီး၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

ဘုရားသခင်၏သစ္စာရှိလူများ ထာဝစဉ်ပျော်မွေ့ရန် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ဗျာဒိတ် ၂၁:၁-၅ တွင် ဖန်ဆင်းခြင်းအသစ်ကို ဤသို့ဖော်ပြထားသည်_

> ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့နည်းဟူမူကား၊ ရှေးကောင်းကင်နှင့် ရှေးမြေကြီးသည် ရွေ့သွားကြပြီ။...ကောင်းကင်မှကြီးသော အသံကား...ရှေးဖြစ် ဘူးသောအရာတို့သည်ရွေ့သွားကြပြီ။ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူကလည်း၊ ငါသည် ခပ်သိမ်းသော အရာတို့ကို အသစ်ဖန်ဆင်းသည်ဟု မိန့်တော်မူ၏ (ဗျာဒိတ် ၂၁:၁-၅)။

ဘုရားသခင်အပေါ် သစ္စာစောင့်သိသောသူတို့ထံ ရောက်လာမည့်၊ ယောဟန်ပြောခဲ့သောကောင်းကင်သစ်နှင့် မြေကြီးသစ်၏ နောက်ဆုံးကောင်းချီးမင်္ဂလာသုံးပါးကို ကျွန်ုပ်တို့ဖော်ပြပါမည်။ ပထမဦးစွာ၊ ပြီးပြည့်စုံသော ပြုပြင်မွမ်းမံခြင်း သို့မဟုတ် အသစ်ပြန်လည်ဖန်ဆင်းခြင်း ရှိလိမ့်မည်။

## အသစ်ပြန်လည်ပြုပြင်မွမ်းမံခြင်း

ဗျာဒိတ် ၂၁:၁၊ ၄ က ပထမကောင်းကင်နှင့် ပထမမြေကြီး၏ကွယ်ပျောက်ခြင်းအကြောင်းကို ပြောပြီး၊ ၎င်းတို့သည် တစ်နည်းအားဖြင့် တည်ရှိတော့မည်မဟုတ်ကြောင်းဖော်ပြသည်။ ၂ ပေတရု ၃:၁၀-၁၁ တွင် အလားတူ အယူအဆများကိုတွေ့ရှိရသည်၊ ၎င်းတွင် အသစ်ပြန်စရန်အတွက် လက်ရှိကမ္ဘာကြီး ပျက်စီးသွားခြင်းအကြောင်း ပြောဆိုထားသည်။

သို့သော် ဗျာဒိတ် ၂၁:၅ သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်ကို အသစ်ပြန်လည်ဖန်ဆင်းခြင်းနှင့်ပတ်သက်၍ ဖော်ပြထားသည်၊ လုံးလုံးပျောက်ကွယ်သွားမည့်အစား၊ ဖန်ဆင်းခြင်းအဟောင်းကို ပြန်လည်မွမ်းမံမည် သို့မဟုတ် အသစ်ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း ဖော်ပြသည်။ ရောမ ၈:၁၉-၂၂ တွင်လည်း ဤတူညီသောအယူအဆကို ဖော်ပြထားသည်။ ဤကျမ်းပိုဒ်များသည် ဖန်ဆင်းခြင်းနှစ်ခုကြားကြီးမားသောအဆက်အစပ်ရှိမည့်အကြောင်းသွန်သင်သည်၊ တူညီမှုမျှသာမဟုတ်ပါ။ ဗျာဒိတ် ၂၁:၂၄-၂၆ တွင်လူမျိုးများ၏ ဘုန်းအသရေနှင့် လုပတင့်တယ်မှုကို ယေရုရှလင်မြို့သစ်သို့ ယူဆောင်လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ပစ္စုပ္ပန်အသက်တာ၏ ရွေးနှုတ်ခြင်းဆိုင်ရာကဏ္ဍများကို ကောင်းကင်သစ်နှင့် မြေကြီးသစ်သို့ သယ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရလဒ်အနေဖြင့်၊ ဓမ္မပညာရှင်အများစုသည် လက်ရှိဖန်ဆင်းခြင်းအား လုံးဝဖယ်ရှားပြီး အစားထိုးမည်မဟုတ်ကြောင်း ကောက်ချက်ချကြသည်။ ယင်းအစား၊ ၎င်းသည်ကြီးမားစွာ ပြောင်းလဲသွားမည်ဖြစ်သည်။

> အမှန်တကယ်တွင်၊ ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း ၂ နှင့် ၃ တွင်တွေ့မြင်ရသော ဖန်ဆင်းခြင်းအစပြုသည့်အကြောင်းအရာများ၊ အသက်ပင်ကဲ့သို့သောအရာများနှင့် ထပ်တူထင်ဟပ်နေပုံရသော ယေရုရှလင်မြို့သစ်ရှိအကြောင်းအရာများ

> ကို ဗျာဒိတ်ကျမ်းတွင်တွေ့မြင်ရသည်။ ၎င်းသည် မည်သည့်အရာကို ကိုယ်စားပြု ကြောင်းကို မိမိကိုယ်ကိုမေးရပါမည်။ ၎င်းကို အဓိပ္ပာယ်ဖွင့်ဆိုရန်ကွဲပြားသည့် နည်းလမ်းများရှိနိုင်သော်လည်း၊ မူလတင်ပြထားသည့်အတိုင်း ဖန်ဆင်းခြင်းနှင့် အလွန်ကောင်းမွန်စွာ ပေါင်းစပ်နိုင်မည့် ယေရုရှလင်မြို့သစ်၏ အစိတ်အပိုင်းများ ပါဝင်လာသည့် အပေါ်ယံအဆင့် ဖတ်ရှုခြင်းဟု ထင်ပါသည်။ ထို့ကြောင့် တစ်နည်းအားဖြင့် ခေတ်သစ်နှင့်လိုက်လျောညီထွေဖြစ်စေမည့်အပြောင်းအလဲ တစ်ခု ဖြစ်လာနိုင်သော်လည်း၊ လုံးဝ ပြောင်းလဲသွားမည် မဟုတ်ပါ။ ဘုရားသခင်၏မူလက လုပ်ဆောင်ခဲ့သော ထိုဖန်ဆင်းခြင်းအင္ဂေါအသက်များ သည် အသက်ဝင်နေဆဲဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အမှန်တရား တစ်ခုနှင့်တစ်ခု ဖလှယ်ခြင်းကို အမှန်တကယ်မမြင်ရသော်လည်း၊ လက်ရှိအမှန်တရားသည်—အသွင်အပြင်များ ပြုပြင်ပြောင်းလဲခြင်း— ဤအသစ်သောအမှန်တရားသို့ အသွင်ကူးပြောင်းသည်ကို မြင်တွေ့နိုင်မည် ဖြစ်သည်။ ထို့ပြင် အသက်ပင်ကဲ့သို့သော ပုံဆောင်ချက်များနှင့် အမှတ်သင်္ကေတများသည် အမှန်တရားနှစ်ခုကြားမှ ဆက်စပ်မှုကို မီးမောင်းထိုး ပြရန်ကူညီပေးသည်။

**— Mr. Bradley T. Johnson**

ဤအသွင်ကူးပြောင်းမှုသည် စေ့စပ်စွာပြုပြင်မွမ်းမံခြင်းဖြစ်ပြီး၊ ကမ္ဘာကြီးအား စတင်ဖန်ဆင်း စဉ်ကထက် ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ ဖန်ဆင်းခြင်းတစ်ခုလုံးသည် သန့်ရှင်းစင်ကြယ်ပြီး၊ ဘုရားသခင်နေထိုင်ရန် လုံးဝသင့်လျော်မည်ဖြစ်သည်။

ဗျာဒိတ် ၂၁း၃-၄ တွင် ကောင်းကင်တမန် ကြွေးကြော်သည့်အတိုင်း_

> ဘုရားသခင်၏တဲကော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ (ဗျာဒိတ် ၂၁း၃-၄)။

အသစ်ပြန်လည်ဖန်ဆင်းခြင်း၏နောက်ထပ်အရေးကြီးသောကဏ္ဍကို ဗျာဒိတ် ၂၂:၃ တွင်ဖော်ပြ ထားသည်မှာ_

နောက်တဖန် ကျိန်ခြင်းဘေးတစုံတခုမျှမရှိ (ဗျာဒိတ် ၂၂:၃)။

ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင်၊ ဒေင်ဥယျာဉ်၌ အာဒံနှင့်ဧဝအပေါ် ဘုရားသခင်ထားခဲ့သော ကျိန်ခြင်းအား နောက်ဆုံးတွင် ရုတ်သိမ်းမည်ဖြစ်သည်။ ကမ္ဘာဦး ၃:၁၇-၁၉၊ ၅:၂၉ နှင့် ၈:၂၁ တွင် လူသားတို့၏အပြစ်ထဲသို့ကျရောက်ခြင်းကြောင့် မျက်မှောက်ခေတ်ကောင်းကင်များနှင့် မြေကြီးသည် ကျိန်ခြင်းခံရကာ၊ ယိုယွင်းပျက်စီးခဲ့ကြောင်း ရှင်းလင်းစွာဖော်ပြသည်။ မြေသည် သီးနှံတွေ စိုက်ပျိုးရန်ကျွန်ုပ်တို့၏ကြိုးစားမှုကို ဆီးတားသည်။ တောရိုင်းတိရိစ္ဆာန်များသည် ကျွန်ုပ်တို့ကိုကြမ်းတမ်းစွာ ပြုမူကြသည်။ ရေကြီးခြင်း၊ မြေငလျင်နှင့် မုန်တိုင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာတစ်ဝှမ်းရှိ လူများကို ဒုက္ခပေးသည်။ သေးငယ်သော သက်ရှိများသည် ရောဂါဖြစ်စေပြီး သေစေပါသည်။

သို့သော် ခရစ်တော်ပြန်ကြွလာသောအခါ၊ ဤကျိန်ခြင်း၏ကဏ္ဍပေါင်းစုံမှ ကမ္ဘာကြီးကို သူသည် လွတ်မြောက်စေမည်ဖြစ်သည်။ ယေရှု၏သတို့သမီးကဲ့သို့ ဝတ်ဆင်ကာ ဘုရားသခင်၏ဘုန်းတော်နှင့် တောက်ပစွာ ထွန်းလင်းနေသည့် သန့်ရှင်းသောမြို့ ယေရုရှလင်မြို့သစ်အပါအဝင် အသစ်ပြုပြင်မွမ်းမံထားသော ဖန်ဆင်းခြင်း၏ကောင်းချီးမင်္ဂလာများကို နည်းအမျိုးမျိုးဖြင့် ယောဟန်ဖော်ပြခဲ့သည်။ ဤအကြောင်းအရာတွင် ယောဟန်အသုံးပြုသော အထင်ရှားဆုံးအမှတ်သင်္ကေတများထဲမှတစ်ခုမှာ ယေရုရှလင်မြို့သစ်ကိုဖြတ်၍ စီးဆင်းပြီး အသက်ပင်ကိုအာဟာရပေးသော အသက်မြစ်ဖော်ပြချက် ဖြစ်သည်။

ဗျာဒိတ် ၂၂:၁-၂ တွင် ယောဟန်ရေးထားသည်ကို နားထောင်ပါ_

> တဖန် ကျောက်သလင်းကဲ့သို့ ကြည်လင်၍ ဘုရားသခင်နှင့် သိုးသူငယ် ၏ ပလ္လင်တော်ထဲက ထွက်သော အသက်ရေ စီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အား ပြလေ၏။ မြို့လမ်းမ အလယ်၌၎င်း၊ ထိုမြစ်နှစ်ဘက်၌၎င်း၊ အသက်ပင် ရှိ၏။...အရွက်သည်လည်းလူအမျိုးမျိုးတို့၏အနာ ရောဂါငြိမ်းစရာတို့ဖြစ်၏ (ဗျာဒိတ် ၂၂:၁-၂)။

ဤလှပသောအခန်းငယ်များသည် လူမျိုးတို့ကို ကုသပေးကာ အသက်ပင်ကိုအာဟာရပေးသော ဘုရားသခင်၏ပလ္လင်မှ ဆင်းသက်လာသောမြစ်ကို ဖော်ပြသည်။ ဤအကြောင်းအရာများသည် ကမ္ဘာဦးကျမ်းဆီသို့ ဦးတည်သွားနေပါသည်။ ကမ္ဘာဦးကျမ်း ၂:၁၀ သည် ဒေင်ဥယျာဉ်မှစီးဆင်းပြီး ဥယျာဉ်နှင့် အသက်ပင်ကိုစိုစေသောမြစ်တစ်မြစ်အကြောင်း ပြောပြသည်။ ဤမြစ်ကို ဆာလံ ၃၆:၈ တွင်ချမ်းသာမြစ်အဖြစ်၎င်း၊ ဆာလံ ၄၆:၄ တွင် ဘုရားသခင်၏မြို့တော်ကို ရွှင်လန်းစေသောမြစ်အဖြစ်၎င်း အောက်မေ့ကြသည်။

ယေဇကျေလ ၄၇:၁-၁၂ တွင် ဤမြစ်အကြောင်း အကျယ်တဝင့် ဖော်ပြထားသည်။ ယေဇကျေလ၏ရူပါရုံတွင်၊ ရေသည် ဗိမာန်တော်မှစီးဆင်းလာပြီး ဖြတ်မကူးနိုင်အောင် အလွန်ကြီးမားသောမြစ်ထဲသို့ စီးဝင်သွားသည်။ ရေသည် စီးဆင်းရာနေရာတိုင်း၌ အသက်ရှင်စေပြီး၊ ဆားငန်သောပင်လယ်သေကို ပင် ရေချိုအဖြစ်သို့ ပြောင်းလဲစေခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယောလ ၃:၁၇-၁၈ တွင် ဤမြစ်အကြောင်း ဘုရားသခင် မိန့်တော်မူသည်ကို နားထောင်ပါ_

> ငါသည်လည်း ငါ၏သန့်ရှင်းသော ဇိအုန်တောင်ပေါ်မှာနေသော သင်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိရကြလိမ့်မည်။ ယေရုရှလင်မြို့သည်လည်း သန့်ရှင်းလိမ့်မည်။ နောက်တဖန်ထိုမြို့ကို တပါးအမျိုးသားမနင်းရ။ ထိုကာလ၌ ချိုသောစပျစ်ရည်သည် တောင်တို့မှယိုလိမ့်မည်။ နို့ရည်သည် ကုန်းတို့မှ ထွက်လိမ့်မည်။ ယုဒမြစ်ရှိသမျှတို့သည် ရေစီးကြလိမ့်မည်။ ထာဝရဘုရား၏အိမ်တော်ထဲက စမ်းရေထွက်၍ ရှိတ္တိမ်ချိုင့်ကို စိုစေလိမ့်မည် (ယောလ ၃း၁၇-၁၈)။

ဖျာဒိတ် ၂၂ တွင်၊ ဤအသက်မြစ်သည် ပို၍ကြီးမားလာသည်။ ၎င်းသည် ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်မှ ယေရုရှလင်မြို့သစ်၏အလယ်ဗဟိုတွင်စီးဆင်းကာ၊ သက်ရှိများနှင့်ကုသခြင်းများ၏အဆုံးစွန်သောအရင်းအမြစ်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ကြောင်း ညွှန်ပြနေသည်။

ယောဟန်၏ရူပါရုံတွင်၊ ဤကြွယ်ဝသောသက်ရှိအရင်းအမြစ်သည် မြစ်တစ်ဖက်စီတွင်ရှိသော အသက်ပင်ကိုစိုစေသည်။ အပင်သည် အလွန်အကျိုးရှိသော အသီးအနှံများစွာဖြစ်ထွန်းသောကြောင့် ၎င်း၏အရွက်များကိုပင် လူမျိုးများကို ကုသရာတွင် အသုံးပြုနိုင်သည်။

> ဖျာဒိတ်ကျမ်းအဆုံးတွင် ယေရုရှလင်မြို့သစ်အကြောင်း ကျွန်ုပ်တို့ဖတ်သောအခါ၊ ကမ္ဘာဦးကျမ်းနှင့် ဧဒင်ဥယျာဉ်ကို ပြန်လည်သတိရစေသည့်အချက်များစွာကို တွေ့မြင်ရပြီး၊ ၎င်းအတွက် အကြောင်းပြချက်တစ်ခုရှိသည်၊ ယင်းမှာ ယေရုရှလင်မြို့သစ်သည် ရည်ရွယ်ထားသည့်အတိုင်း ဖန်ဆင်းခြင်းအား ပြန်လည်ထူထောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် လူသားများ ကိုဖန်ဆင်းပြီး၊ သူတို့ကို ပြီးပြည့်စုံသောနေရာတွင် ထားရှိသည်ကို မြင်တွေ့ရ သည်။ ဥယျာဉ်တွင်၊ ၎င်းတို့သည် ရင့်ကျက်ပြီး အဆုံးစွန်သော ဘုန်းထင်ရှားသည့် အခြေအနေသို့ ရောက်ရှိရန်ရည်ရွယ်ထားသော်လည်း၊ ဘုရားသခင်၏ရည်ရွယ် ချက်ကိုငြင်းပယ်ကာ ကိုယ်တော်ထံမှ လှည့်ထွက်သွားသောအခါ သူတို့သည် လမ်းလွဲသွားကြသည်။ သို့သော် ဧဒင်ဥယျာဉ်တွင်၊ လူသားများအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် ဆန္ဒများကိုတွေ့မြင်ရပြီး၊ ယေရုရှလင် မြို့သစ်တွင်၊ လူသားများနှင့် ဘုရားသခင်ကြား မူလဖန်ဆင်းထားသည့် ပြီးပြည့်စုံသော ဆက်ဆံရေးကို ပြန်လည်ထူထောင်ခြင်းကို မြင်တွေ့ရန် မျှော်လင့်နိုင်သည်။

**Dr Mark L. Strauss**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဗျာဒိတ်ကျမ်းကို ကြည့်ရှုသောအခါ ယေရုရှလင်မြို့သစ်၏ သရုပ်ဖော်ပုံများကို တွေ့ရသည်။ အသက်ပင်ကဲ့သို့သော ဧဒင်ဥယျာဉ်မှ အစိတ်အပိုင်းများပါဝင်ကြောင်းတွေ့ရပါသည်။ သမ္မာကျမ်းစာ၏ ပထမကျမ်းမှ နောက်ဆုံးအုပ်အထိ တွေ့ရပါသည်မှာ အဘယ်ကြောင့်နည်း။ ၎င်းက ဖော်ပြသနေသည့်တစ်စိတ်တစ်ပိုင်းမှာ၊ အပြစ်တရားအားဖြင့် ဖြစ်ပေါ်လာသောပျက်စီးခြင်းကို လုံးဝပြောင်းပြန်ဖြစ်စေပြီး၊ ဘုရားသခင်သည် အရာခပ်သိမ်းကို မှန်ကန်စေသည်ဟု ကျွန်ုပ်ထင်ပါသည်။ အပြစ်တရားသည် ကိုယ်တော်ရည်ရွယ်ထားသည့် အရာများကို ပျက်ပြားစေသည်မဟုတ်ဘဲ၊ ကိုယ်တော်၏အစအဦး၌ရှိခဲ့သော အရာများကို ပြန်လည်ပြုပြင်ပေးရုံသာမက ပြီးပြည့်စုံစေခဲ့သည်။ ၎င်းသည် ပြိုလဲပျက်စီးသွားနိုင်သည့် ဖန်ဆင်းခြင်းမဟုတ်၊ သို့သော် ထာဝရတည်မြဲမည့် ဖန်ဆင်းခြင်းဖြစ်သည်။

**Dr John E. McKinley**

အာဒံနှင့်ဧဝတို့သည် ဧဒင်ဥယျာဉ်တွင် အပြစ်ပြုသောအခါ၊ အထူးသဖြင့် အသက်ပင်မှအသီးကို စား၍ ထာဝရအသက်မရှင်စေရန် ဘုရားသခင်သည် သူတို့ကိုကျိန်ပြီး ဥယျာဉ်ထဲမှ နှင်ထုတ်ခဲ့သည်။ ခရစ်တော်ကြွလာတော်မူသောအခါ၊ အသက်မြစ်သည် အသက်ပင်ကို တဖန်စိုစေ၍၊ လူမျိုးအပေါင်းတို့သည် အသီးအနှံကို စားရကြလိမ့်မည်။ ရွေးနှုတ်ခြင်းခံရသော လူသားအားလုံးသည် သက်သာပျောက်ကင်းကြလိမ့်မည်။ အပြစ်တရား၊ ဖျားနာခြင်း သို့မဟုတ် ရောဂါများ ရှိတော့မည်မဟုတ်ပါ။ သဘာဝဘေးအန္တရာယ်များ မည်သည့်အခါမှ ထပ်မဖြစ်တော့ပါ။ လူမျိုးအပေါင်းတို့သည် ဖြောင့်မတ်ခြင်းတရားနှင့် ငြိမ်သက်ခြင်းအားဖြင့် မိမိတို့ကိုယ်ကို အုပ်ချုပ်ကြလိမ့်မည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်းအားလုံးသည် သူ၏ဘုန်းတော်ကို အပြည့်အဝပြသကြလိမ့်မည်။

ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ဘုရားသခင်၏သစ္စာရှိလူများ ရရှိမည့် ဒုတိယနောက်ဆုံးကောင်းချီးမင်္ဂလာမှာ ကမ္ဘာတစ်ဝှမ်းလုံးသည် ဘုရားသခင်၏မျက်မှောက်တော်အတွက် ကမ္ဘာလုံးဆိုင်ရာဗိမာန်တော်ဖြစ်ရန်ဖြစ်သည်။

## ကမ္ဘာလုံးဆိုင်ရာဗိမာန်တော်

ဓမ္မဟောင်းကာလတစ်လျှောက်တွင်၊ ဘုရားသခင်သည် သူ၏တည်ရှိမှုကို အထူးနည်းလမ်းဖြင့် ထင်ရှားသည့် သန့်ရှင်းသောနေရာကို သီးခြားဖယ်ထားသည်။ ကမ္ဘာဦးကျမ်း ၃:၈ တွင် အာဒံ၊ ဧဝတို့နှင့် ဧဒင်ဥယျာဉ်၌ အတူ လျှောက်လှမ်းခဲ့ကြောင်း ဖော်ပြသည်။ ဥယျာဉ်သည် သူ၏သန့်ရှင်းရာဌာန သို့မဟုတ် ဗိမာန်တော်ဖြစ်သည်ဟု သမ္မာကျမ်းစာရှိကျမ်းပိုဒ်များက ဖော်ပြသည်။

ဥပမာ၊ ကမ္ဘာဦး ၂:၁၅ တွင် ဥယျာဉ်ကိုပြုစုစောင့်ရှောက်စေခြင်းငှါ အာဒံအားနေရာချထားကြောင်း ဖော်ပြထားသည်။ ဤအခန်းငယ်၏"ပြုစု"အတွက် ဟေဗြဲစကားလုံးသည် *avad* ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

"စောင့်ရှောက်" ဟူသောစကားလုံးသည် *shamar* ဖြစ်သည်။ တောလည်ရာ ၃:၈ တွင် မောရှေသည် ဗိမာန်တော်၌ အမှုထမ်းသော ယဇ်ပုရောဟိတ်များ၏အလုပ်ကို ဖော်ပြရန် ထိုစကားလုံးများကို အသုံးပြုခဲ့သည်။ တစ်နည်းဆိုရသော်၊ အာဒံနှင့်ဧဝသည် ဥယျာဉ်၌ယဇ်ပုရောဟိတ်အလုပ် လုပ်ခဲ့သည်၊ ယင်းက ဥယျာဉ်သည် ဘုရားသခင်၏မြေကြီးဆိုင်ရာ သန့်ရှင်းရာဌာနဖြစ်ကြောင်း ညွှန်ပြသည်။

ၾကင်းအပြင်၊ ယေဇကျေလ ၄၇:၇ ၏ နောက်ဆုံးသောကာလဆိုင်ရာဗိမာန်တော်ရှိမြစ်နှင့် သစ်ပင်များသည် ဧဒင်ဥယျာဉ်မှမြစ်နှင့် ကမ္ဘာဦး ၂:၉-၁၀တွင်ဖော်ပြထားသော အသက်ပင်နှင့် အလွန်တူညီသည်။

ယေဇကျေလ ၂၈:၁၃-၁၄ က ဧဒင်ကို "ဘုရားသခင်၏သန့်ရှင်းသောတောင်" အဖြစ် ရည်ညွှန်းသောအခါ၊ ၎င်းသည် ရှေးခေတ် ဘုရားကျောင်းများဆောက်ထားသော တောင်များကိုရည်ညွှန်းသည့် တူညီသောဝေါဟာရကို အသုံးပြုသည်။

ဧဒင်ဥယျာဉ်အား သူ၏မြေကြီးဆိုင်ရာ သန့်ရှင်းရာဌာနအဖြစ် ဆောင်ရွက်ပြီးနောက်၊ ဘုရားသခင်သည် တဲတော်၌လည်း သူ၏ထူးခြားသောတည်ရှိမှုကို ထင်ရှားစေသည်။ ထွက်မြောက်ရာ ၄၀:၃၄-၃၈ တွင် ဤအကြောင်းကို ကျွန်ုပ်တို့ဖတ်ရပါသည်။

တဲတော်ပြီးနောက်၊ ဘုရားသခင်သည် ၄ ဓမ္မရာဇဝင် ၈:၁၀-၁၁ နှင့် ၂ ရာဇဝင်ချုပ် ၇:၁-၃ တွင် ကျွန်ုပ်တို့တွေ့ရသည့်အတိုင်း၊ ဗိမာန်တော်တွင် သူ၏အထူးတည်ရှိခြင်းကို စတင်ဖော်ပြခဲ့သည်။

ဟေဗြဲ ၈:၅ တွင် ဤမြေကြီးဆိုင်ရာ သန့်ရှင်းရာဌာနများသည် အမှန်တကယ်တွင် ကိုယ်တော်၏ အထူးတည်ရှိနေမှုကို ထင်ရှားပေါ်လွင်စေသည့် ဘုရားသခင်၏ကောင်းကင်ပလ္လင်၏ မိတ္တူများအဖြစ် ရည်ရွယ်ထားကြောင်း ရှင်းပြသည်။ သို့သော် ကောင်းကင်သစ်နှင့်မြေကြီးသစ်တွင်၊ ဘုရားသခင်၏တည်ရှိနေခြင်းကို ဥယျာဉ်တစ်ခု သို့မဟုတ် အဆောက်အအုံတစ်ခုကဲ့သို့သော သေးငယ်သောနေရာတစ်ခုတည်းအတွက်သာ ကန့်သတ်မည်မဟုတ်ပါ။ ယင်းအစား၊ ဘုရားသခင်သည် သူ၏ အထူးတည်ရှိမှုကို ကမ္ဘာတစ်ဝှမ်းလုံးတွင် ထင်ရှားစေမည်ဖြစ်သည်။

ဗျာဒိတ် ၂၁:၂၂-၂၃ တွင် ယေရုရှလင်မြို့သစ်အကြောင်း ယောဟန်ဖော်ပြပုံကို နားထောင်ပါ_

> မြို့ထဲ၌ ဗိမာန်တော်ကိုငါမမြင်၊ အကြောင်းမူ ကား၊ အနန္တတန်ခိုးနှင့်
> ပြည့်စုံတော်မူသော ထာဝရအရှင် ဘုရားသခင်နှင့် သိုးသငယ်သည် ထိုမြို့၏
> ဗိမာန်ဖြစ် တော်မူ၏။ ထိုမြို့သည် နေ၏အရောင်၊ လ၏ အရောင်ကို အလိုမရှိ။
> အကြောင်းမူကား၊ ဘုရားသခင်၏ ဘုန်းတော်သည် ထိုမြို့ကို လင်းစေ၏။
> သိုးသငယ်သည်လည်း ထိုမြို့၏ ဆီမီးဖြစ်၏ (ဗျာဒိတ် ၂၁:၂၂-၂၃)။

ဗျာဒိတ်ကျမ်းသည် ယေရုရှလင်မြို့သစ်တွင် ဗိမာန်တော်မလိုတော့မည့်အချိန်ကို စောင့်မျှော်နေပါသည်။ ယင်းအစား၊ ဘုရားသခင်သည် နေရာတိုင်းတွင် သူ၏ အထူးတည်ရှိမှုကို ထင်ရှားစေလိမ့်မည်။ မိမိလူတို့တွင်နေ၍ မိမိလူတို့ကို ကောင်းကြီးပေးပြီး၊ လူမျိုးတို့သည် မိမိအလင်း၌ ကျင်လည်ကြလိမ့်မည်။ အချိန်ရောက်လာသောအခါ၊ ယနေ့နေ၏အလင်းကဲ့သို့ပင် ဘုရားသခင်၏ဘုန်းတော်သည် ကမ္ဘာကို အပြည့်အဝပြည့်စေမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဗျာဒိတ် ၂၁:၃တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ_

> ကောင်းကင်မှကြီးသော အသံကား၊ ဘုရား သခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ ဘုရားသခင် ဖြစ်တော်မူ မည် (ဗျာဒိတ် ၂၁:၃)။

ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင်၊ ဘုရားသခင်၏အထူးတည်ရှိမှုသည် ကမ္ဘာတစ်ဝှမ်းလုံး တွင် ကိုယ်တော်၏လူမျိုးအားလုံးနှင့်အတူ ရှိနေမည်ဖြစ်သည်။

ဤကမ္ဘာကြီးကို အသစ်ပြုပြင်ခြင်းသည် ယေရှုခရစ်၏အမှုတော်ကြောင့် ဤကမ္ဘာလုံးဆိုင်ရာ ဗိမာန်တော်ကို ဖန်ဆင်းမည်ဖြစ်သည်။ ဗျာဒိတ်ကျမ်း ၁ တွင်၊ ယေရှုသည် ကောင်းကင်ပလ္လင်တော်ရှိ မီးခွက်ခုနစ်ခုကြားတွင် လျှောက်လှမ်းနေပြီး၊ သူ၏အသင်းတော်များကြားတွင် ဘုရားသခင်တည်ရှိ နေခြင်းကို ကိုယ်စားပြုသည်။ သို့သော် ခရစ်တော်ပြန်ကြွလာသောအခါ၊ သူသည် ဖန်ဆင်းခြင်းတစ်ခုလုံး တွင် အထူးစိုးစံတော်မူမည်ဖြစ်သည်၊ သို့မှသာ ကမ္ဘာကြီးတစ်ခုလုံးသည် ဘုရားသခင်၏ဗိမာန်တော်ဖြစ် မည်ဖြစ်ပြီး၊ သူ၏ထူးခြားသောတည်ရှိမှုသည် နေရာတိုင်းတွင် ထင်ရှားလာမည်ဖြစ်သည်။

ယောဟန်ဖော်ပြခဲ့သော တတိယမြောက်နောက်ဆုံးကောင်းချီးမင်္ဂလာမှာ ဘုရားသခင်သည် ယေရှုခရစ်၏ အဆုံးမရှိသောမြေကြီးပေါ် ရှင်ဘုရင်အဖြစ်အုပ်စိုးမှုကို တည်ထောင်စေမည်ဖြစ်သည်။

## အဆုံးမရှိသော အုပ်စိုးမှု

ဗျာဒိတ် ၂၁ နှင့် ၂၂ က ကမ္ဘာသစ်၏ဗဟိုချက်သည် ၎င်း၏မြို့တော်ဖြစ်သည့် ယေရုရှလင်မြို့ သစ်ဖြစ်မည်ဟု ဖော်ပြသည်။ မြို့၏ဗဟိုချက်သည် ဘုရားသခင်၏ ပလ္လင်တော်ဖြစ်လိမ့်မည်။ ဘုရား သခင်၏ပလ္လင်တော်သည် သူ၏ဘုရင်အဖြစ်အုပ်ချုပ်မှုကို ကိုယ်စားပြုသည်။ သခင်ယေရှုပြန်လာသော အခါ၊ သူသည်ယေရုရှလင်မြို့သစ်တွင် နန်းထိုင်ကာ ခမည်းတော်ကိုယ်စား ကမ္ဘာတစ်ခုလုံးကိုအုပ်စိုး မည်ဖြစ်သည်။

၁ ရာဇဝင်ချုပ် ၂၉:၂၃ တွင် ဒါဝိဒ်မင်းဆက်များအားလုံးသည် ယေရုရှလင်မြို့၌ ဘုရားသခင်၏ ပလ္လင်တော်ပေါ်တွင်ထိုင်၍ ဘုန်းကြီးကြသည်ဟု ဖော်ပြသည်။ သို့သော် ဒါဝိဒ်၏နောက်ဆုံးမင်းဆက် ဖြစ်သော ယေရှုခရစ်သည် ယေရုရှလင်မြို့သစ်တွင် နန်းထိုင်မည်ဖြစ်ပြီး၊ သူ၏အုပ်စိုးမှုသာလျှင် မည်သည့်အခါမျှ ကုန်ဆုံးမည်မဟုတ်ပါ။ ရွေးနှုတ်ခြင်းခံရသော သူအပေါင်းတို့သည် သူ၏အခွင့်အာဏာ နှင့်တန်ခိုးကို အသိအမှတ်ပြုလျက်၊ ရာဇပလ္လင်တော်ကို နာခံဦးညွှတ်ကာ၊ ဂုဏ်အသရေနှင့် ဘုန်းအသရေ ကို ပေးခြင်းဖြင့် အသစ်သောဖန်ဆင်းခြင်း၌ အသက်ရှင်ကြလိမ့်မည်၊ ဗျာဒိတ် ၂၂:၅ တွင်တွေ့ရသည့် အတိုင်း၊ ကိုယ်တော်၏ထာဝရစိုးစံခြင်းကို မျှဝေခံစားကြလိမ့်မည်။

> လူအချို့တို့သည် အသက် ၇၀၊ ၈၀၊ ၉၀၊ ၁၀၀ တိုင်ရောက်ကြပြီး၊ ၎င်းတို့၏အချိန်များသည် ကုန်ဆုံးသွားကြသည်။ ဤကမ္ဘာသစ်တွင်မဟုတ်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကျွန်ုပ်တို့သည် ဤကမ္ဘာပေါ်တွင် ထာဝရရှင်သန်နေပါသည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုခရစ်သည် ကျွန်ုပ်တို့နှင့်အတူ အချိန်တိုင်းရှိနေသောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် ကောင်းကင်ဘုံ၌ရှိသည်ဟု သင်ဆိုသည်။ မဟုတ်ပါ၊ ကိုယ်တော်သည် ကောင်းကင်နှင့်မြေကြီးကို အုပ်စိုးရသောသခင်ဖြစ်သည်။ ကိုယ်တော်သည် လူသားကဲ့သို့ ဤကမ္ဘာမြေပေါ်တွင် ထာဝရတည်ရှိနေလိမ့်မည်။ ယခု သင်မည်သည့်အရာ ထပ်၍ပြောလိုသနည်း။ သခင်ယေရှုနှင့်အတူ ထာဝရအသက်ရှင်နေသလော သို့မဟုတ် ကိုယ်တော်မပါဘဲ အသက်ရှင်နေသလော။ ထို့ကြောင့်၊ ကျွန်ုပ်သည် အသစ်ပြုပြင်ထားသော ဤကမ္ဘာမြေကြီးပေါ်တွင် သခင်ယေရှုခရစ်နှင့်အတူ ထာဝရရှိနေရန် စောင့်မျှော်နေမည်ဟု ပြောချင်ပါသည်။
>
> **Dr Simon J. Kistemaker**

ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ခရစ်တော်၏စိုးစံခြင်းသည် လုံးဝပြီးပြည့်စုံမည်ဖြစ်သည်။ မိမိလူများ၏လိုအပ်မှုမှန်သမျှကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။ မည်သည့်အပြစ်တရား၊ ဖောက်ပြန်မှု၊ ဖျားနာမှု သို့မဟုတ် သေဆုံးခြင်းမျှ ရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ပျော်ရွှင်မှုကို မည်သည့်အရာမှ နှောင့်ယှက်မည်မဟုတ်ပါ။ ဘုရားသခင့်ပဋိညာဉ်၏ ကောင်းချီးမင်္ဂလာတိုင်းသည် ကျွန်ုပ်တို့၏ ထာဝရဖြစ်လိမ့်မည်။

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ကျွန်ုပ်တို့ကို အုပ်စိုးရန် ခရစ်တော်အား တောင့်တသင့်သည်။ ကျွန်ုပ်တို့သည် ယခုအချိန်တွင် ကိုယ်တော်အပေါ် သစ္စာရှိစွာအသက်ရှင်သင့်သည် —သွေးဆောင်မှုနှင့် နှိပ်စက်ညှဉ်းပန်းခြင်းခံရသည့်တိုင်—ကျွန်ုပ်တို့သည် သစ္စာရှိမှု၌သည်းခံပြီးနောက်၊ ကိုယ်တော်၏ဖန်ဆင်းခြင်းအတွက် ဘုရားသခင် မျှော်မှန်းထားသမျှသော အကြီးမားဆုံးသောကောင်းချီးမင်္ဂလာများအား မျှဝေခံစားကြမည်ကို သိရှိထားသင့်သည်။

# နိဂုံး

ဤသင်ခန်းစာတွင် ရှင်ဘုရင်နှင့် သူ၏နိုင်ငံတော်အကြောင်းအရာများကို အာရုံစိုက်ခြင်းဖြင့် ဗျာဒိတ်ကျမ်းကို ပြန်လည်သုံးသပ်ထားပါသည်။ ကျွန်ုပ်တို့သည် ရှင်ဘုရင်ဖြစ်ခြင်းဆိုင်ရာအယူအဆ၊ ဘုရားသခင်၏ကရုဏာတော်၊ ရှင်ဘုရင်အပေါ် လူသား၏သစ္စာစောင့်သိမှုအရေးပါခြင်းကို ထည့်သွင်းစဉ်းစားကာ သစ္စာစောင့်သိမှုနှင့် သစ္စာမဲ့မှုအတွက် ကျိန်ခြင်း၏အကျိုးဆက်များကို ဖော်ပြထားပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်အားလုံး၏မျှော်လင့်ချက်မှာ ကျွန်ုပ်တို့၏ရှင်ဘုရင်သည် တစ်နေ့တွင် ပြန်လည်ကြွလာမည်ဟူ၍ ဖြစ်သည်။ ဤမျှော်လင့်ချက်သည် ကျွန်ုပ်တို့ဘဝတွင်တွေ့ကြုံရသည့်စမ်းသပ်မှုတိုင်းကို ခံနိုင်ရည်ရှိရန်နှင့် ကျော်လွှားရန် လှုံ့ဆော်ပေးသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြောင့် မည်သို့သော အခက်အခဲများကို ကြုံတွေ့ရသည်ဖြစ်စေ၊ ကိုယ်တော်၏နှုတ်ကပတ်တော်မှန်သည်ကို ကျွန်ုပ်တို့သိသောကြောင့် ဘုရားသခင်နှင့် ကိုယ်တော်၏ခရစ်တော်အပေါ် သစ္စာစောင့်သိမှုကိုသက်သေပြရန် အကြောင်းပြချက်များစွာရှိသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို အုပ်စိုးရန်နှင့် ဆုချရန် ပြန်လာမည်ဖြစ်သည်။ ထိုသို့ဖြစ်မလာမီတိုင်အောင်၊ ဗျာဒိတ်ကျမ်းအဆုံးတွင် ကျွန်ုပ်တို့အား သူပေးထားသည့်ကတိတော်ကို ကျွန်ုပ်တို့ယုံကြည်ကိုးစားသည်_ ငါသည်အလျင်အမြန်လာမည်။ ကျွန်ုပ်တို့၏တုံ့ပြန်မှုသည် ယောဟန်နှင့်အတူတူပင်ဖြစ်သည်။ အာမင်၊ သခင်ယေရှုကြွလာတော်မူပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။